www.burmeseclassic.com

ဝိုး ရိုး စာ ပေ

# ဆုအရုပ်

သမုဒယနှောင်အိမ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၃၁၀၄၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၄၄၀၄၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ကိုဆန်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ ၈၆ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းဖလင် - အောင်မင်းလွင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ။
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်


BURMESE CLASSIC

လေတစ်ချက်အဝှေ့တွင် ဝါလွင်သော ရော်ရွက်ဝါတို့က မြေညိုညိုပေါ်သို့ ဖြုတ်ခနဲ ဖြုတ်ခနဲ သက်ဆင်းလေ၏။ ကြည့်လေရာ ဝန်းကျင်တစ်ခွင်မှာ နေမင်း၏ အလင်းရောင်က ထိန်လင်းတောက်ပလျက် ရိုးတံပြိုင်းပြိုင်းထနေသော ခြောက်သွေ့သစ်ပင်များက နွေ၏သရုပ်ကို ဖော်နေသလား။ တစ်ချက် တစ်ချက် မြည်တွန်လိုက်သော ဥသြငှက်ငယ်၏ တေးကျူးရင့်မှုကပင် ကြားရသူတို့အတွက် လွမ်းမောစရာ။

နွေ···

ရော်ရွက်ဝါတို့ ကြွေလွင့်ကာ ရိုးတံပြိုင်သစ်ပင်တို့ဖြင့် လောကတစ်ခွင်လုံး လွမ်းမောစရာတို့နှင့် ဖန်တီးထားလေသလား။

သည်လိုအချိန်မျိုးမှာ အလွမ်းဓာတ်ခံရှိသူတွေမပြောနှင့် မှုပင်စရာမရှိ၊ ဆယ်ကျော်သက်အရွယ်တွေပင် ရယ်ချင့်သလို၊ ငိုချင်သလိုလို။ သြော် နှလုံးသားရှိသူတိုင်း ခံစားတတ်ကြသည်ပဲဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား။

အားလုံးထက်ပို၍ ခံစားမိသူတစ်ဦးကတော့ သူမလေ။ ယခုလည်း ခြောက်သွေ့သောဝန်းကျင်မှာ သူမတစ်ယောက် ရောက်ရှိ နေပြန်ပြီ။

ညီညာပြန့်ပြူးသော မြေပြင်သည် မကြာခင်မှာပင် ရော်ရွက်ဝါတို့ ပြည့်လျှံလျက် ရွှေပါးရောင် ကဇွလာကော်ဇောကြီး တစ်ချပ်နှယ်။

အပူငွေ့ပါသော ခပ်ကြမ်းကြမ်း လေတစ်ချက်အဝှေ့မှာ သူမ၏ နက်မှောင်ရှည်လျားသော ဆံနွယ်တို့က လွင့်မျောလျက်။

သောက်ရှုးကြယ်ညီနောင်ကဲ့သို့ တောက်ပသော သူမ၏ မျက်ဝန်းအစုံသည် ယခုအခါ မှေးမှိန်ဖျော့လျက် တစ်စုံတစ်ယောက် အလာကို စောင့်မျှော်လင့်နေသည်။

မောင်...

သူမ၏ နက်ရှိုင်းသော နှလုံးသားမှ ပေါ်ထွက်လာသည့် နာမ်စားတစ်ခု။ တကယ်တော့ မောင်ဟာ သူမဘဝ၊ သူမနှလုံး သား၊ သူမရဲ့အသက်ဖြစ်လေ၏။

မောင်ရယ်...

မောင့်ကို ကျွန်မစောင့်နေတယ်လေ။ လှပသော နှုတ်ခမ်း





များမှ တစ်ယောက်တည်း တိုးငြီးစွာ ထွက်ပေါ်လာသောအသံ။ မောင်တစ်ယောက် သူမအသံကိုမှ ကြားပါလေစကွယ်။

အထီးကျန်ခြောက်သွေ့မှုက သူမရင်ထဲ ပြင်းထန်စွာ ဝင် လာတော့ မျက်ရည်စတို့က အလိုလိုရစ်ဝဲလာရသည်။

မောင်ရယ်...နွေလယ်ခေါင်မှာ ကျွန်မတစ်ယောက်တည်း မောင်ဘယ်မှာလဲ။

ထိုစဉ် ဥသြငှက်၏ ကျူးရင့်သံကြောင့် သူမရင်ထဲ ပိုခြောက်သွေ့ခံစားချက် လှပသော မျက်ဝန်းအိမ်ထဲမှ မျက်ရည်စတို့ က နုညက်ချောမွတ်သည့် ပါးပြင်မို့မို့ပေါ်သို့ ကျရောက်တော့မည် မြဲစဉ်...

"ရှပ်...ရှပ်"

သစ်ရွက်ကြွေများပေါ်သို့ ခပ်ဖွဖွနင်းလာသော ခြေသံ ကြောင့် ရုတ်တရက် သူမ လှည့်ကြည့်မိတော့...

"အို"

အရမ်းမျှော်လင့်နေသည့် မောင်က သူမအဖြစ်ကို မသိချင် ယောင်ဆောင်လို့လေ။ ရောက်မလာပါလားကွယ်။

တကယ်တော့ သူမအဖြစ်က သစ်ရွက်ကြွေသံကိုပင် ချစ်သူခြေသံလို့ ထင်မှတ်ခဲ့သည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်လိုက်တဲ့မောင်ရယ်။ အထီးကျန်ခြောက်သွေ့နေတဲ့ ကျွန်မကို နည်းနည်းမှ မစာနာလေရောသလား။

ရွှေဝါရောင်ကဗ္ဗလာကော်ဇောပေါ်သို့ သူမခြေတို့ ညွတ်ကျသွားချိန်…

"အသက်"

"ဟင်"

နောက်ပါးမှ တိုးဖွစွာ ခေါ်လာသောအသံကြောင့် သမူမယုံရဲသလိုလို။ ထို့ကြောင့်လည်း မျှော်လင့်ချက်အပြည့်နှင့် သူမ ချက်ချင်း လှည့်မကြည့်နိုင်။

သူ့အသံက ထပ်မံပေါ်လာ၏။

"အသက်ရယ်…မင်း မောင့်ကြောင့် မျက်ရည်မကျပါနဲ့၊ အသက်ရဲ့ မျက်ရည်တွေဟာ မောင့်ရင်ထဲက နှလုံးသွေးစက်တွေပါကွယ်"

အို…တကယ်ပဲ မောင်တစ်ယောက် သူမဆီရောက်လာခဲ့ပါလား။ ဒီလိုနူးညံ့သိမ်မွေ့ပြီး ကြင်နာနွေးထွေးစွာ ပြောတတ်တာ သူမရဲ့ မောင်လေ။

ထို့ကြောင့် ကျလုဆဲ သူမ၏မျက်ဝန်းအိမ်မှ မျက်ရည်တို့ ရုတ်တရက် ရပ်တန့်သွားလျက် ဖျတ်ခနဲ လှည့်ကြည့်မိ၏။





"မောင်"

"အသက်"

အသားပျော့ပျော့ အဖြူရောင်ရှပ်အင်္ကျီလက်ရှည်ကို လက်ဖျားမှာ ကြယ်သီးစေ့တပ်ဝတ်လျက် ကြည်ပြာရောင် ပုဆိုးကွက်က လေထဲမှာ လွင့်မျောလျက် အညိုဖျော့ဖျော့ မောင့်ဆံပင်တို့က အနည်းငယ်ရှည်လို့လေ။

မောင့်အပြုံးတစ်ချက်က သူမအတွက် နေမင်းဆယ်စင်းထက်ပို၍ လင်းလက်သွားသလိုပါပဲ။ စောစောက ပူပြင်းခြောက်သွေ့နေသော ပတ်ဝန်းကျင်သည်ပင် သူမအတွက် ချက်ချင်းစိမ်းစိုသွားသလို။ ဩော်…အချစ်၏စွမ်းပကားက မြင့်မားလှချည်လား။

"မောင်…မောင် ကျွန်မဆီ တကယ်ပဲလာတယ်နော်"

မောင့်မျက်နှာက သူမအတွက် အေးမြကြည်လင်နေသည်။ မယုံရဲရဲ သူမ၏အမေးကို မောင်က အပြုံးဖြင့် ခေါင်းညိတ်၏။

"ဒါပေါ့ အသက်ရယ် မောင့်ဘဝဟာ အသက်ပဲ၊ ဒါကြောင့် အသက်ဘယ်နေရာမှာပဲရှိရှိ မောင်ဟာ ရောက်ရာအရပ်က လာမှာပါကွယ်"

"အို…မောင်ရယ်"

ခြောက်သွေ့သော သူမ၏နှလုံးသားတို့က မောင့်စကားတို့

www.burmeseclassic.com



ကြောင့် ကြည်နူးပီတိတို့ဖြင့် ပြည့်လျှံလာရသည်။ လက်နှစ်ဖက် ကမ်းပေးလာသော မောင့်ရင်ခွင်ကျယ်ကြီးထဲသို့ ယုံကြည်အားကိုးစွာဖြင့် သူမအပြေးလေး ဝင်ရောက်မိ၏။

“အသက်ရယ်…မင်းကို မောင်သိပ်ချစ်တယ်၊ မင်းကိုချစ်တာမှလေ ဒီဘဝအတွက်တင်မဟုတ်ဘူး သံသရာတစ်လျှောက်လုံး ချစ်မယ့်မောင်ပါဗျာ”

နွဲ့ပျောင်းသော သူမကိုယ်လေးကို ညင်သာဖွဖွ ထွေးပွေ့လျက် မောင်က လေးနက်စွာဆို၏။

“တကယ်ပဲလား မောင်၊ မောင့်ရဲ့အချစ်တွေဟာ ကျွန်မအတွက် အမြဲတမ်းပဲလားဟင်”

မောင့်ရင်ခွင်ထက်မှ မျက်နှာလေးမော့လျက် ကြည်နူးစွာဖြင့် သူမမေးမိသည်။ မောင်က သူမမျက်ဝန်းများကို လေးနက်စွာ စိုက်ကြည့်၏။

“အသက်က မောင့်အချစ်ကို မယုံဘူးလား၊ ဒါဆို မောင်သစ္စာဆိုပြရမလားဟင်၊ မောင့်ရဲ့အချစ်ဟာ ဟောဒီသံသရာတစ်လျှောက်လုံး အသက်အတွက်ပါပဲ”

“အို…မောင်”

သူမ ဟန့်တားလိုက်ချိန်မှာ နောက်ကျလေပြီ။ မောင်က





အသင့်ဆောင်လာသော မောင်းချဓားဖြင့် လက်မောင်းကို စိုက်လျက် သွေးသစ္စာဆိုခဲ့ပြီမဟုတ်လား။

သို့သော် မောင်က အပြုံးတစ်ချက်မပျက် သူမကို ထာဝရ မြတ်နိုးစွာကြည့်ပြီး…

“မောင့်ရဲ့လုပ်ရပ်က အသက် ထိတ်လန့်စေဖို့ မဟုတ်ပါဘူးကွယ်၊ မောင့်ရဲ့ ခိုင်မြဲတဲ့အချစ်ကို အသက် ယုံစေချင်လွန်းလို့ပါ”

“ယုံပါတယ်မောင်ရယ်၊ ကျွန်မလေ မောင့်ရဲ့အချစ်ကို ဒီဘဝအတွက်တင်မဟုတ်ဘူး သံသရာအဆက်ဆက်အတွက်ပါ ယုံပါတယ်”

သူမက ကြေကွဲစွာ တစ်ချက်ရှိုက်ငိုလိုက်ရင်း မောင့်ကို တင်းတင်းဖက်မိလေ၏။

“ဒါဆို…နောင်ဘဝတွေမှာတော့ အသက်က မောင့်ကို ချစ်နေမှာပဲလားဟင်”

“အို…သေချာတာပေါ့ကွယ်၊ ကျွန်မကလည်း သံသရာအဆက်ဆက် မောင်တစ်ယောက်ကိုပဲ ချစ်နေမယ့်သူပါရှင်”

ထာဝရအတွက် ယုံကြည်ခိုင်မြဲစွာဖြင့် သူမပြောတော့ မောင် အားရစွာပြုံး၏။ မောင်နှင့် သူမ မျက်ဝန်းချင်း လေးနက်စွာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်။

"အသက်"

"မောင်"

တစ်ယောက်ကိုတစ်ယောက် တင်းကြပ်စွာ ပွေ့ဖက်မိကြ၏။

"ဘယ်လို အနှောင့်အယှက်မျိုးပဲ ရှိနေပါစေ မောင်တို့နှစ်ယောက် အချစ်ခိုင်မြဲရမယ်နော် အသက်"

"စိတ်ချပါ မောင်ရယ်၊ ကျွန်မဘဝမှာ မောင်တစ်ယောက်ကိုသာ အမြဲတမ်းချစ်နေမှာပါ"

"အသက်ရယ်"

နွေးထွေးသော မောင့်အနမ်းတို့က မျက်နှာထက်ကျရောက်လာချိန်။

"ဟင်"

"အို"

ရုတ်တရက် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ကျကာ လေမုန်တိုင်းကျရောက်လာလေ၏။

"မောင်"

"အသက်"





ပြင်းထန်သော မုန်တိုင်းဒဏ်ကြောင့် သူမတို့နှစ်ယောက်ခွဲကွာသွားရလေပြီ။

"မောင်...မောင်ရေ"

"အသက်"

အမှောင်ထုကြားမှာ သူမနှင့်မောင် တစ်ယောက်ကိုတစ်ယောက် မမြင်ရတော့။

"မောင်...မောင်ရေ မောင်ဘယ်မှာလဲဟင်"

"မောင်...မောင်"

သူမနှုတ်ဖျားမှ ပျောက်သွားသော မောင့်ကို ကြေကွဲစွာ အော်ဟစ်ခေါ်ငင်မိတော့၏။

မောင်ရယ်...။



www.burmeseclassic.com

www.burmeseclassic.com

"သိမ့်…သိမ့်"

"ဟင်"

တစ်စုံတစ်ယောက်၏ ပခုံးပေါ်သို့ ခပ်ကြမ်းကြမ်း လှုပ်ခေါ်မှုကြောင့် သူမမျက်ဝန်းအစုံတို့ ပွင့်လာရသည်။

ကြည့်လိုက်တော့ သူမကို ကရုဏာသက်စွာ ကြည့်နေသည့် သူငယ်ချင်း မူမူ။

"သိမ့်ရယ်…ဘယ်လိုဖြစ်ရပြန်ပြီလဲရှင်၊ ဟိုအိပ်မက်ကို မက်ပြန်ပြီလားဟင်"

သည်တော့မှ သူမတစ်ကိုယ်လုံး မောလျှန့်မှိန်းနယ်သလို ခံစားတာ သတိပြုမိ၏။ ဖျတ်ခနဲ သူမပါးပြင်ကို စမ်းကြည့်လိုက်တော့…

"အို"

တကယ်ပဲ အိပ်မက်ထဲမှ သူမငိုထားသယောင် မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



စတို့ စိုစွတ်လျက်ပါလား။ သူမက အပြစ်ရှိသူတစ်ယောက်လို မျက်လွှာချမိရင်း...

"ဟုတ်တယ် မူမူ၊ ကျွန်...ကျွန်မ ဟိုအိပ်မက်ကို မက်ပြန် ပြီ"

"အိုကွယ်"

အခင်ဆုံးသူငယ်ချင်းဖြစ်သော မူမူက သူမအတွက် စိတ်မကောင်းဖြစ်သွားပုံ။ လှပသော သူမမျက်နှာလေးကို ကြည့်ကာ မူမူ သက်ပြင်းချ၏။

"သိမ့်က တို့အကြံပေးတာကိုမှ လက်မခံဘဲကွယ်၊ ဘာပဲ ဖြစ်ဖြစ် တို့ပြောသလို စိတ်ရောဂါကုဆရာဝန်နဲ့"

"အို...ဒီစကားတွေ ထပ်မပြောပါနဲ့ မူမူရယ်၊ မူမူက ကျွန်မကို ရူးနေတယ်လို့ ထင်နေသလားဟင်"

ထိုအမေးကြောင့် မူမူ ဖြေရခက်သွား၏။ သိမ့်ဆိုတဲ့ သူမကို ကြည့်လိုက်တော့လည်း ထိုအိပ်မက်ဆိုးမှလွဲ၍ အားလုံး အကောင်း။

"ဒါပေမယ့်...မင်းက လောကမှာမရှိတဲ့ လူကိုစွဲလမ်း နေမှတော့"

"အို...ကျွန်မက စွဲလမ်းတာမဟုတ်ပါဘူး မူမူရယ်၊





အိပ်မက်ထဲ သူက ...သူက အလိုလိုရောက်လာတာ ကျွန်မ ဘာတတ်နိုင်မှာလဲဟင်"

သာမန်မိန်းကလေးတွေ အားလုံးထက် ချောမောလှပသော သိမ့်လို အမျိုးသမီးလေးတစ်ယောက်မှာ ပုံမှန်မဟုတ်တဲ့ စွဲလမ်းမှု မျိုးရှိနေတာ မူမူ ဘယ်လိုစိတ်ကောင်းနိုင်မည်နည်း။

"နေပါဦး သိမ့်ရယ်၊ သိမ့်ရဲ့ အိပ်မက်ထဲကလူကို အပြင်မှာ သိမ့်တစ်ခါမှ မမြင်ဖူးဘူးဆိုတာ တကယ်ပဲလားဟင်"

"သေချာပါတယ် မူမူ၊ ကျွန်မ သူ့ကို တစ်ခါမှ မမြင်ဖူး ပါဘူး၊ ဘာကြောင့်များ သူ ကျွန်မရဲ့ အိပ်မက်ထဲ ရောက်နေမှန်း မသိဘူး"

ပြောရင်း သူမအသံလေး မသိမသာတုန်ယင်လာ၏။ မောင်ဆိုတဲ့ လူတစ်ယောက် အပြင်မှာ တကယ်ပဲ ရှိနေတယ်ဟု မထင်။ စိတ်က စွဲလမ်းရအောင် သူနှင့် ဒီအချိန်ထိ တစ်ခါတစ်ရံ မျှတောင် တွေ့ဖူးခဲ့တာမှမဟုတ်ဘဲ။

"ဒါဆိုလည်း အာရုံက ဖျောက်လိုက်ပါတော့ကွယ်၊ ရှင်မှာလည်း ဦးကိုကိုရှိနေပြီမဟုတ်လား သိမ့်"

"ကိုကို"

မူမူပြောမှ ပထမဆုံးအကြိမ် ကိုကို့ကို သတိရမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ…ရှင်နဲ့ ဦးကိုကိုတို့ မကြာခင် လက်ထပ်တော့မှာကို သတိရဦး သိမ့်"

"အို"

ကိုကိုနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ပြီးချိန်မှာပဲ ဒီအိပ်မက်ကို သူမ မကြာခဏ ပြန်မက်ခြင်းဖြစ်သည်။

မောင်ဆိုတဲ့လူက ကိုကိုနဲ့ လက်ထပ်မှာကို မကြိုက်တဲ့ သဘောလားကွယ်။

"ဘာတွေတွေးနေတာလဲ သိမ့်"

"အို…ဟို ကိုကို့ကို ဒီအကြောင်းတွေ ပြောမလားလို့ မူမူ"

"မဟုတ်တာသိမ့်ရယ်၊ လောကမှာမရှိတဲ့ လူတစ်ယောက် အကြောင်း ဦးကိုကို သွားပြောရင် အလကား စိတ်အနှောင့်အယှက် ဖြစ်ရုံပေါ့၊ ဘာအကျိုးမှမရှိတာလည်းမဟုတ်ပဲ အကျိုးရှိတာကိုပဲ လုပ်ပါ သိမ့်၊ အခု သိမ့်တွေးရမှာက ဦးကိုကိုနဲ့ လက်ထပ်ဖို့"

မူမူက စေတနာနှင့်ပြောသည့်တိုင် ကိုကို့အကြောင်း တွေးမိ လျှင် သူမခေါင်းထဲ မူးနောက်သွားသလိုလို။

"ကျွန်မ…ကိုကိုနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်တာ မှားသွား ပြီထင်တယ် မူမူ"





ကယောင်ကတန်းဟန်နှင့် သူမပြောတော့ မူမူ ခေါင်းခါ ခမ်းသည်။

"ဘယ်လိုပြောလိုက်တာလဲ သိမ့်၊ ဦးကိုကိုလို လူတစ် ယောက်နဲ့ လပ်ထပ်ဖို့ ဆုံးဖြတ်တာ အမှန်ကန်ဆုံးပဲကွယ်၊ ဦးကိုကိုနဲ့ လက်ထပ်မယ့်သိမ့်ကို အားကျနေတဲ့ မိန်းကလေးတွေ အများကြီးပါ၊ တကယ်တော့ သိမ့်ဟာသိပ်ကိုကံကောင်းတဲ့မိန်းကလေးပါကွယ်"

"ကံကောင်းတယ်ဟုတ်လား မူမူ"

သည်လိုသူမမေးတော့ မူမူက နားမလည်သလိုကြည့်ပြီး ခေါင်းညိတ်သည်။

"ဟုတ်တယ်လေ…ဦးကိုကိုလို ချောမောခန့်ညားပြီး ဘွဲ့ထိပိုင်ရှင်တစ်ယောက်နဲ့ လက်ထပ်ရမယ့် သိမ့်မှ ကံမကောင်း ဆိုရင် ဘယ်သူကံကောင်းမှာလဲဟင်"

မူမူပြောမှ ကိုကို၏ အရည်အချင်းတွေ မြင်ယောင်လာမိ သည်။ တကယ်တော့ ကိုကိုဆိုတာကလည်း သူမကိုယ်တိုင် ရွေးချယ်ခဲ့တဲ့ လူတစ်ယောက်ပါ။

အသက်သုံးဆယ်ဝန်းကျင် ကိုကိုသည် ပညာ၊ ပစ္စည်း၊ ဥစ္စာ၊ ရုပ်ရည်မှအစ အားလုံးပြီးပြည့်စုံသူ ဖြစ်၏။

အထူးသဖြင့် ကိုကိုက သူမအပေါ် ချစ်ခင်မြတ်နိုးသူဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကိုယ့်ဘဝမှာ သိမ့်နဲ့မတွေ့ခင်အချိန်ထိ ဘယ်မိန်းမကိုမှ စိတ်မဝင်စားခဲ့ဘူး၊ မှန်တာပြောရရင် ကိုယ်က မိန်းမတွေကို သိပ်အထင်မကြီးတတ်ဘူး၊ သိမ့်နဲ့ကြမှ"

"ဘာဖြစ်လဲ ကိုကို"

ရှေ့စကားကိုပင် ဆက်ရန်ခက်နေသော ကိုကို့ကို သူမ တောက်မေးလိုက်၏။

ကိုကိုက သူမကိုကြည့်ကာ ရှက်ပြုံးဖြင့်...

"အဟွန်း...သိမ့်နဲ့ကြမှ ကိုကို ချစ်တတ်လာတာပေါ့ကွ"

အမှန်တော့ ကိုကိုသည် အလုပ်မှလွဲ၍ အချစ်ကို စိတ်ဝင်စားခဲ့သူမဟုတ်။ ဒါကို သူမသိ၏။

သို့သော်...သူမအပေါ်မှာတော့ ကိုကိုက တကယ်ပဲ ချစ်မြတ်နိုးလေသည်။

"ကိုကို...သိမ့်ပျင်းလို့ ရုပ်ရှင်လိုက်ပြ"

"ဟာ...ကိုကိုမအားဘူး"

ထိုအခါ သူမမျက်နှာပျက်သွားလျက် ကိုကို့ကို စိုက်ကြည့်ပစ်သည်။

"ကဲ...ကဲ စိတ်တော့မကောက်ပါနဲ့ဗျာ၊ သိမ့်အတွက်





အချိန်ရအောင် အားရမှာပေါ့၊ ရုပ်ရှင်လိုက်ပြမယ် ဟုတ်လား"

"အဟင်း...ဒါမှ တို့ကိုကို"

ကိုကို့လက်မောင်းကိုဖက်ကာ သူမ ကျေနပ်စွာ ပြုံးရယ်လျှင် ကိုကိုက နဖူးဖွဖွထုကာ...

"မိဆိုးလေး"

ဟုချစ်စနိုးပြောလျက် သူမအလိုလိုက်ရရှာ၏။

"ကိုကို"

"ဗျာ"

"သိမ့်ကို ဘာကြောင့်ချစ်တာလဲဟင်"

တစ်ခါတစ်ရံ ကလေးတစ်ယောက်လို သူမမေးမိ၏။ သည်တော့ ကိုကိုက ဖြူသောမျက်နှာခပ်ရဲရဲဖြင့်...

"ဟာ...ဒီကလေးမ ဘာတွေလျှောက်မေးနေတာလဲ"

"ပြော...ဒါဆို...ကိုကိုက သိမ့်ကို မချစ်ဘူးပေါ့"

"ကြည့်စမ်း...သိလျက်နဲ့ သိမ့်ဆိုးတာပဲ၊ သိမ့်ကိုမချစ်ဘဲ ကိုကို အလုပ်တွေအပျက်ခံပြီး ဒီလောက်အလိုလိုက်မလား"

ကုမ္ပဏီပိုင်ရှင် ကိုကိုသည် သာမန်လူတွေနှင့် မတူအောင် အလုပ်အလွန်များ၏။

အလုပ်ကိစ္စနှင့် ပတ်သက်လျှင် နေမကောင်းတာကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



အနားမယူတတ်သော ကိုကို။

သူမပူဆာလျှင် အရေးကြီးသော အလုပ်တွေပြစ်ကာ အလိုလိုက်တာ အချစ်ကြောင့်တဲ့။

"ဒါပေမယ့် ကိုကိုက သိမ့်မေးတာကိုမှ မဖြေဘဲ"

နှုတ်ခမ်းလေး စူမဲ့ယောင်နှင့် သူမပြောလျှင် ကိုကိုပြုံးသည်။ ထို့နောက် လှပသော သူမမျက်နှာလေးကို စိုက်ကြည့်လျက် တိုးတိုးပြော၏။

"ဘာကြောင့်မှန်းမသိဘူး သိမ့်ကို မြင်မြင်ချင်း ချစ်မိတယ်"

"ဒါဆို ကိုကို့အချစ်မှာ အကြောင်းပြချက်မရှိဘူးပေါ့"

"ဟင့်အင်း…သိမ့်ဟာ ကိုကိုနဲ့ ဘဝဘဝက ရေစက်ရှိနေသလိုပဲ"

ဖြူနုသော သူမလက်လေးတွေကို ဖွဖွဆုပ်ကိုင်လျက် ကိုကို ပြောတတ်သည်။

"အဟင်း…ဟုတ်မှာပဲနော်၊ ကိုကိုနဲ့ သိမ့်က ဘဝရေစက်ရှိလို့ ဒီဘဝဆုံကြရတာ"

"သိမ့်ကကော ကိုကို့ကို ဘာကြောင့်ချစ်တာလဲ"

ထိုအမေးကို သူမမျက်ဝန်းထဲ လေးနက်စွာ စိုက်ကြည့်





လျက် ကိုကိုမေးသည်။

"ဒါလား…ဒါက ကိုကိုချောလို့"

"ကြည့်စမ်း…ဒါဆို ကိုကို ရုပ်ဆိုးရင်ကော သိမ့်က မချစ်တော့ဘူးလား"

"သိဘူးလေ၊ ခုတော့ ကိုကိုမှ ရုပ်မဆိုးဘဲ"

"သိမ့်ကွာ"

သူမ၏အဖြေကို အားမရဟန်ဖြင့် ကိုကို နှုတ်ခမ်းကိုက်ပြသည်။ ကိုကိုဟာ ချောမောခန့်ညားသူတစ်ယောက်။ ပြည့်စုံသူတစ်ယောက်အဖြစ် သူမချစ်ခဲ့တာကို ဂုဏ်ယူခဲ့သည်။ ကိုကိုနှင့် ပတ်သက်ပြီး အမြဲတမ်း ကျေနပ်ခဲ့သမျှ အိပ်မက်ထဲက မောင့်ဆိုသော လူတစ်ယောက်ကြောင့် သူမ ပထမဆုံးအကြိမ် နှောင်တရမိတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

"မျက်နှာလည်းမကောင်းပါလား သိမ့်"

ကိုကိုက သူမမျက်နှာကို သေချာကြည့်ပြီး ပြောလာသည်။ အိပ်မက် တစ်ခါမက်ပြီးလေတိုင်း သူမနှလုံးသားက ဘာကို မှန်းမသိ နာကျင်လျှက် ဒီလိုအမြဲခံစားရတတ်၏။

ကိုကိုမေးလာတော့ သူမသက်ပြင်းလေး ကြိတ်ချသည်။ တကယ်ဆို ကိုကိုနှင့် တွေ့သည့်အချိန်မှာ သူမမျက်နှာလေးက ပြုံးနေရမှာ။

ကိုကိုဆိုတာ သူမလက်ထပ်မယ့် ခင်ပွန်းလောင်းပဲ မဟုတ်လား။

"ညက...အိပ်ရာဝင်နောက်ကျသွားလို့ပါ ကိုကို"

"ဒါကြောင့် သိမ့်ကို အိပ်ရေးပျက်မခံဖို့ ကိုကိုပြောတာ ပေါ့ သိမ့်ကြည့်ရတာ နွမ်းလွန်းလို့ ကိုယ့်စိတ်ထဲ အားမရဘူးကွယ်"

ဖြူနုလှပသော သူမလက်ချောင်းလေးများကိုဆုပ်ကိုင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုပြောသည်။ သူမအပေါ် ကိုကိုက အမြဲတမ်း ဒီလိုဂရုစိုက်တတ်၏။

"ကိုကိုက စိုးရိမ်နေတာပါ၊ သိမ့်ဘာမှ မဖြစ်ပါဘူး ကိုကို"

အိပ်မက်နှင့်ပတ်သက်ပြီး သူမခံစားချက်ကို ဖျောက်ဖျက်၍ ဟန်ဆောင်ပြောလိုက်ရ၏။ တစ်ခါ တစ်ခါတော့ စဉ်းစားသည်။

သူမ အိပ်မက်နှင့်ပတ်သက်ပြီး ပြောပြလျှင် ကိုကို ဘယ်လိုတုံ့ပြန်မလဲ။

"ဘာပဲဖြစ်ဖြစ် လက်ထပ်ခါနီး သိမ့်ကျန်းမာဖို့တော့လိုတယ်၊ ဒီတော့ သိမ့်ကို ကျန်းမာရေး ကြိုတင်စစ်ထားရင် ကောင်းမယ်လို့ ကိုကိုထင်တယ်ကွာ"

"အို...ကိုကိုကလည်း သိမ့်နေကောင်းပါတယ်ဆို၊ ဘာလဲ ဟင် ဆေးစစ်ချင်တာ၊ ကိုကိုက သိမ့်ကို မယုံလို့လား"

မျက်စောင်းလေးဝင့်ကာ ကိုကိုမေးတော့ ကိုကိုခေါင်းခါယမ်းလေသည်။ သူမကိုလည်း မကျေနပ်သလိုကြည့်၏။

"ဘယ်လိုပြောလိုက်တာလဲ သိမ့်၊ ဒီလိုမေးတာ ကိုကို့အချစ်ကို စော်ကားတာပဲ၊ ကိုကိုဟာ သိမ့်ကို ဘယ်လောက်ချစ်သလဲဆိုရင် သိမ့်ဘာပဲဖြစ်ပါစေ ကိုကို လက်ထပ်မှာပဲ"

"ကိုကိုရယ်"





ခိုင်မာပြတ်သားစွာ ကိုကို၏ အပြောကြောင့် သူမစိတ်ထဲ ကျေနပ်သွားရသည်။ သူမအပေါ် ကိုကိုတကယ်ချစ်တာပဲ။

ထို့ကြောင့် ကိုကို့ပခုံးပေါ် သူမခေါင်းလေး မှေးတင်လိုက်၏။

"သိမ့် တောင်းပန်ပါတယ် ကိုကို"

"မလိုပါဘူးဗျာ...ကိုကိုက သိမ့်အပေါ် အစကတည်းက ခွင့်လွှတ်ပြီးသား"

သူမနဖူးလေးကို ဖွဖွနမ်း၍ ကိုကိုပြောသည်။ ကိုကို၏ ကြင်နာမှုတွေက သူမနှလုံးသားကို နွေးထွေးစေရပါ၏။ အခိုက်အတန့်မှာတော့ အိပ်မက်ထဲက မောင့်ကို မေ့သွား၏။

"သိမ့်ကို သိပ်ချစ်တာပဲလား ကိုကို"

"မေးစရာလားဗျာ၊ ဒီလူ ဘယ်လောက်ချစ်တယ်ဆိုတာ မသိတဲ့ ကောင်မလေး"

"အို"

ရုတ်တရက် သူမမျက်ဝန်းလေးတွေ မှေးမှိတ်သွားရ၏။ ကိုကိုအပြစ်ပေးပုံက သူမအတွက် မမေ့စရာ။ သည်လိုအချိန်တွေမှာ ကိုကိုတစ်ယောက်သာ သူမဘဝတွင် ရှိနေ၏။

"ကိုကို"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"သိမ့်ကို အိမ်ပြန်ပို့တော့နော်"

ကိုကိုရင်ခွင်ကို ငြင်သာစွာ တွန်းဖယ်လျက် သူမ တောင်းဆိုလိုက်၏။ ကိုကို သက်ပြင်းချသည်။

"မှန်တာပြောရရင် ကိုကိုလေ သိမ့်နဲ့ တစ်စက္ကန့်တောင် မခွဲချင်တော့ဘူး"

"အို…ကိုကိုကလည်း"

တောက်ပသော ကိုကို့မျက်လုံးများကို သူမ ဖျတ်ခနဲ ရှောင်လွှဲလိုက်၏။ ကိုကို့မျက်ဝန်းတွေက တစ်စုံတစ်ရာကို တောင်းဆိုနေသလိုလို။

"ဘာလဲ…သိမ့်ကကော ကိုကို့ကို ခွဲနိုင်လားဟင်"

ကိုကိုက သူမမျက်နှာလေးကို ဆွဲလှည့်ယူလျက် မျက်ဝန်းခြင်းဆုံ၏။

"ကိုကိုကလဲ"

"သိပါတယ်ကွာ…သိမ့်က ကိုကိုလောက် မချစ်ဘူးဆိုတာ"

"ဘယ်လိုဖြစ်နေတာလဲ ကိုကို၊ ကိုကိုနဲ့ သိမ့် လက်ထပ်ဖို့ ဆုံးဖြတ်ပြီးပြီ မဟုတ်လား"

မျက်စောင်းလေးထိုး၍ သူမပြောတော့ ကိုကိုပြုံး၏။

"လက်ထပ်ဖို့ ဆုံးဖြတ်တာ ဟုတ်ပေမယ့် ရက်က





မသတ် မှတ်ရသေးဘူးလေ"

"ဒါကတော့"

သူမ စကားဆက်မပြောနိုင်ဘဲ အိပ်မက်ထဲက မောင့်ကို သတိရသွား၏။ ကိုကိုနှင့် လက်ထပ်ဖို့ ဆုံးဖြတ်ပြီးမှ ဒီအိပ်မက်မျိုးတွေ မမက်သင့်ပါဘူး။

"ဘာပဲဖြစ်ဖြစ်ကွာ၊ ကိုကိုတော့ လက်ထပ်ဖို့ရက်ကို အမြန်ဆုံး သတ်မှတ်ချင်တယ်"

"ဒီကိစ္စတွေဟာ လူကြီးတွေနဲ့လည်း တိုင်ပင်ရဦးမှာ မဟုတ်လား ကိုကို"

ကိုကိုနှင့် သူမကိုချစ်ကြလို့ လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့ပေမယ့် လူကြီးမိဘတွေကို အသိမပေးရသေးပါ။

"ကိုကိုဘက်ကတော့ ကိုကို့သဘောပါ၊ သိမ့်ဘက်ကသာ"

"ဟုတ်တယ် ကိုကို သိမ့် အိမ်ပြန်ပြီးပြောရဦးမယ်"

သည်အိပ်မက်တွေကြောင့် တစ်ခါတစ်ရံမှာ ကိုကိုနှင့် အမြန်ဆုံးလက်ထပ်ဖို့ပဲ ဆုံးဖြတ်၏။

"ဒါဆို သိမ့် ဘယ်တော့ပြန်မှာလဲ"

မျှော်လင့်ခြင်းမျက်ဝန်းတွေနှင့် ကိုကိုမေးသည်။ ကိုကိုနှင့် လက်ထပ်ဖို့ အမြန်ဆုံး ဆုံးဖြတ်ပြီးတာမို့ သူမ ရက်မဆိုင်းချင်တော့



www.burmeseclassic.com

www.burmeseclassic.com



ပေါ။

''ဒီတစ်ပတ်ထဲလောက်ပြန်မယ် ကိုကို''

''တကယ်လား သိမ့်''

ကိုကို့မျက်နှာကြီး ပြုံးသွားလျက် သူမကိုကြည့်၏။ သူမ အပြုံးလေးနှင့် ခေါင်းညိတ်ပြလိုက်သည်။

''တကယ်ပေါ့ ကိုကို''

''အဟွန်း...ဒီစကားကြားရတာ ကိုကို သိပ်ဝမ်းသာတယ်ဗျာ၊ သိမ့်ပြန်ရင် ကိုကို လိုက်ခဲ့မယ်လေ''

အပြုံးမျက်နှာဖြင့် ကိုကိုပြောလာတော့ သူမ အံ့သြသလို ကြည့်၏။

''ဟင်...ကိုကိုကအားလို့လား''

''အဟွန်း...ဒီကိစ္စက ကိုကို့နဲ့ သိမ့်အတွက် သိပ်အရေးကြီးတယ်လေ၊ ဒီတော့ အားအောင်လုပ်ရမှာပေါ့ဗျာ''

သည်တော့လည်း သူမ ဘာမှမပြောနိုင်ဘဲ ခေါင်းညိတ်ရ၏။

''ဒါဆို...ကိုကို့သဘောလေ''

''ဒီလို စကားမျိုး သိမ့်အမြဲပြောမှာလားဟင်''

သူမကို စူးစိုက်ကြည့်လျက် ကိုကိုမေးတော့ ရင်ထဲဖျတ်ခနဲ ခုန်သွားရ၏။





''ကိုကိုနော်''

''အဟွန်း...ကိုကိုက စတာပါဗျာ၊ ကြည့်ပါဦး သိမ့်လေး ငန့်သွားလိုက်တာ''

လုံးဝန်းကျစ်လစ်သော သူမပခုံးလေးနှစ်ဖက်ကို ဖွဖွဆုပ်ကိုင်၍ပြောသည်။

''သိမ့်ကို ပြန်ပို့တော့ကိုကို''

''နေပါဦးကွာ...ကိုယ့်ချစ်သူမျက်နှာလှလှကို အားရအောင် ကြည့်ပါရစေဦး''

ချစ်ရည်ရွှန်းသော မျက်လုံးများဖြင့် ကိုကိုက စိုက်ကြည့်တာသည်။ သူမ မျက်လွှာလေး ချသွားရ၏။

''ဘာလို့ ဒီလောက်ကြည့်နေတာလဲ ကိုကို''

''အဟွန်း...သိမ့်ကသိပ်လှလို့''

''တော်ပါ ကိုကိုကကော သိမ့်မလှရင် မချစ်တော့ဘူးလားဟင်''

သူမမေးတော့ ကိုကိုပြုံး၍ ခေါင်းခါယမ်းသည်။

''ဘာကြောင့် မချစ်ရမှာလဲ၊ သိမ့် ဘယ်တော့မှ ရုပ်မဆိုးဘူးဆိုတာ ကိုကိုသိတယ်''

''ကြည့်စမ်း...ကိုကိုလူလည်''



www.burmeseclassic.com

www.burmeseclassic.com



အသည်းယားစွာဖြင့် ကိုကို့လက်မောင်းကို သူမ ဆွဲဆိတ်ပစ်၏။

"အား...နာတယ်ကွ"

"နာပါစေ သိမ့် ကျေနပ်အောင် ကိုကိုမှ မဖြေဘဲ"

"ဩော်...ဒါ သိမ့်က ကိုကို့ကို အပြစ်ပေးတာပေါ့လေ၊ အေးဗျာ ကိုကို့အလှည့်ကြရင်လည်း သိမ့်ကို အပြစ်ပေးမှာနော်"

"အမယ်...ရမလား၊ သိမ့်က ဘယ်တော့မှ အပြစ်မရှိဘူး"

လက်လေးပိုက် ခေါင်းလေးမော့ သူမပြောဟန်ကို သူ သဘောကျစွာ ပြုံး၏။

"သိပ်ချစ်တာပဲ သိမ့်ရယ်"

"အို"

ကြင်နာနွေးထွေးသော ကိုကို့အနမ်းများက ရုတ်တရက် သူမ မျက်နှာပြင်လေးထက် ကျရောက်လာ၏။ ကိုကို့ရင်ခွင်ထက်ဝယ် သူမမျက်နှာလေး ကွယ်ဝှက်လိုက်တော့၏။



"ဦးကိုကိုပါ...ရှင်နဲ့အတူလိုက်မယ် ဟုတ်လား သိမ့်"

အိမ်ပြန်ဖို့အတွက် ပစ္စည်းတွေသိမ်းနေစဉ်မှာ မူမူရောက်လာကာမေး၏။ အဝတ်ခေါက်ရင်းမှ သူမ ခေါင်းညိတ်ပြလိုက်၏။

"အင်း...လိုက်မယ်တဲ့ မူမူ"

"ကြည့်စမ်း...ဒီလိုဆို ရှင့်အတွက် ပျော်စရာခရီးပဲ သိမ့်၊ လက်မထပ်ခင် ကြိုတင်ဟန်းနီးမွန်းပဲ"

"အို မူမူနော် ဘာတွေလျှောက်ပြောနေတာလဲ"

မျက်နှာလေးနီကာ သူမ မျက်စောင်းထိုးတော့ မူမူရယ်၏။

"ကြည့်ပါဦး...မကြာခင် လက်ထပ်မယ့်သူက ရှက်နေတတ်တာ၊ ဦးကိုကိုလို အင်မတန် အလုပ်များတဲ့လူက သိမ့်ကို လိုက်ပို့တာ သိပ်ချစ်လို့မဟုတ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



မူမူ့အမေးကြောင့် သူမ သက်ပြင်းလေးချလိုက်၏။ တကယ်တမ်းမှာ ကိုကို လိုက်မည့်အတွက် သူမရင်ထဲ ပျော်ရမည့် အဖြစ်လေ။

“သိမ့်ကြည့်ရတာ မပျော်သလိုပဲ”

သူမမျက်နှာကို အကဲခတ်လျက် မူမူပြောလာသည်။

“မဟုတ်ပါဘူးကွယ်၊ တကယ်တော့ ဒီခရီးကို ကျွန်မ ကိုယ်တိုင်တောင် ပထမဆုံးထွက်ရမှာ မဟုတ်လား၊ ဦးနဲ့ဒေါ်ဒေါ်တို့ အဲဒီမြို့ကို ပြောင်းသွားကတည်းက ကျွန်မ တစ်ခါမှ မရောက်သေး တာလေ”

“အင်းလေ…ဒါလည်း ဟုတ်တာပဲ၊ သိမ့်ကလည်း ဒီဘက်မှာ ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ အန်ကယ်တို့ ပြောင်းသွား ချိန်က လိုက်မသွားနိုင်ဘဲ”

အမှန်တော့ သူမဘဝမှာ မိဘဆိုတာ မရှိပေ။ မွေးစားမိဘ များက စောင့်ရှောက်လာခဲ့ခြင်းဖြစ်သည်။

သူမ မိဘနှစ်ပါးမှာ ငယ်စဉ်ကတည်းက ရှေ့ဆင့်နောက် ဆင့် ဆုံးပါးသွားခဲ့၏။ သူမ မိခင်၏ အစ်ကိုဖြစ်သည့် ဇနီးမောင်နှံ က မွေးစားခဲ့ခြင်းပါ။

“ဦးနဲ့ဒေါ်ဒေါ်တို့ကတော့ ကျွန်မ အားရင်လာဖို့ မကြာ





ခဏခေါ်ပါတယ်၊ ဒီတစ်ခါတော့ ရောက်အောင်သွားဖို့ ဆုံးဖြတ်ခဲ့ တယ် မူမူ”

“ဘာလဲ…ဦးကိုကိုနဲ့ လက်ထပ်ဖို့အတွက်ကြောင့်မို့လား သိမ့်”

မူမူ့စကားကြောင့် သူမမျက်နှာလေး ပျက်ချင်သွားရ၏။ အစကတည်းက သွားဖို့စိတ်ကူးပေမယ့် အလုပ်မအားလပ်၍ အခွင့် သာခဲ့ပေ။

ယခုမှ မူမူပြောသလို ကိုကို့ကိစ္စကြောင့် သူမပြန်သလို ဖြစ်နေပြီ။

“အင်းနော်…ဦးတို့ကလည်း မူမူပြောသလို ထင်ကြမှာ ပဲ တကယ်တော့ အစကတည်းက ပြန်ဖို့ ကျွန်မ စိတ်ကူးပြီးသား ပါ”

“တို့က အလကားစတာပါ သိမ့်ရယ်၊ ကြည့်စမ်း မျက်နှာလေးပျက်သွားလိုက်တာ၊ အန်ကယ်တို့အပေါ်မှာ သိမ့်မိဘ တွေလို သဘောထားတယ်ဆိုတာ တို့သိပါတယ်”

မူမူက သူမကို နှစ်သိမ့်နေ၏။ သူမ သက်ပြင်းလေးချ လိုက်သည်။

“ခုလို နှစ်သိမ့်ပေးတာ ကျေးဇူးတင်ပါတယ် မူမူ၊ ပထမ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးပြန်တဲ့ခရီးမှ ကိုကိုကြောင့်ပါ ဖြစ်နေသလိုမို့ အဲဒါသင့်ရဲ့လားလို့ ကျွန်မ တွေးမိပါတယ်"

"အို…ဒါ ဘာအထူးတွေးစရာလိုလဲ သိမ့်ရယ်၊ အန်ကယ်တို့က ဦးကိုကိုလို အစစအရာရာပြည့်စုံတဲ့ ခင်ပွန်းလောင်းမျိုးရှာလာတဲ့ သိမ့်ကိုတောင် ချီးကျူးကြမှာပါ"

အကောင်းဘက်မှ မူမူ လှည့်ပြောပေး၏။ မူမူစကားကြောင့် သူမရင်ထဲ အားရှိသလိုလို။

"အေးကွယ်…မူမူပြောသလိုထင်ရင် အကောင်းဆုံးပဲ၊ ကိုကို ပါလာတာဟာ ဦးတို့အတွက် အနှောင့်အယှက် မဖြစ်နိုင်ပါဘူး"

"ဒါပေါ့သိမ့်ရယ်…အန်ကယ်တို့ကလည်း သိမ့်အပေါ် နားလည်မှာပါ၊ သိမ့်လည်း အိမ်ထောင်ပြုရမယ့်အရွယ် ရောက်နေပြီပဲ မဟုတ်လား"

"အင်းလေ…ဟုတ်ပါတယ်၊ ကိုကို့ကို ဦးတို့ သဘောကျမှာပါ"

သူမက မူမူစကားကို ဘာသာထောက်ခံလိုက်၏။ ကိုကိုနှင့် သွားရမည့်ခရီးဟာ တကယ်တော့ ပျော်စရာပါ။

ပစ္စည်းတွေသိမ်းပြီးတာနှင့် သူမရေချိုးလိုက်၏။ သည်





အခန်းကို မူမူနှင့်နှစ်ယောက် ငှားခဲ့ခြင်းဖြစ်၏။

မကြာခင် ဒီတိုက်ခန်းလေးမှခွဲ၍ သူမသွားရတော့မည်။ ကိုကိုနှင့် လက်ထပ်မှာမို့ ကောင်းသောသွားခြင်းမဟုတ်လား။

"သိမ့်…ဦးကိုကိုနဲ့ လက်ထပ်သွားရင်တော့ တို့ တစ်ယောက်တည်း ကျန်ခဲ့မှာပဲနော်"

"မူမူ ဒီလိုပြောတော့ ကျွန်မ စိတ်မကောင်းဘူး"

"အမယ်လေး…စိတ်မကောင်းတော့ မဖြစ်လိုက်ပါနဲ့ သိမ့် ရယ်၊ တကယ်ဆို ဝမ်းသာရမယ့်အဖြစ်ပဲ၊ တို့က အလကားစတာပါ သိမ့်ရယ်"

သူမအကြောင်းသိသော မူမူက အမြန်ပြုံး၍ပြောသည်။

"ကျွန်မ တစ်ကိုယ်ကောင်းဆန်သလို မဖြစ်ပါဘူးနော်"

"သြော်…မဖြစ်ပါဘူးကွယ်၊ အချိန်တန်လို့ အိမ်ထောင်ပြုတာပဲ၊ တို့လည်း အချိန်တန်ရင် လက်ထပ်မှာပဲလေ"

"ဟုတ်သားပဲ…မူမူ့လူကြီး သဘော်ာကဆင်းရင် လက်ထပ်ကြမှာပဲ မဟုတ်လား၊ ခုတော့ ကျွန်မ မင်္ဂလာဆောင်မှာ သတို့သမီးအရံ လုပ်ပေးဦးနော် မူမူ"

ညီမရင်းလိုဖြစ်သော မူမူကို ပခုံးလေးဖက်၍ သူမပြုံးကာ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို…လုပ်ရမှာပေါ့ကွယ်၊ ကိုယ့်သူငယ်ချင်း အရင်းနှီးဆုံးပဲ၊ တို့တော့ထင်တယ် မင်္ဂလာပွဲမှာ သိမ့်ဟာ သိပ်လှတဲ့ သတို့သမီးလေးဖြစ်မှာ သေချာတယ်"

"အဟင်း…ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် မူလည်း သိပ်လှတဲ့ သတို့သမီးအံရဲ ဖြစ်မှာပါနော်"

"ဒါပေါ့ သိမ့်၊ သူငယ်ချင်းပဲ"

ထို့နောက် သူငယ်ချင်းနှစ်ယောက် ပေါ့ပါးစွာ ရယ်လိုက်ကြ၏။ ယခုလည်း သူမရင်ထဲမှာ ဘာမျှမရှိတော့။

ညနေကြတော့ ကိုကို စားစရာတွေနှင့် ရောက်လာ၏။

"သိမ့်တို့ ထမင်းစားပြီးပြီလား"

"ဟင့်အင်း…ကိုကို၊ စောသေးလို့လေ"

ခေါင်းလျှော်ထားတာမို့ သူမဆံပင်တွေ ဖြန့်ချထားသည်။ ဝင်းနှစ်သော အသားအရေမှာ သနပ်ခါးရေကျဲလေး လူးထားတာမို့ သူမအသွင်က လန်းဆန်းနေသည်။ ကိုကိုက သူမကို ပြုံး၍ကြည့်၏။

"ဒီပုံစံလေးနဲ့ သိမ့်က ချာတိတ်မလေးလိုပဲ"

အနက်နှင့် အဝါရုပ်အင်္ကျီလက်တိုလေးကို လုံချည်အနက်လေးဖြင့် သူမ တွဲဝတ်ထားခြင်းဖြစ်သည်။





"အဟင်း…ကိုကို့မျက်စိထဲ ဆန်းနေသလားဟင်"

သိမ့်က အမြဲတမ်း မြန်မာအင်္ကျီရင်စေ့လေးတွေ ရင်ဖုံးလေးတွေပဲ ဝတ်သည်။

"မျက်စိထဲ ပုံစံနှစ်မျိုးနဲ့ သိမ့်ကိုမြင်ရတာ ပိုပြီးချစ်စရာကောင်းတယ်ဗျ၊ သိမ့်တို့ ထမင်းမစားရသေးတာ အတော်ပဲ၊ ကိုကို ဘဲကင်နဲ့ ခေါက်ဆွဲကြော်တွေ ဝယ်လာတယ်"

"ဒုက္ခရှာလို့ ကိုကိုရယ်"

ကိုကိုလာတိုင်း သူမတို့စားဖို့ တစ်ခုခုဝယ်လာတတ်၏။ သူမက ဝယ်မလာဖို့ပြောပေမယ့် မရ။

"သိမ့်တို့ စားစေချင်လွန်းလို့ပါကွ၊ ကိုကို့အတွက် မပင်ပန်းပါဘူး"

ထိုသို့ အမြဲပြောတတ်တာကြောင့် သူမ ဆက်မထားနိုင်ပေ။ မူမူကတော့ ကိုကို့ကို သဘောကောင်းသူအဖြစ် ချီးကျူး၏။

"ဦးကိုကိုလို ရုပ်ချောဥစ္စာပေါ သဘောကောင်းမျိုးလူနဲ့ တွေ့ရတာ သိမ့် သိပ်ကံကောင်းတာပဲ"

မူမူသာမက ကိုကိုနှင့်ဆုံခဲ့သော သူမအား သူငယ်ချင်းတွေက အားကျကြ၏။

"ဒါနဲ့…ခရီးဘယ်တော့ထွက်ဖြစ်မလဲ သိမ့်"



www.burmeseclassic.com

www.burmeseclassic.com



''ဒီတစ်ပတ် နောက်ဆုံးရက်လောက်ပေါ့ ကိုကို''

''အိုကေ…ကိုကို အသင့်ပြင်ထားလိုက်မယ် သိမ့်''

ခရီးသွားဖို့ သေချာပြီမို့ ကိုကို့မျက်နှာ လန်းဆန်းသွားသည်။ မူမူရောက်လာ၏။

''ဟော…ဦးကိုကို ဘာတွေဝယ်လာပြန်ပြီလဲ''

''မူမူအကြိုက်ပေါ့ဗျာ၊ ဘဲကင်''

''အို…ဦးကိုကို ဒီလိုသိတတ်တာတွေကြောင့် သိမ့်ကို ပြောနေရတာ''

''ဘာတွေများလဲဗျာ''

ကိုကိုက ပြုံးပြုံးနှင့်မေးသလို မူမူကလည်း အပြုံးဖြင့်…

''ဦးကိုကိုကောင်းကြောင်းတွေပါရှင်၊ ဦးကိုကိုနဲ့ သိမ့် သိပ်ကိုလိုက်ဖက်တယ်လေ''

''အဟွန်း…ဟွန်း ကျေးဇူးပါပဲဗျာ''

ထိုညနေစာကို သူမတို့နှင့်အတူ ကိုကိုစားပြီးမှ ပြန်လေ၏။ သူမချက်ထားသော ကြက်သားချဉ်စပ်နှင့် ယိုးဒယားကြာဇံသုပ်တို့ကို နှစ်သက်စွာ ကိုကိုစားလေသည်။

''သိမ့်က ဟင်းချက်သိပ်ကောင်းတာ ဦးကိုကိုရဲ့''

''ဒါကြောင့် သိမ့်လက်ရာ ကျွန်တော် မကြာခဏလာစားတာပေါ့ မမူမူ''





သူမမျက်နှာကို မြတ်နိုးစွာကြည့်လျက် ကိုကိုပြောသည်။

''ကိုကိုက သိမ့်ဟင်းစားရတာထက် သိမ့်ကိုက ကိုကို့ဆီက ပိုစားရတာ များပါတယ်နော်''

''ဒါပေမယ့်…အဲဒါတွေက ကိုကိုကိုယ်တိုင် ချက်လာတာ မဟုတ်ဘူးဗျ''

''ကဲ…ဒါဆို ဦးကိုကိုလက်ရာအဖြစ် သိမ့်ကို တစ်ခေါက်လောက် ချက်ကျွေးလိုက်''

ကြားထဲမှ မူမူ ဝင်ပြောတော့ ကိုကိုခေါင်းညိတ်သည်။

''မမူမူပြောတာ ဟုတ်တယ်ဗျ၊ လက်ထပ်ပြီးရင်တော့ သိမ့် ကျွန်တော့်လက်ရာသေချာစားရမှာဗျ''

''ကဲ…သိမ့် ကြားတယ်နော်''

မူမူက သိမ့်ဘက်သို့ လှည့်ပြော၏။ သိမ့်အပြုံးလေးဖြင့် ကိုကို့ကို ကြည့်ကာ…

''တကယ်လား ကိုကို''ဟု မေးလိုက်သည်။ ကိုကိုပြုံး၍ ခေါင်းညိတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ကြည်လင်သော အပြာရောင်ကောင်းကင်မှာ အဖြူရောင် တိမ်ဆုပ်တိမ်ခဲတို့က မျောလွင့်နေသည်။ သစ်ပင်ပန်းမာလာတို့က စိမ်းလန်းစိုပြေလျက် လေညှင်းသွဲ့သွဲ့တို့က အေးမြနေ၏။

အေးမြသော လေနှင့်အတူ ကိုကို့ထံမှ မွှေးတော့လတ် ဆတ်သည့် ရနံ့ကြောင့် သူမရင်ထဲ ကြည်နူးသလိုလို။

"သိမ့်"

"ရှင်…ကိုကို"

"အဟွန်း…ခုလို ခရီးထွက်တာ ကိုကိုနဲ့ သိမ့်အတွက် ဟန်းနီးမွန်းခရီးလိုပဲနော်"

ကိုကိုက သူမဘက် လှည့်၍ အပြုံးဖြင့် ပြောသည်။ သူမပြုံး၍ ကိုကို့ပခုံးပေါ် မှီလိုက်၏။

"ကိုကို ပျော်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



''ပျော်တာပေါ့၊ သိမ့်ရယ် ကိုကိုနဲ့သိမ့်တို့ တစ်သက်လုံး တည်ဆောက်ရမယ့် ဘဝခရီးပဲ''

''သိမ့်ကော မပျော်ဘူးလား''

''ပျော်ပါတယ် ကိုကို''

တကယ်ပဲ သူမရင်ထဲမှာ ကိုကိုနှင့်ပတ်သက်၍ ပေါ့ပါးနေ၏။ သည်ခရီးက သူမအတွက် အသစ်ဖြစ်နေတာကြောင့်လည်း ပါမည်။

နက်မှောင်သော ကတ္တရာလမ်းဘေးတစ်လျှောက်ဝယ် အပြာရောင် တောင်ပြာတန်းများက ဆီးကာလို့နေသည်။

''ကိုကို လိုက်လာတဲ့အကြောင်း သိမ့်ရဲ့ ဦးဦးတို့ကို ပြောထားတယ်နော်''

''အဟင်း…ပြောထားပါတယ် ကိုကိုရဲ့၊ ဘာလဲ ကိုကိုက ကြောက်လို့လားဟင်''

ကိုကို့ပခုံးပေါ်မှ သူမ ခေါင်းလေးမှေးတင်ထားမှုကို ခွာ၍ ပြုံးကာ မေးလိုက်၏။ ကိုကို ပခုံးတွန့်သည်။

''ဒါပေါ့ဗျာ…သူတို့သမီးလေးကို လိုက်တောင်းရတာပဲ ဘယ်လိုလဲသိမ့်၊ ကိုကိုနဲ့ သိမ့်ကို သူတို့ခွဲကြမလား''

''ကိုကိုက အခွဲခံနိုင်လို့လားဟင်''





သူမမေးတော့ ကိုကို ခေါင်းခါယမ်းသည်။

''နည်းနည်းလေးမှ အခွဲမခံနိုင်ပါဘူး၊ သိမ့်က ကိုကို့ဘဝပဲ''

ထိုစကားကြောင့် သူမစိတ်ထဲ တစ်စုံတစ်ရာကို သတိရသွား၏။

''အသက်ဟာ မောင့်ဘဝပဲ၊ အသက်မရှိရင် မောင့်ဘဝသေသွားသလို ဘာမှအဓိပ္ပါယ်မရှိတော့ဘူး''

ကြည့်စမ်း…ဒါဟာ အိပ်မက်ထဲက ဟိုတစ်ယောက်ရဲ့စကားမျိုးပါလား။ ဘာကြောင့်များ သူတို့နှစ်ယောက်ရဲ့ စကားတွေဟာ လာရောက်တူနေရတာပါလိမ့်။

''ဘာတွေ တွေးနေတာလဲ သိမ့်''

''သြော်…ကိုကို ဟို…ကိုကိုနဲ့သိမ့် တကယ်လို့ ဝေးကြရင်''

''ကျွတ်…သိမ့်ကလဲကွာ ဘာကြောင့် ဒီလိုတွေးရတာလဲ၊ အခုပဲ ကိုကိုတို့ ဘဝခရီးစကြတော့မှာ မဟုတ်လား''

''အဟင်း…ဟုတ်သားပဲနော် ကိုကို၊ သိမ့် ဘာတွေလျှောက်ပြောမိမှန်း မသိဘူး''

သူမ သက်ပြင်းလေး ကြိတ်ချလျက် စကားလွှဲချလိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။ ကိုကိုက ကားကို ပို၍အရှိန်မြှင့်သည်။

"ကိုကိုက သိမ့်ကို သိပ်ချစ်တော့ သိမ့်အတွက် ဘာမဆို ပေးဆပ်ဖို့အသင့်ပဲဗျ"

"ကိုကိုရယ်"

ဘေးတိုက်မြင်နေရသော ကိုကို့မျက်နှာကို အသာငေး ကြည့်မိ၏။ သူမအပေါ် တကယ်ချစ်သော ကိုကိုပါလား။

ညနေစောင်းမှာ ဦးဦးတို့အိမ်သို့ ရောက်လေသည်။ ကိုကို၏ လင်ခရုဆာကားနှင့် လာတာမို့ အရှိန်ကောင်းခြင်းဖြစ်၏။

"ဟော...သိမ့်တို့လာကြပြီ"

ဆင်ဝင်အောက်သို့ ကားရပ်တာနှင့် ဦးဦးနဲ့ ဒေါ်ဒေါ်က စောင့်ကြိုနေ၏။

"ဦးဦး...ဒေါ်ဒေါ် နေကောင်းတယ်နော်"

သူမကားပေါ်မှ ဆင်းရင်း အပြုံးများစွာဖြင့် နှုတ်ဆက် လိုက်သည်။

"ကောင်းပါတယ်ကွယ်...သမီးက မတွေ့ရတာကြာလို့ ပိုလှလာတယ်"

ဒေါ်ဒေါ်က သူမလက်လေးဆွဲဆုပ်ကိုင်၍ ခြေဆုံးခေါင်း ဆုံး ကြည့်ပြောသည်။





"အဟင်း...ဒေါ်ဒေါ်လည်း ကျန်းမာပြီး လှနေတာပါပဲ"

ထိုစဉ် ကားပေါ်မှ ကိုကိုဆင်းလာ၏။ ခန့်ညားချောမော သော ကိုကို့ကို ဦးနှင့်ဒေါ်ဒေါ်က ကြည့်သည်။

"ဦးဦးနဲ့ ဒေါ်ဒေါ် သူက သိမ့်ဖုန်းထဲက ပြောပြတဲ့ ကိုကို ဆိုတာပါပဲ"

"အော်"

"ကိုကို...ဒါ သိမ့်ရဲ့ ဦးဦးနဲ့ ဒေါ်ဒေါ်"

ကိုကိုက ဦးဦးတို့ကို ဂါရဝပြုနှုတ်ဆက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ် အန်ကယ်နဲ့ အန်တီ"

"အေးကွယ်...ဦးတို့ကလည်း မောင်ရင်နဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ ကဲ...ကဲ ခရီးပန်းလာကြမှာပဲ အထဲဝင်ပြီး နားကြ ဦး"

"ဟုတ်ကဲ့"

သူမတို့အားလုံး အိမ်ထဲဝင်ခဲ့၏။ နှစ်ထပ်အိမ်မို့ အောက်ခန်း မှာ ဧည့်ခန်းကျယ်ကြီး ဖွဲ့ထားသည်။

"အိမ်ကတော့ အကျယ်ကြီးပဲလေ၊ သမီးမရှိတော့ ဦးနဲ့ ဒေါ်ဒေါ်တို့ နှစ်ယောက်တည်းပဲ"

ကျယ်ဝန်းသော အိမ်ကို လှည့်ပတ်ကြည့်နေသည့် သူမကို



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်က ရှင်းပြနေ၏။

"သိမ့်လည်း ဒေါ်ဒေါ်တို့ဆီ စိတ်က မကြာခဏ ရောက်နေတာပါ၊ လူကတော့ ခုမှလာဖြစ်တယ်"

"ဒါပေါ့ကွယ်…အလုပ်တာဝန်ရှိတော့လည်း စိတ်သွားတိုင်း ကိုယ်မပါနိုင်ဘူးဆိုတာ ဒေါ်ဒေါ်တို့ နားလည်ပါတယ် သမီး၊ ကဲ သမီးတို့ ခဏနားလိုက်ဦး၊ မောင်ကိုကိုအတွက် အခန်းကို ဧည့်ခန်းဘေးက အခန်းမှာ စီစဉ်ထားတယ်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

ဦးဦးနှင့် ကိုကိုက ယေါလစ်ရောင်ထနေသော ကျွန်းဆက်တီခုံများမှာ ထိုင်၍ မျက်နှာချင်းဆိုင် စကားပြောနေသည်။

"မောင်ကိုကိုလည်း ကုမ္ပဏီပိုင်ရှင်တစ်ယောက်အနေနဲ့ အလုပ်တွေမအားတဲ့ကြားက ခုလိုရောက်လာတာ ဝမ်းသာပါတယ်ကွယ်"

"ကျွန်တော်ကလည်း အန်ကယ်တို့ဘက်က ကျွန်တော့်ကို ခုလို လက်ခံနားလည်ပေးတဲ့အတွက် ဝမ်းသာကျေးဇူးတင်ပါတယ်ခင်ဗျာ"

ဒေါ်ဒေါ်နှင့် သူမအနား ရောက်လာတော့ ကိုကို ပြုံးကြည့်၏။ သူမ ပြန်လည်ပြုံးပြရင်း…





"ကိုကို…ပင်ပန်းလာလို့ နားဖို့ ဒေါ်ဒေါ်က ပြောနေတယ်၊ ကိုကို့အတွက် အခန်း ဒီအောက်ထပ်မှာပဲ စီစဉ်ထားတယ်"

"ကောင်းပါတယ် သိမ့်၊ ကျွန်တော့်အတွက် ဒေါ်ဒေါ်တို့လည်း အခန်းစီစဉ်ရနဲ့ အလုပ်ရှုပ်မှာပဲနော်"

"အိုကွယ်··အလုပ်ရှုပ်တယ်လို့ သဘောမထားပါဘူး၊ သိမ့်နဲ့ ပတ်သက်တဲ့အတွက် ဒေါ်ဒေါ်တို့က ဆွေမျိုးတွေလိုပါပဲ"

ဒေါ်ဒေါ့်စကားကြောင့် ကိုကိုနဲ့သူမ တစ်ယောက်မျက်နှာ တစ်ယောက် ပြုံးကြည့်သည်။ သည်အတိုင်းဆို အခြေအနေကောင်းတယ်မဟုတ်လား။

"ကျွန်တော့်ကို ခွင့်ပြုပါဦး ဦးနဲ့ဒေါ်ဒေါ်"

"အေး…အေး ခဏနားပြီးမှ ရေချိုးလိုက်၊ ညစာ ထမင်းဝိုင်း အသင့်ပြင်ထားလိုက်မယ်"

"ဟုတ်ကဲ့"

ကိုကို့ကို အခန်းထဲထိ သူမလိုက်ပို့ပေးလိုက်၏။ အခန်းအပြင်အဆင်ကတော့ သာမန်နှင့် သပ်သပ်ရပ်ရပ်ဖြစ်သည်။

"ကိုကို ရန်ကုန်မှာရှိတဲ့ အခန်းလောက်တော့ မကောင်းဘူးနော်"

"အဟွန်း…ခုချိန်မှာ ကိုကို့အတွက် ဒါတွေအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးဗျ''

''ဒါဆို ဘာကအကြောင်းလဲ ကိုကို''

သူမ မျက်လုံးလေးဝင့်ကာ ပြောတော့ ကိုကို နှုတ်ခမ်းကိုက်ပြသည်။

''ကြည့်စမ်း...အဓိက ရည်ရွယ်ချက် ဘာလဲဆိုတာ ဒီကောင်မလေး မသိဘူးလား''

''အဟင်း...မသိဘူး''

''ကောင်မလေးနော်''

ကိုကို လက်သီးဆုပ်ပြတော့ သူမ ခေါင်းလေးပုကာ ရှောင်၍ ထွက်လိုက်သည်။

''ဟိတ်...နေဦး''

''ဟင်...ဘာလဲကိုကို''

''သိမ့်အခန်းကကော''

သူမ မျက်စလေးဖြင့် အပေါ်ထပ်ပြလိုက်၏။ ကိုကို မျက်နှာပျက်ချင်သွားသည်။

''အဝေးကြီးကွာ''

''အို...တစ်အိမ်တည်းကို''

''ဒါပေမယ့် နီးလျက်နဲ့ဝေးလေ''





''သွား...ကဲ သိမ့် သွားတော့မယ်၊ တော်ကြာ ဒေါ်ဒေါ်ကို တစ်မျိုးထင်လိမ့်မယ်၊ ထမင်းစားမှ လာခေါ်မယ်နော် ကိုကို''

''ကောင်းပါပြီဗျာ''

ကိုကို အခန်းဝမှာ ကျန်ခဲ့၏။ ဒေါ်လေးက သူမကို ထိုင်စောင့်နေ၏။

''အဆင်ပြေရဲ့လား သိမ့်''

''ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ကိုကိုက ဒေါ်ဒေါ်တို့ကို အားနာနေတာ''

''ရပါတယ်ကွယ်...ကဲ သိမ့်လည်း နားလိုက်ဦး''

''ဟုတ်ကဲ့''

အပေါ်ထပ်ရှိ ဒေါ်ဒေါ်တို့နှင့် မျက်နှာချင်းဆိုင် အခန်းရှေ့တွင် သူမအခန်းကို စီစဉ်ထား၏။

အခန်းထဲရောက်မှ ဖြူသန့်သော အိပ်ရာထက်တွင် သူမ လှဲလိုက်သည်။ တစ်လမ်းလုံး ညောင်းညာသမျှ ခုမှ အပန်းပြေသွားသလိုပါပဲ။

''ဒေါက်...ဒေါက်''

အခန်းတံခါး လာခေါက်တာကြောင့် သူမ ဖျတ်ခနဲ ထလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

"ဒေါ်ဒေါ်ပါ သိမ့်"

"သြော်"

သူမအခန်းတံခါး ဖွင့်ပေးလိုက်သည်။ ဒေါ်ဒေါ် ဝင်လာ၏။

"လဲနေပါ သိမ့်၊ ဒေါ်ဒေါ် မေးစရာလေး နည်းနည်းရှိလို့ပါ"

"ရပါတယ် ဒေါ်ဒေါ်"

ကိုကိုနှင့် ပတ်သက်တာတွေ မေးလာမည်ဟု သူမ သိလိုက်၏။

"သိမ့်အနေနဲ့ မောင်ကိုကိုကို လက်ထပ်ဖို့ သေချာ ဆုံးဖြတ်ခဲ့ပြီလား"

"ရှင်…ဟုတ်ကဲ့ဒေါ်ဒေါ်၊ ဒါကြောင့်လည်း ကိုကို့ကို အကဲခတ်နိုင်အောင်လို့ ဒေါ်ဒေါ်တို့ဆီ သိမ့် ခေါ်လာတာပါ"

သည်တော့ ဒေါ်ဒေါ် ခေါင်းတစ်ဆတ်ဆတ်ညိတ်၏။

"အင်း…ဒေါ်ဒေါ်တို့အမြင်မှာတော့ မောင်ကိုကိုရုပ်နဲ့ ပြင်ပန်းဆိုင်ရာမှာ သိပ်ပြောစရာမရှိပါဘူး၊ အလုပ်အကိုင်ကလည်း သမီးပြောသလောက်ကြားရတာ အကောင်းပဲ"

"ဒါဆို…ဒေါ်ဒေါ်တို့သဘောက"





မျှော်လင့်ချက် မျက်ဝန်းလေးများဖြင့် သူမက ဒေါ်ဒေါ်ကို ကြည့်၍ မေးလိုက်၏။ ဒေါ်ဒေါ်က သူမကို အကဲခတ်ကာ…

"သူ့ရဲ့ အကျင့်စာရိတ္တနဲ့ မိဘဆွေမျိုးပိုင်းဆိုင်ရာတော့ ဒေါ်ဒေါ်တို့နဲ့ အလှမ်းကွာဝေးတော့ ဒီအတွက်ပဲ စဉ်းစားရမယ်ထင်တယ်"

"အို…ဒီအတွက်တော့ မပူပါနဲ့ အန်တီရယ်၊ ကိုကိုဟာ ဒီအသက်အရွယ်ထိ သူ့ကိုယ်သူ ထိန်းချုပ်လာတာပါ၊ မိဘဆွေမျိုးအသိုင်းအဝိုင်းဆိုတာကလဲ၊ တကယ့် ဂုဏ်သရေရှိထဲကပါပဲ"

သူမက ရဲဝံ့စွာ ကိုကို့ဘက်မှ အာမခံလိုက်၏။ ရိုးသားအေးဆေးသော ဒေါ်ဒေါ်က သူမပြောသမျှ ယုံကြည်သွားသည်။

"အေးပေါ့လေ…ရန်ကုန်မြေပေါ်မှာ သိမ့်တို့က အတူနေကြတာပဲ၊ မောင်ကိုကိုအကြောင်း သိမ့်က ပိုသိမှာပါ၊ ကဲ ကဲ သိမ့် အနားယူပြီး ရေချိုးလိုက်၊ ခဏနေ ထမင်းစားလာခေါ်မယ်"

"ဟုတ်ကဲ့"

ဒေါ်ဒေါ်ထွက်သွားမှ သူမ သက်ပြင်းချနိုင်တော့၏။ ကိုကိုနှင့် လက်ထပ်ဖို့ ဆုံးဖြတ်ပြီးတာမို့ အားလုံးအဆင်ပြေရန်သာ အဓိကပင်။

မကြာခင် ညစာစားတော့မည်မို့ သူမ ရေချိုးခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လိုက်၏။ အေးမြသော ရေက နွမ်းနယ်ချင်သော သူမတစ်ကိုယ်လုံးကို လန်းဆန်းသွားစေသည်။



အေးမြသောရာသီပေမယ့် ဒေါ်ဒေါ်ကိုယ်တိုင် စီစဉ်ထားသော ပူနွေးသည့် ထမင်းဝိုင်းကြီးက သူမတို့ကို လှိုက်လှဲစွာကြိုဆိုနေသယောင်။

ယုန်သားဟင်း၊ ဂျီသားဆီပြန်၊ ဆိတ်သားခြောက်ဖုတ်၊ မှန့်ညှင်းနှင့် ဝက်သားကြော်၊ ပဲပုပ်ထောင်းစပ်စပ်၊ ကိုက်လန်ကြော်၊ သီးရွက်စုံဟင်းရည်ပူပူတို့ကြောင့် သူမတို့ဗိုက်ထဲ ပို၍ဆာလာရ၏။

"ဟင်းတွေကတော့ အဖြစ်ပဲ စီစဉ်လိုက်ရတယ်ကွယ်၊ နောက်ဖြန်မှ ကောင်းကောင်းချက်ရမယ်"

ဒေါ်ဒေါ်က ကုမ္ပဏီပိုင်ရှင် ကိုကို့ကို အားနာဟန်နှင့်ဆိုသည်။ ရေချိုးပြီးကာစ ကိုကိုသည် အစိမ်းနုရောင် စပို့ရှပ်ကို အနက်ရောင် သက္ကလပ်ပျော့ ဘောင်းဘီရှည်နှင့် တွဲဝတ်ကာ နက်မှောင်သော ဆံပင်ကို ခပ်တိုတိုညှပ်ထားလျက် ရှင်းသန့်နေ၏။

"ဟာ…ဒေါ်ဒေါ်ရယ် ဒီလောက်ဟင်းစုံတာပဲ၊ ကျွန်တော်

www.burmeseclassic.com



က ဒေါ်ဒေါ်တို့ကို အလုပ်ရှုပ်စေတဲ့အတွက် အားနာရတာပါဗျာ"

ပန်းနုရောင် ဆွယ်တာအင်္ကျီလေးကို ပန်းရောင်ပေါ် အနက်လုံးလေးများပါသည့် လုံချည်ဖြင့် တွဲဝတ်လျက် ဆံနွယ်ရှည်များကို လက်ဝါးခန့်ရှိ အဖြူရောင် သိုးမွေးချည်ကြိုးပြားဖြင့် အရင်းမှ ခပ်လျော့လျော့ စည်းထားသော သူမက ရေဖြန်းထားသော ပန်းနုရောင် နှင်းဆီပွင့်လေးတစ်ခုလို နုနယ်လန်းဆန်းလျက်…

"မင်းတို့ အခေါ်က ဒီလိုပဲ၊ ဧည့်သည်လာရင် သူကိုယ်တိုင် ဟင်းတွေစီစဉ်ပြီး တစ်ယောက်တည်း အားမရဖြစ်တတ်တယ်ကွယ့်"

ဦးဦးက ဒေါ်ဒေါ်အကြောင်း သိနေတာမို့ ဝင်ပြောလေ၏။ သူမကပြုံး၍…

"ဟုတ်သားပဲ ဒေါ်ဒေါ်၊ အခု ဒေါ်ဒေါ်စီစဉ်ထားတဲ့ ဟင်းတွေဆို သိမ့်ဖြင့် ရန်ကုန်မှာ မစားရတာကြာပြီ၊ အထူးစပါယ်ရှယ်တွေချည်းပဲ၊ မဟုတ်ဘူးလား ကိုကို"

"ဟုတ်တာပေါ့၊ သိမ့်ပြောတာ မှန်ပါတယ် ဒေါ်ဒေါ် ကျွန်တော်တို့အတွက် အကောင်းဆုံးဟင်းတွေပါခင်ဗျာ"

ကိုကိုနှင့်သိမ့် အတိုင်အဖောက်ညီသွားတော့ ဒေါ်ဒေါ် ကျေနပ်လေ၏။





"ကဲ…ဒါဆို မင်းတို့ အဒေါ်လက်ရာ အားပေးတဲ့အနေနဲ့ များများစားကြကွာ"

"ဟုတ်ကဲ့"

ကိုကိုနှင့်သူမ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပြုံးလိုက်ကြ၏။ သူမက ဦးဦးနှင့် ဒေါ်ဒေါ်တို့ ပန်းကန်ထဲ ဟင်းများ ထည့်ပေးပြီး ကိုကို့ပန်းကန်ထဲပါ ထည့်ပေးလိုက်၏။

"စားနော် ကိုကို"

"အင်း"

သူမ ဂရုစိုက်တာကြောင့် ကိုကို ကျေနပ်သွားပုံ။ တကယ်ထမင်းဝိုင်းမှာ ဒေါ်ဒေါ့်လက်ရာ ဟင်းများဖြင့် ထမင်းစားကောင်းသွား၏။

ကိုကို ထမင်းနှစ်ပန်းကန် ကုန်သွားသည်။

"စားကောင်းကြရဲ့လားကွယ်"

"ကောင်းပါတယ် ဒေါ်ဒေါ်၊ ကျွန်တော်ဖြင့် ဒီလောက်အရသာမျိုး မစားဖူးဘူး"

"သိမ့်လည်း အတူတူပဲ ဒေါ်ဒေါ်ရဲ့၊ ဒေါ်ဒေါ့်လက်ရာ စားရတာ ကြာလို့လားမသိဘူး သိပ်ကောင်းတာပဲ"

"တကယ်လားကွယ်…မင်းတို့ ဒီလိုပြောတော့ ဒေါ်ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



အမောပြေသွားပြီ''

သူမတို့ အားပါးတရစားတာကြောင့် ဒေါ်ဒေါ်မျက်နှာ အထူးဝင်းလက်နေသည်။

''အေး…မင်းတို့ ဒီလိုသာချီးကျူး၊ မင်းတို့အဒေါ်က မင်းတို့ကို တစ်နေ့တစ်မျိုး မရိုးအောင် ချက်ကျွေးလိမ့်မယ်''

''သိမ့်လည်း ဒေါ်ဒေါ်ကို ကူချက်ပေးမှာပါ ဦးဦးရဲ့''

''ကျွန်တော်လည်း ဝင်ကူပါမယ်ခင်ဗျ''

ကိုကိုပါဝင်ပြောတော့ အားလုံးရယ်၏။

''နေပါစေကွယ်…မောင်ကိုကိုက မင်းဦးဦးနဲ့ စစ်တုရင်သာ ကစားပေးလိုက်၊ သူက အဲဒါကစားဖို့ အဖော်မွှော်နေတာ''

ဦးဦးအတွက် ဒေါ်ဒေါ်ဝင်ပြောပေးလိုက်သည်။ ကိုကိုက ဦးဦးဘက်လှည့်၍…

''ဒီလိုဆို အတော်ပဲ၊ ကျွန်တော်လည်း ချက်မကစားရတာကြာပြီ ဦး''

''ဒါဆိုကောင်းတာပေါ့ကွာ''

အချိန်တိုတိုအတွင်းမှာ ကိုကိုနှင့် မိသားစုသဖွယ် ခင်မင်ရင်းနှီးသွားတာကြောင့် သူမ ဝမ်းသာရလေ၏။

ထမင်းစားပြီး အချိုပွဲစားရင်း ဧည့်ခန်းမှာဆုံသည်။

=





''သိမ့်ရေ…ကိုကိုတို့ ရန်ကုန်ကယူလာတဲ့ လက်ဆောင်တွေနဲ့ ဦးနဲ့ဒေါ်ဒေါ်ကို ကန်တော့ကြရအောင်''

''ဟုတ်ကဲ့ ကိုကို''

သူမက ဒေါ်ဒေါ်တို့အတွက် ဝယ်လာသော လက်ဆောင်ပစ္စည်းထုပ်များကို ယူ၍ စားပွဲပေါ်တင်လိုက်၏။

ဒေါ်ဒေါ်အတွက် အင်ဒိုနီးရှားပါတိတ်များ၊ ချည်ထည်အောက်ခံများ၊ ဦးဦးအတွက် စပို့ရှပ်နှင့် ပိုးတွဲလုံချည်များ၊ မုန့်ပုံး၊ ဒိတဲတင်း၊ ဟောလစ်နှင့် ကော်ဖီမစ်ထုပ်များ စသည်ဖြင့် စုံလင်နေ၏။

''အို…ပစ္စည်းတွေက များလိုက်တာကွယ်''

ဒေါ်ဒေါ်က များပြားလှသော ပစ္စည်းများကိုကြည့်၍ အားနာဟန်ဖြင့် ပြောသည်။

''ကိုယ့်မိဘအိမ် ပြန်လာတာပဲကွယ်၊ ဒီလောက် လက်ဆောင်တွေ မလိုပါဘူး''

ဦးဦးကပါ ပြောလေ၏။

''ဒါတောင် ကိုကိုက ထပ်ဝယ်ချင်သေးတယ်ဆိုလို့ သိမ့်တားထားရတယ် ဒေါ်ဒေါ်''

''ကျွန်တော့်အပေါ် အားမနာစေချင်ပါဘူး၊ ကျွန်တော့်မှာ



www.burmeseclassic.com

www.burmeseclassic.com



မိဘဆွေမျိုးကလည်း အဝေးမှာဆိုတော့ ဦးနဲ့ဒေါ်ဒေါ်တို့ကိုပဲ ကျွန်တော့်ရဲ့ မိဘဆွေမျိုးတွေလိုပဲ သဘောထားပါတယ်ခင်ဗျာ"

ကိုကို၏စကားပြောတတ်မှုကြောင့် ဦးနှင့် ဒေါ်ဒေါ်တို့ များစွာအားရသွားလေ၏။ ပစ္စည်းများနှင့် ဒေါ်ဒေါ်တို့ကို ကန်တော့လိုက်ကြသည်။

"အေးကွယ်…အစစအရာရာ အဆင်ပြေပါစေ"

ကန်တော့ပြီး ထိုင်ကြတော့ ကိုကို စကားစသည်။

"အမှန်တော့ ဒီနေရာမှာ ကျွန်တော့်မိဘများ ရောက်လာပြီး ပြောဆိုရမှာပါ၊ ဒါပေမယ့် ကျွန်တော့်မှာ မိဘတွေက အဝေးရောက်နေလေတော့ ကိုယ်တိုင်ပဲ ခွင့်ပန်ပါရစေ"

"ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းသာ ပြောပါ မောင်ကိုကို"

ဦးဦးက ကိုကိုအတွက် လမ်းဖွင့်ပေးလိုက်၏။

"သိမ့်ပြောထားလို့ ဦးဦးနဲ့ ဒေါ်ဒေါ်လည်း ကျွန်တော်တို့အကြောင်းကို သိထားမှာပါ၊ ဒါကြောင့် ကျွန်တော်ကပဲ ထပ်ပြောပါရစေ၊ ကျွန်တော်နဲ့ သိမ့်ဟာ လူငယ်ဘာဝ မေတ္တာမျှနေကြပါတယ်၊ ဒါကြောင့်လည်း တစ်ယောက်နဲ့တစ်ယောက် ရာသက်ပန် အတူလက်တွဲဖို့ ဆုံးဖြတ်ခဲ့ပြီး ဦးဦးနဲ့ ဒေါ်ဒေါ်တို့ဆီ လာရောက်





ခွင့်ပန်တာပါခင်ဗျာ"

ကိုကို့စကားအဆုံး ဦးဦးနှင့် ဒေါ်ဒေါ်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၏။ သူမက မျက်လွှာချထားသည်။

တစ်ခဏတော့ သူမတို့စကားဝိုင်းက တိတ်ဆိတ်သွားသည်။ အတော်ကြာမှ ဦးဦးအသံထွက်ပေါ်လာ၏။

"အဟမ်း"

ပထမဆုံး ဦးဦး၏ ချောင်းဟန့်သံ။ သူမရင်ထဲ ဦးဦး ဘာပြောမလဲဟု စောင့်မျှော်မိသည်။ ကိုကိုလည်း သူမလိုနေမှာပါပဲ။

"အင်း…ဦးတို့အနေနဲ့ ပြောရရင်တော့ သိမ့်ဟာ တူမတစ်ယောက်အဖြစ်ထက် သမီးတစ်ယောက်လိုပဲ အမြဲယုံကြည်ထားခဲ့တယ်၊ ခုဆို သမီးသိမ့်အနေနဲ့ အရွယ်ရောက်ပြီးတဲ့အပြင် အလုပ်အကိုင်ကအစ ပြောစရာမရှိတော့ဘူး၊ အသိဉာဏ်အနေနဲ့လည်း ကိုယ်ပိုင်ဆုံးဖြတ်နိုင်ခဲ့ပြီလို့ ဦးတို့ ယုံကြည်တယ်၊ ဒါကြောင့် သမီးရွေးချယ်လိုက်တဲ့ မောင်ကိုကိုဟာ သေချာစွာ လေးလေးနက်နက်စဉ်းစားပြီး ဆုံးဖြတ်ခဲ့တာလို့ ယူဆတယ်လေ"

ဦးဦးက မောသွားဟန်ဖြင့် ခဏရပ်၏။ နောက်မှ ဆက်ပြောသည်။

"ဒါကြောင့် ဦးဦးတို့ဘက်ကတော့ သမီးစိတ်ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုရင် လိုက်လျှောဖို့ အသင့်ပါပဲ''

ထိုစကားကြောင့် သူမ ဝမ်းသာသွား၏။ ကိုကို့ကိုကြည့်လိုက်တော့ ပြုံးနေသည်။

''ဟုတ်ပါတယ်ကွယ် ... ဒေါ်ဒေါ်တို့ဘက်ကတော့ သမီးသဘောမို့ အထူးပြောစရာ မလိုပါဘူး''

''ကျေးဇူးတင်ပါတယ်ခင်ဗျာ''

ကိုကို၏အသံက ဝမ်းသာဟန်ဖြင့် အထူးကျေနပ်နေသည်။ သည်လိုကိစ္စ အဆင်ပြေတယ်ဆိုတာ ကံကောင်း၍ မဟုတ်လား။

''ကဲ ... ဦးဦးနဲ့ ဒေါ်ဒေါ်တို့ ဘုရားဝတ်ပြုလိုက်ကြဦးမယ်''

''ဟုတ်ကဲ့''

လူကြီးတွေထွက်သွားတော့ ကိုကိုနဲ့သူမ နှစ်ယောက်တည်း ကျန်ခဲ့သည်။ ကိုကိုက သူမနားရောက်လာပြီး လက်ကိုဖျတ်ခနဲ ဆုပ်ကိုင်၏။

''သိမ့် ဝမ်းမသာဘူးလားဟင်''

''ကိုကိုကော''

''အဟွန်း ... အတိုင်းထက်အလွန်ပေါ့ဗျာ''

ကိုကိုကပြောရင်း သူမမျက်နှာလေးကို ချစ်ရည်ရွှန်းသော





မျက်လုံးကြီးများဖြင့် စိုက်ကြည့်လာလေ၏။ သူမ မျက်လွှာလေး ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ပြည့်ဝန်းသော လမင်းကြီး၏ လင်းဖြာမှုကြောင့် ဝန်းကျင်တစ်ခွင် လှပနေတော့သည်။ လေညှင်းသွဲ့အတိုက်တွင် အုန်းခက်၊ အုန်းလက်တို့က ယိမ်းဖြာနေ၏။ ကိုကိုနှင့် သူမတို့နှစ်ယောက် လက်ချင်းတွဲ၍ ခြံထဲဆင်းလျှောက်ခဲ့ခြင်းဖြစ်သည်။

"ကိုကို"

"ဗျာ"

"ဒီနေ့ကြမှ လမင်းကြီးက သာလိုက်တာနော်"

လပြည့်ည၏ အလှကို ခံစားရင်း သူမပြောတော့ ကိုကို ပြုံးသည်။ ညမွှေးပန်း၏ ရနံ့က လေနှင့်အတူ သူမတို့ထံ သင်းပျံ့လာ၏။

"လမင်းကြီးကတင် သာတာမဟုတ်ပါဘူး သိမ့်ရယ်၊ ဟောဒီဝန်းကျင်တစ်ခုလုံး သာယာလှပနေတာပါ၊ အဲဒါ ဘာကြောင့်လဲဆိုတာ သိမ့် သိရဲ့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



""ပြောပါဦး…ကိုကို ဘာကြောင့်လဲဟင်""

ရွှန်းလဲ့တောက်ပသော မျက်လုံးလေးများဖြင့် ကိုကို့ကို ကြည့်ကာ သူမမေးလိုက်၏။ ကိုကို၏ မျက်လုံးများနှင့် ဆုံသည်။ ကိုကိုက သူမ၏ လုံးဝန်းကျစ်လစ်သော ပခုံးလေးကို အသာယူ၍ သူနှင့် မျက်နှာချင်းဆိုင်၏။

""ဘာကြောင့်ရမှာလဲ သိမ့်ရယ်၊ အချစ်ကြောင့်ပေါ့ဗျာ၊ အချစ်ကြောင့်ပေါ့၊ ခုဆို ကြည့်စမ်း ကိုကိုနဲ့သိမ့်တို့ရဲ့ ချစ်ခရီးလမ်းဟာ ဘယ်လောက်တောင် ဖြောင့်ဖြူးလိုက်သလဲဟင်၊ သိမ့်ရဲ့ အုပ်ထိန်းသူတွေကအစ ကိုကိုတို့နှစ်ယောက်ကို သဘောတူလိုက်ပြီလေ""

""အဟင်း…ဟုတ်တယ်နော် ကိုကို၊ ဒီနေ့ချိန်ထိတော့ သိမ့်တို့နှစ်ယောက်ကြားမှာ ဘာအနှောင့်အယှက်မှ မပေါ်သေးဘူးနော်""

သူမစကားကို အလိုမကျဟန်ဖြင့် ကိုကို မျက်မှောင်တွန့်သည်။

""ဒီမှာ သိမ့်…ကိုကိုနဲ့ သိမ့်ကြားမှာ ဒီအချိန်မှ မဟုတ်ဘူး ဘယ်အချိန်မှ အနှောင့်အယှက်မပေါ်ရဘူး ပေါ်ပေါက်စရာ အကြောင်းလည်းမရှိဘူး သိမ့်""





""အော်…ကိုကိုရယ် သိမ့်က စကားအဖြစ်ပြောတာပါ၊ ကြည့်ပါဦး ကိုကို့မျက်နှာကြီးက ဖြစ်သွားလိုက်တာ""

တကယ်ပဲ ကိုကို့မျက်နှာက ပျက်ယွင်းချင်နေ၏။ သူမက ချော့သည့်အနေဖြင့် ကိုကို့ပါးပြင်ကို နုညက်သော လက်ဖဝါးလေးနှင့် အသာပွတ်သပ်ပေးရင်း ပြောလိုက်ခြင်းပါ။

သည်တော့မှ ကိုကို့မျက်နှာ ကြည်လင်လာလျက် သူမကို အပြုံးဖြင့်ကြည့်၏။

""ကိုကိုဟာလေ သိမ့်နဲ့ပတ်သက်ရင် နည်းနည်းမှ အထိခိုက် မခံနိုင်ဘူးဆိုတာ သိမ့်သိထားစမ်းပါကွယ်""

""ဒါပေမယ့် ကိုကို့မိဘတွေနဲ့ သိမ့်မတွေ့ရသေးဘူးလေ၊ နယ်ခြားမှာရှိနေတဲ့ ကိုကို့မိဘတွေက သိမ့်နဲ့ ကိုကို့ကို သဘောတူပါ့မလားဟင်""

ပထမဆုံးအကြိမ် ကိုကိုနှင့်ပတ်သက်ပြီး သူမ မေးမိခြင်းပါ။ ကိုကိုက အားပေးဟန်ဖြင့် သူမကိုကြည့်၏။

""ဒီအတွက် မစိုးရိမ်ဖို့ ရန်ကုန်မှာလည်း ကိုကိုပြောခဲ့တယ်လေ၊ မိဘတွေက ကိုကို့သဘောပဲဆိုတာ""

""တကယ်တမ်း တွေးကြည့်တော့ သိမ့်ဘက်က အားငယ်စရာပါတယ် ကိုကို၊ သိမ့်မှာလေ မိဘရင်းဆိုတာလည်းမရှိ ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



တို့ ကောက်ယူမွေးစားထားခဲ့လို့သာ ဒီဘဝရောက်တာဟုတ်လား

ကိုကိုနှင့်ပတ်သက်ပြီး သူမ အားငယ်စွာ ပထမဆုံ ပြောမိ တာပါ။ ကိုကိုခေါင်းခါယမ်းသည်။

"မဟုတ်တာကွယ်…သိမ့်ဟာ အင်မတန်လှပပြီး နူးည သိမ်မွေ့တဲ့ မြန်မာမိန်းကလေးတစ်ယောက်ပါ၊ အဲ့ဒီဂုဏ်ဟာ ဘာနဲ့ မလဲနိုင်သလို တက္ကသိုလ်က နည်းပြဆရာမလေးဆိုတဲ့ ဂုဏ်က လည်း တန်ဖိုးကြီးပါတယ်ဗျာ"

"အဟင်း…ကိုကိုပြောမှ သိမ့်လေ ကိုယ့်ဘာသာ အထင် ကြီး ဘဝင်မြင့်ချင်လာပြီနော်"

ကိုကိုနှင့်စာလျှင် သူမ၏ဂုဏ်ပုဒ်က သေးငယ်ပေမယ့် တကယ်တမ်းမှာ ဂုဏ်ယူစရာပါ။

"အဟွန်း…ရပါတယ်ဗျာ သိမ့်ရဲစိတ်ထဲ စောစောက အားငယ်စိတ်တွေ ဘယ်တော့မှ မဝင်စမ်းပါနဲ့"

"သြော်…ဒါကလည်း ကိုကို့အတွက်ပါ၊ သိမ့်ကြောင့် ကိုကို ဂုဏ်ငယ်မှာစိုးလို့"

သူမ၏ ချစ်စဖွယ်ပြောဟန်ကြောင့် သူ အသည်းယားဟန် နှင့် ကြည့်သည်။

"ကိုကို့အတွက်ဆိုရင် အဲဒါမျိုးတွေ မပြောဘဲ ကိုကို





က်ထပ်ပြီးရင် သိမ့်ဘယ်လိုပြုစုရမလဲဆိုတာသာ စဉ်းစား"

"အမယ်…ကိုကိုနော်"

ထိန်ထိန်သာသော လရောင်အောက်မှာ သူမမျက်နှာလေး ွားသယောင်ပါ။

"အဟုတ်ပြောတာဗျ ကိုကိုနဲ့လက်ထပ်ပြီးရင် သိမ့်အလုပ် ထွက်ရမယ်၊ အိမ်မှာပဲနေပြီး ကိုကို့ကို ပြုစုရမယ်ဗျ"

"ဟင်…တကယ်လား ကိုကို"

အတည်ပေါက်ဟန်ဖြင့် သူပြောတာမို့ သူမက သေချာ င် မေးလိုက်ရ၏။ ခပ်တည်တည်ဖြင့် ကိုကို ခေါင်းညိတ်သည်။

"တကယ်ပေါ့ ကိုကို့မိန်းမလှလှလေးကို ဘယ်သူမှကြည့် မကြိုက်ပါဘူး"

"ကြည့်စမ်း…ကိုကို့ကို ခေတ်မီတဲ့လူကြီးတစ်ယောက် တွေးထားတာ မှားပြီပဲ"

"ဟင်…ဘာကြောင့်မှားရတာလဲ သိမ့်"

ကိုကိုနှင့်ချစ်ခဲ့ကြပေမယ့် ယခုလို ဘဝအကြောင်း သူမတို့ ခါမှ မဆွေးနွေးခဲ့ဖူးပါ။

"မှားတာပေါ့ကိုကို ဒီနေ့ခေတ် မိန်းမကို ချောင်ထိုးထား မရှိတော့ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



‘‘ဒါ ချောင်ထိုးတာမှ မဟုတ်ဘဲ၊ ကိုယ့်မိန်းမကိုယ့်က ပြုစုချင်လို့ပဲ သိမ့်၊ဘာလဲ သိမ့်က ကိုကို့ကို မပြုစုချင်ဘူးလား ဟင်’’

သည်တော့လည်း သူမခေါင်းခါယမ်းရ၏။ ကိုကိုအထင် လွဲမှာမျိုး အဖြစ်မခံနိုင်ပါ။

‘‘သိမ့်ဟာ မြန်မာမိန်းကလေးတစ်ယောက်ပါ ကိုကို လက်ထပ်ပြီးရင် ဇနီးမယားတစ်ယောက်ရဲ့ ဝတ္တရားကျေပြွန်ရမယ် ဆိုတာ နားလည်ပါတယ်၊ ခုလိုပြောတာ သိမ့်က ကိုကို့အပေါ် မပြုစုချင်လို့ မဟုတ်ပါဘူး၊ ဒီအလုပ်က သိမ့်ကိုယ်တိုင် ဝါသနာ ပါလို့ မဟုတ်လား’’

သူမပြောသမျှ ကိုကို လေးနက်စွာ နားထောင်၏ တကယ်တမ်းမှာ ဆရာမတစ်ယောက်ဖြစ်ဖို့ဆိုတာ မလွယ်။

‘‘သိမ့်က ဒီအလုပ်ကမထွက်ချင်ဘူးလား’’

‘‘ဖြစ်နိုင်ရင်ပေါ့ ကိုကို’’

‘‘အင်းလေ…ဒီကိစ္စ ကိုကိုတို့ လပ်ထပ်ပြီးမှ ထပ်ဆွေး စားကြတာပေါ့ သိမ့်’’

ထိုစဉ်လမင်းကြီးကို တိမ်မည်းတချို့က ဖုံးအုပ်သွား တာကြောင့် ဝန်းကျင်တစ်ခုလုံး မှောင်သွား၏။

‘‘သိမ့်’’





‘‘အို…ကိုကို’’

သန်မာသော ကိုကို့လက်များက သူမကိုယ်လေးပေါ် ရစ်သိုင်းလာ၏။ ထို့နောက် ပူနွေးသောအနမ်းများ။

‘‘ချစ်တယ် သိမ့်ရယ်’’

‘‘အို…ဟင့်အင်း’’

သို့သော် ရုတ်တရက် သူမနှုတ်ခမ်းလေးတွေ ပူနွေးသွားရ၏။ တိတ်ဆိတ်သော ပတ်ဝန်းကျင်ထက်မှာ ကိုကိုနှင့်သူမ နှစ်ယောက်တည်း။

ကိုကို့အနမ်းများ ကြမ်းလာတော့ သူမတွန်းဖယ်လိုက်သည်။

‘‘အိမ်ပေါ်တက်ကြစို့ ကိုကို’’

‘‘ဟင်း’’

သိသာစွာ ကိုကို သက်ပြင်းချ၏။ သို့သော် ဘာမှမပြောဘဲ သူမအလိုလိုက်ကာ နေရာမှထသည်။

‘‘ဒီည ကိုကို့နားမှာ သိမ့်ရှိနေရင် သိပ်ကောင်းမှာပဲကွာ’’

တောင်းဆိုသော မျက်ဝန်းများဖြင့် ကိုကိုပြောလာသည်။

သူမ ခေါင်းလေးငုံ့သွား၏။ သေချာစဉ်းစားကြည့်တော့ ကာယကံရှင်နှစ်ဦးကလည်း ချစ်ကြကာ မိဘတွေကလည်း သဘောတူတာကြောင့် အဆင်ပြေနေတဲ့ ချစ်ခရီးပါ။



www.burmeseclassic.com

www.burmeseclassic.com

““ဒီထက် အချိန်ကြာလာရင် ဒေါ်ဒေါ်တို့ အထင်လွဲမယ် ကိုကိုရယ်””

““သိမ့်က ကိုကို့ကို မချစ်ဘူး””

““ဒီလိုမပြောပါနဲ့ ကိုကို၊ သိမ့်ဟာ မြန်မာမိန်းကလေး တစ်ယောက်ပါ၊ လက်မထပ်ခင်အချိန်ထိ တန်ဖိုးရှိတဲ့ သိမ့်ရဲ့ အပျို စင်ဂုဏ်သိက္ခာကို ထိန်းထားပါရစေ၊ သိမ့်ကို နားလည်ပေးပါ ကိုကို””

ကိုကိုက အတန်ကြာတိတ်ဆိတ်သွားပြီးမှ ပြုံးလာ၏။ သိမ့်ကိုလည်း လေးစားဟန်ဖြင့် ကြည့်သည်။

““ကောင်းပါပြီဗျာ…သိမ့်ရဲ့ ထိန်းသိမ်းနိုင်တဲ့စိတ်ကို ကိုကို ချီးကျူးပါတယ်၊ ကဲ ‘အိမ်ထဲဝင်စို့’”

ကိုကိုက လက်ကမ်းပေးလာသည်။ သူမပြုံးရွှင် ဖြူနုလှပ သော လက်လေးကို ပြန်ကမ်းပေးလိုက်၏။

တိမ်မည်းကင်းစင်သွားသော လမင်းကြီးအောက်မှာ သူမ တို့နှစ်ယောက် နိုင်မြဲစွာ လက်ချင်းချိတ်လျက် အိမ်မကြီးဆီသို့ လျှောက်ခဲ့ကြလေသည်။



မြို့လေးကငယ်သော်လည်း စိမ့်စမ်းချောင်းမြောင်းပေါတာ ကြောင့် စိမ်းစိုသာယာလှပလေ၏။ မောမြေဘက်သို့ ဝင်ရောက်နေ ကြောင့် တောင်ပြာတန်းကြီးများကိုလည်း မားမတ်စွာ တွေ့ရ သည်။ သဘာဝရာသီဥတုရှုခင်းက ပန်းချီကားတစ်ချပ်နှယ် သာယာလှပလွန်း၏။

သည်နေ့တော့ ဦးဦးနှင့် ဒေါ်ဒေါ်တို့က ကိုကိုနဲ့ သူမကို တောင်ပေါ်ဘုရားသို့ လိုက်ပို့သည်။ ကိုကို၏ကားနှင့် သွားကြတာ ဖြစ်၏။

တောင်ပေါ်ထိ ကားလမ်းတက်၍ရတာမို့ သူမတို့အတွက် အဆင်ပြေလှသည်။ တောင်ပေါ်ဘုရားသည် ဆည်းလည်းသံတည် ကြည်ညိုသပ္ပါယ်စရာကောင်းလှ၏။

““ဘုရားက ကြည်ညိုစရာကောင်းလိုက်တာနော် ကိုကို””


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သိမ့်၊ ဒီတောင်ပေါ်ကနေ စီးကြည့်ရင် ရှုခင်းတွေအားလုံး သာယာလှပတယ်ကွ"

ဘုရားကန်တော့ပြီးနောက် သူမနှင့်ကိုကို တောင်ပေါ်မှ ရှုခင်းကြည့်ကြ၏။ ဦးဦးနှင့် ဒေါ်ဒေါ်တို့က ရောက်တုန်း နာ ဝက် တရားမှတ်နေကြသည်။

"လေကလည်း သိပ်တိုက်တာပဲနော် ကိုကို"

"သိမ့် ဆံပင်တွေ လေထဲလွင့်မျောနေတာ သိပ်လှတာ ပဲ၊ ကိုကို ဓာတ်ပုံရိုက်ပေးမယ်"

"အဟင်း…လှလှလေးရိုက်ပေးနော် ကိုကို"

"စိတ်ချပါဗျာ"

ကိုကိုက အသင့်ယူလာသော ကင်မရာဖြင့် သူမ ဓာတ်ပုံရိုက်ပေးလေ၏။ ဖြူနုသောအသားအရေမှာ အစိမ်းနုရော ဝတ်စုံလေးဖြင့် သူမက လှပလွန်းနေ၏။

"လှရဲ့လား ကိုကို"

ဓာတ်ပုံရိုက်ပြီးတော့ ကိုကို့အနားသွားကာ သူမမေး ကိုကိုက ပြုံး၍…

"ဒီမှာကြည့်လေ သိမ့်"

ဒစ်ဂျစ်တယ်ကင်မရာမို့ ရိုက်ပြီးသားဓာတ်ပုံကို သူမအ





ကိုကိုပြန်ပြလေ၏။ တကယ်ပဲ ဓာတ်ပုံထဲမှာ သူမလှနေပါသည်။

"လှတယ်နော် ကိုကို"

"ကိုကိုရိုက်တာ တော်လို့ကွ"

"ဟင်းနော်…ကိုကို၊ ဒါဖြင့် သိမ့်က မလှလို့ပေါ့ ဟုတ်လား"

မျက်စောင်းလေးဝင့်၍ သူမမေးတော့ ကိုကိုသဘောကျ စွာရယ်၏။

"လှပါတယ်ဗျာ…သိမ့်လှလို့သာ ကိုကို ရိုက်တာ လှတာပေါ့"

သည်တော့မှ သူမမျက်နှာ ပြုံးလေ၏။ ကိုကိုက သူမကို ကင်မရာပေးသည်။

"သိမ့်က ကိုကို့ကိုရိုက်ပေး"

"ဟုတ်ကဲ့"

ကိုကို့ပုံကို သူမရိုက်ပေးလိုက်သည်။ ဓာတ်ပုံထဲမှာ ကိုကိုက ခန့်ညားချောမောနေ၏။

"ကိုကိုချောလား သိမ့်"

"ဟင့်အင်း"

"ကြည့်စမ်း…ဒါဆို ကိုကိုမလှဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



''အင်း''

ကိုကိုကို စချင်တာကြောင့် သူမခေါင်းညိတ်ပြန်၏။ ကိုကို့မျက်နှာ မဲ့သွားသည်။

''ဒါဆို…ကိုကိုမလှဘဲ ဘာလို့ သိမ့်က ကိုကို့ကိုချစ်သလဲကွ''

''အို…ဒါကတော့''

ရုတ်တရက် ကိုကိုမေးတော့ သူမ ဖြေရခက်လေ၏။ ကိုကိုက အနိုင်ရဟန်ဖြင့်ပြုံးကာ…

''ကဲ…သိမ့် ဖြေလေ''

''ကိုကိုနော်''

မျက်နှာနီနီလေးဖြင့် သူမ မျက်စောင်းထိုးတော့ ကိုကိုရယ်လေ၏။

ထိုစဉ်…

''ကလေးတို့က ဘုရားဖူးလာတာလားကွယ့်''

''ရှင်''

နောက်မှအသံကြောင့် သူမ လှည့်ကြည့်လိုက်တော့ ယောဂီဝတ်စုံနှင့် အမျိုးသမီးကြီးတစ်ယောက်။

ကိုကိုနားသို့ သူမကပ်သွားလိုက်၏။ ကိုကိုက သူမလက်





လေးကို အသာဆုပ်ကိုင်ကာ…

''ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ကျွန်တော်တို့ ဘုရားဖူးလာတာပါခင်ဗျာ''

သည်တော့ ယောဂီအမျိုးသမီးကြီးက ခေါင်းတညိတ်ညိတ်ပြ၏။ ထို့နောက် သူမတို့နှစ်ယောက်ကို သေချာကြည့်သည်။

တစ်ခေါင်းလုံး ဆံပင်တွေ ဖွေးဖြူသည့်တိုင် အမျိုးသမီးကြီး၏ မျက်လုံးတွေက အရွယ်နှင့်မလိုက်အောင် အရောင်တောက်ပလွန်းလှ၏။

''မောင်ရင်တို့က ဒီအရပ်ဒေသက မဟုတ်ဘူးထင်တယ်''

ကိုကိုနှင့်သူမ တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီးမှ…

''ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ကျွန်မတို့က ဧည့်သည်တွေပါ''

ဟု သူမဝင်ခံလိုက်၏။

''အင်း…မင်းတို့ပုံစံတွေကြည့်တာနဲ့ ဒီအရပ်ဒေသက မဟုတ်ဘူးဆိုတာ အကဲခတ်လို့ရတယ်ကွယ့်၊ နောက်ပြီး မင်းတို့ဟာ သက်မထပ်ရသေးတဲ့နှစ်ယောက်ပဲ''

''ရှင်''



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

ရုတ်တရက် ထိုအမျိုးသမီးကြီး၏ အပြောကြောင့် သူမကို အံ့ဩသွားသည်။

"ဟို…ဒီကိစ္စ ဒေါ်ဒေါ်ဘယ်လိုသိတာလဲဟင်"

သူမ၏အမေးကို အမျိုးသမီးကြီးက ပြုံးသည်။ ကိုကိုနှင့် သူမ စိတ်ထဲမှာ ထိုအမျိုးသမီး၏ အပြုံးက အရာအားလုံး သိနေသလိုပင်။

"မင်းတို့နှစ်ယောက် လက်ထပ်ဖို့ ရည်ရွယ်ထားကြသလား"

"ဗျာ…ဟုတ်ကဲ့"

ကိုကိုက ဖြေရင်း အမျိုးသမီးကြီး ဘာပြောမလဲဟု မျက်မှောင်အနည်းငယ်တွန့်ကာ ကြည့်သည်။

အမျိုးသမီးကြီးက သက်ပြင်းချ၏။ သူမတို့ကို ကရုဏာသက်သလို ကြည့်သည်။

"လက်ထပ်ဖို့ဆိုရင်တော့ မင်းတို့စိတ်လျှော့လိုက်ကြ၊ မင်းတို့လက်ထပ်ဖြစ်မှာ မဟုတ်ဘူး"

"အို"

"ဟင်"





သေချာတိကျဟန်နှင့် အမျိုးသမီးကြီး၏ အပြောကြောင့် ကိုကိုနှင့် သူမ မျက်စိပျက်သွားသည်။

အထူးသဖြင့် ကိုကိုတစ်ယောက် မျက်မှောင်ကြီး အစွမ်းကုန်တွန့်လျက်…

"ဒီမှာ ဒေါ်ဒေါ်၊ ကျွန်တော်တို့နှစ်ယောက်ဟာ သိပ်ချစ်ကြတဲ့ ချစ်သူနှစ်ယောက်ပါခင်ဗျာ၊ လက်ထပ်ဖို့လည်း ဆုံးဖြတ်ပြီးလို့ ဒီကို လူကြီးတွေ အသိပေးရင်း ရောက်လာတာပါ၊ ခုထိ ကျွန်တော်တို့နှစ်ယောက်ကို လူကြီးမိဘတွေကလည်း သဘောတူကြပါတယ်"

ကိုကိုက စိတ်ကိုလျှော့လျက် တည်ငြိမ်စွာ ရှင်းပြလိုက်၏။ သူမကလည်း ကိုကို့ဘက်မှ ထောက်ခံလိုက်သည်။

"ဟုတ်ပါတယ် အဒေါ်၊ ကျွန်မတို့နှစ်ယောက်ဟာ မကြာခင် လက်ထပ်ကြမှာပါ"

သို့သော် အမျိုးသမီးကြီးက ခေါင်းခါယမ်းသည်။

"မင်းတို့ ဘယ်လောက်ပဲ ဆုံးဖြတ်ထားပါစေ လက်ထပ်ပွဲကြီးက ပျက်ကိုပျက်လိမ့်မယ်၊ ပျက်ရမယ့်အကြောင်းကလည်း …ကြောင့်ပဲ မိန်းကလေး"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



သူမကို စူးစိုက်ကြည့်လျက် အမျိုးသမီးက အေးဆေး
သောလေသံဖြင့် တစ်လုံးချင်းပြောလာသည်။

ကိုကို့မျက်နှာ အကြီးအကျယ် ပျက်ယွင်းကာ…

"ဒီမှာ ဒေါ်ဒေါ်၊ ခုလိုပြောတာ တဆိတ်မလွန်လွန်းဘူ
လားဗျာ။ ကျွန်တော်တို့ နှစ်ယောက်ကြားမှာ ဘာအကြောင်းနဲ့
လက်ထပ်ဖို့ကိစ္စ ပျက်စရာအကြောင်းမရှိဘူးဗျ"

ယခုတစ်ခါတော့ ကိုကို့အသံက ဒေါသပါလာ၏။ ဒါ
လည်း ကိုကို့ကို အပြစ်တင်လို့မရပေ။ စောစောက ပျော်ရွှင်နေသေ
သူမနဲ့ ကိုကို့အတွက် လွန်စွာ စိတ်အနှောင့်အယှက် ဖြစ်ရသည့်လ
ရပ် မဟုတ်လား။

"မောင်ရင်တို့ကတော့ ဒေါ်ဒေါ်ကို နမိတ်မကောင်းတ
ပြောတယ်လို့ ထင်မှာပဲ၊ ဒါပေမယ့် ဒေါ်ဒေါ် အာရုံထဲ မြင်သ
ပြောလိုက်တာပဲ၊ တကယ်လို့ မင်းတို့နှစ်ယောက် လက်ထပ်ဖြ
မယ်ဆိုရင်တောင် ဘယ်လိုမှ ပျော်ရွှင်စရာ အိမ်ထောင်ဖြစ်
မဟုတ်ဘူးကွယ့်၊ အထူးသဖြင့် ဒီမိန်းကလေးကြောင့် မ
စိတ်ဆင်းရဲရမယ်"

ကိုကိုက ဖျတ်ခနဲ သူမကိုကြည့်သည်။ သူမ မျက်နှာ
နီသွားကာ…





"ဒေါ်ဒေါ် ဘယ်လိုပြောလိုက်တာလဲဟင်၊ ကျွန်မကြောင့်
ကိုကို စိတ်ဆင်းရဲစရာအကြောင်း မရှိဘူးရှင့်"

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ သိမ့်ဟာ ကျွန်တော့်ကို ချစ်တဲ့
မိန်းကလေးတစ်ယောက်ပါ၊ ဒီနေ့အချိန်ထိလည်း ကျွန်တော် စိတ်
အနှောင့်အယှက်ဖြစ်အောင် တစ်ခါမှ မလုပ်ခဲ့ပါဘူး"

ကိုကိုက သူမကို ယုံကြည်စွာ ပြောလာတာကြောင့်
ကျေးဇူးတင်လိုက်ရ၏။ ကိုကို့လက်ကို သူမ မြဲမြဲဆုပ်ကိုင်ထား
သည်။

"အင်း…ဒီပုံအတိုင်းဆိုရင် မင်းတို့နှစ်ယောက် ကံဆိုးမှာ
ပဲ၊ အဲဒီကံကို ရှောင်လွှဲဖို့ အဒေါ်က စေတနာနဲ့ သတိပေးတာပဲ၊
ကျန်တာကတော့ မင်းတို့ကိစ္စပဲလေ၊ သာဓု…သာဓု…သာဓု"

အမျိုးသမီးကြီးက ပြောချင်ရာပြောပြီး သူမတို့နားမှ ဖြည်း
ဖြည်းချင်း လှည့်ထွက်သွားလေ၏။

ကိုကိုနှင့် သူမတို့ အမျိုးသမီးကြီး မြင်ကွင်းမှ ပျောက်
ကွယ်သွားတဲ့အထိ ကြည့်နေမိလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"သိမ့် စိတ်အနှောင့်အယှက် ဖြစ်သွားလားဟင်"

ကိုကိုက သူမကို ကြင်နာစွာကြည့်၍ မေးလာ၏။ သူမ သက်ပြင်းလေးချလိုက်သည်။

"ကိုကိုကောဟင်"

"ဟင့်အင်း...ဘယ်ကရောက်လာမှန်းမသိ ပြောချင်ရာ ပြောပြီး ထွက်သွားတဲ့ ဒီအမျိုးသမီးကြီးစကားကို ကိုယ်တို့နှစ်ယောက် မကြားလိုက်ဘူးလို့ပဲ သဘောထားလိုက်ပါ သိမ့်"

မှန်တာပြောရလျှင် ရင်ထဲမှာ သူ့အနေဖြင့် အနှောင့်အယှက် ဖြစ်သွားသည့်တိုင် ချက်ချင်းမေ့ပစ်ဖို့ ကြိုးစားရင်း သူမကိုပါ အားပေးလိုက်ခြင်းဖြစ်၏။

သူမကတော့ မျက်နှာမကောင်းစွာဖြင့် ကိုကို့ကိုကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သိမ့် စိတ်ထဲမှာတော့ တစ်မျိုးပဲ ကိုကို"

"ဘာမှစိတ်ထဲမထားပါနဲ့ သိမ့်၊ ကိုကိုနဲ့သိမ့် မကြာခင် လက်ထပ်ကြတော့မှာပဲကွာ"

သူမလက်လေးကို တင်းတင်းဆုပ်ကိုင်လျက် ကိုကို အားပေးသည်။

"တကယ်လို့ ကိုကိုနဲ့သိမ့် ဟိုအမျိုးသမီးကြီး ပြောသလို ဖြစ်ခဲ့ရင်ကော"

"ဘာတွေလျှောက်ပြောနေတာလဲ သိမ့်၊ အဲဒီလိုဖြစ်အောင် သိမ့်က ကိုကို့အပေါ် သစ္စာဖောက်မှာမို့လို့လား"

"အို…ကိုကိုကလည်း မဟုတ်တာ"

သူမ ကမန်းကတန်းလေး ငြင်းဆိုလိုက်ရင်း ကိုကို့အား မျက်စောင်းထိုးလိုက်မိ၏။

"ဒါကြောင့် ဘာအနှောင့်အယှက်မှ ဖြစ်စရာမလိုဘူးလို့ ကိုကိုပြောတာပေါ့၊ ဟော…ဟိုမှာ ဦးဦးတို့လာပြီ"

တရားမှတ်ပြီးသော ဦးဦးနှင့်ဒေါ်ဒေါ်က သူမတို့နား ရောက်လာ၏။

"ဘယ်လိုလဲ, မောင်ကိုကိုနဲ့ သိမ့်၊ ဒီတောင်ပေါ်က သာယာတယ်မဟုတ်လားကွယ့်"





ဦးဦးက ပြုံးရွှင်စွာနှင့် မေးသည်။ ဒေါ်ဒေါ်က သိမ့်ကို ကြည့်ပြီး…

"ဘာတွေဆုတောင်းလဲ သိမ့်"

"အဟင်း…ဒီလိုပါပဲ ဒေါ်ဒေါ်"

စောစောကကိစ္စကြောင့် စိတ်ထဲ မသာယာချင်သော သူမသည် ဒေါ်ဒေါ်အား အတတ်နိုင်ဆုံးပြုံး၍ ပြောလိုက်ရ၏။

ကိုကိုကလည်း…

"ဟုတ်ကဲ့…သာယာပါတယ် ဦး၊ ခုပဲ သိမ့်နဲ့ပြောနေတာ ဘုရားတောင်ရဲ့ ရှုခင်းတွေကို"

"အေး…ဟုတ်တယ်ကွ၊ ဦးတို့ဆို ပိတ်ရက်တွေ မကြာခဏ ဒီတောင်ပေါ်လာပြီး တရားမှတ်၊ ဥပုသ်စောင့်ပဲ"

"ကောင်းပါတယ် ဦး၊ နေရာဝန်းကျင်က တိတ်တိတ် ဆိတ်ဆိတ်နဲ့ဆိုတော့"

ကိုကို့မျက်နှာသွင်ပြင်သည် တည်ငြိမ်နေ၏။ စောစောက အမှုမဖြစ်ထားသလိုပါပဲ။

"ကဲ…အဖေကြီးရေ သွားကြစို့၊ မောင်ကိုကိုတို့လည်း ဆာရောပေါ့"

လက်မှနာရီကို တစ်ချက်ကြည့်လျက် ဒေါ်ဒေါ်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဒေါ်ဒေါ်၊ မနက်ကလည်း စားထားကြသေးတာပဲ သိမ့်သာဆာနေမလား မသိဘူး"

သူမကို လှမ်းကြည့်လျက် ကိုကို ပြောသည်။

"ဟင့်အင်း…သိမ့်လည်း မဆာသေးပါဘူး ကိုကို၊ ဦးဦးတို့ လူကြီးတွေ ဆာရောပေါ့ကိုကို၊ သိမ့်တို့သွားကြစို့"

"အေး…ဟုတ်တယ်ကွ၊ ဦးက အစာအိမ်ရှိတော့ အစားကို အချိန်မှန်စားမှပဲ၊ ကဲ…ကဲ ဆင်းစို့"

ကိုကို၏ကားနှင့်ပင် သူမတို့ တောင်ပေါ်မှ ပြန်ဆင်းလာခဲ့ကြသည်။

မနက်စာကို စားသောက်ဆိုင်မှာပဲ ဝင်စားကြသည်၊ တရုတ်ဆိုင်မှာမို့ စားစရာတွေက ပူပူနွေးနွေး။

သို့သော် သူမက အစားနည်းလေ၏။

"ဟင်…သိမ့်က တော်ပြီလား"

"ဗိုက်ဝပြီ ကိုကို"

ကိုကိုက သူမစိတ်ထဲ ဘာဖြစ်နေတယ်ဆိုတာ သိဟန်ဖြင့်ကြည့်၏။ ဒေါ်ဒေါ်ကတော့ သိမ့်အတွက် စိုးရိမ်စွာ…

"အို…ခါတိုင်းလည်း သိမ့် ဒီလိုပဲ အစားနည်းသလားဒါကြောင့် သိမ့် ပိန်တာ၊ ဒေါ်ဒေါ်တို့ ကွယ်ရာမှာဆိုတော့ သိမ့်ကို





ပြုစုမယ့်သူမရှိနဲ့"

"မဟုတ်ပါဘူး ဒေါ်ဒေါ်၊ ဒီနေ့ ဘရိတ်ဖတ်စားတာများသွားလို့ပါ"

"အေး…အေး ဘာပဲဖြစ်ဖြစ် ကျန်းမာရေး ဂရုစိုက်ကြွ"

"ဟုတ်ကဲ့ပါဦး"

အိမ်ပြန်ရောက်တော့ ကိုကိုက မထင်မှတ်သောစကားဆိုလာ၏။

"ဦးဦးနဲ့ ဒေါ်ဒေါ်တို့ကို ကျွန်တော် တစ်ခုခွင့်ပန်ချင်ပါတယ်"

"ဘာများလဲ မောင်ကိုကို"

သူမက ကိုကို ဘာပြောမလဲဟု ကြည့်မိ၏။

"ဒီလိုပါခင်ဗျာ…ကျွန်တော်တို့ကိစ္စအတွက် နိုင်ငံခြားကဒေါ်တွေကို ခေါ်ထားပါတယ်၊ ဒီကြားထဲ ကျွန်တော်နဲ့ သိမ့်တို့ဦးဦးတို့ဆီမှာပဲ စေ့စပ်ပွဲလေး လုပ်သွားချင်ပါတယ်ခင်ဗျာ"

"ဟေ"

ရုတ်တရက် ကိုကိုက စေ့စပ်ဖို့ပြောလာတာကြောင့် ဦးဦးနှင့်ဒေါ်ဒေါ် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"သိမ့် သဘောကရော"

ဒေါ်ဒေါ်က သိမ့်ဘက်လှည့်မေးသည်။ သိမ့်က ကိုကိုသို့ တစ်ချက်ကြည့်ပြီး…

"ကိုကို့သဘောပါပဲ ဒေါ်ဒေါ်"

သည်တော့ ကိုကိုမျက်နှာ ကြည်လင်သွား၏။ ကိုကို ဘာကြောင့် စေ့စပ်ချင်တယ်ဆိုတာ သူမသိပါသည်။

"အေးလေ…မင်းတို့ဘက်က ဒီလိုဆန္ဒရှိမှတော့ လူကြီးတချို့ဖိတ်ပြီး အသိအမှတ်ပြုပွဲလေး လုပ်ကြတာပေါ့ကွာ"

"လိုအပ်တာအားလုံး ကျွန်တော့်ကို ပြောပါ ဦးနဲ့ဒေါ်ဒေါ်၊ တကယ်တော့ ဒက်ဒီတို့လာမှ စေ့စပ်ပွဲကို ရန်ကုန်မှာ ခမ်းခမ်းနားနား ထပ်လုပ်ဦးမှာပါခင်ဗျာ"

ဂုဏ်ကြီးမားသော ကိုကိုလို လူတစ်ယောက်အနေနှင့် ဖြစ်သလိုလုပ်ရမည့် စေ့စပ်ပွဲအတွက် ဦးဦးတို့ပေါ် အားနာစွာ ပြော၏။

"မိတ်တွေစုံညီမှ ထပ်လုပ်ကြတာလည်း ကောင်းပါတယ်၊ ဦးအနေနဲ့ ပြောရရင်တော့ ဘယ်နှစ်ကြိမ်ပဲ စေ့စပ်ပါစေ တကယ်တမ်းမှာ တစ်ယောက်ကိုတစ်ယောက် သစ္စာရှိဖို့က အဓိက ပါကွယ်"





"ဟုတ်တယ် မောင်ကိုကို၊ မင်းနဲ့သိမ့် ကြင်ကြင်နာနာ နေကြဖို့ပဲ ဦးလည်းလိုလားတယ်"

ဦးနှင့်ဒေါ်ဒေါ်တို့ ဆိုလိုတာ သူ သဘောပေါက်စွာ ခေါင်း ညိတ်သည်။ သူမကိုလည်း ဖျတ်ခနဲ တစ်ချက်လှမ်းကြည့်ပြီးမှ…

"စိတ်ချပါခင်ဗျာ၊ သိမ့်အပေါ်မှာ ကျွန်တော် တစ်သက်လုံး သစ္စာရှိပါ့မယ်"

"ဒီစကားကြားရတာ ဒေါ်ဒေါ်တို့ ဝမ်းသာပါတယ် ကွယ်"

အိမ်ပြန်ရောက်တာနှင့် ကိုကိုက သူမကိုခေါ်၍ ခြံထဲဆင်း သည်။

"ရုတ်တရက် စေ့စပ်ဖို့စိတ်ကူး ဘယ်လိုပေါ်လာတာလဲ ကိုကို"

သူမမေးတော့ ကိုကိုပြုံးသည်။ စိန်ပန်းပြာပင်ကြီးအောက် ရှိ ခုံလေးတွင် ဝင်ထိုင်လိုက်၏။

"ဘာကြောင့်လဲဆိုတော့ သိမ့်စိတ်ထဲ ဟိုအခေါ်ကြီးပြော တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ရှင်းအောင်လို့လေ၊ ခုလို ကိုကိုနဲ့သိမ့် စေ့စပ်လိုက်တော့ လက်ထပ်ဖို့ ရာခိုင်နှုန်းပြည့် သေချာသွားပြီဆို တာလေ"



www.burmeseclassic.com

www.burmeseclassic.com



''သြော်''

ညည်တော့မှ ကိုကိုရှည်ရှည်ချက် သူမသိကာ သက်ပြင်း ကြိတ်ချမိ၏။ ဘာကြောင့်မှန်းမသိအောင် သူမရင်ထဲမှာ ယခုစေ့စပ် မည့်ကိစ္စအတွက် လှုပ်ရှားခြင်းမရှိပေ။

ထိုစဉ်…

''တီ…တီ''

ကိုကို၏လက်ကိုင်ဖုန်း မြည်လာသည်။

''ဘာကိစ္စပါလိမ့်''

တစ်ယောက်တည်း ဘာသာပြောရင်း ကိုကို ဖုန်းနား ထောင်၏။ တစ်ဖက်မှ ဘယ်သူမှန်း သူမမသိပေ။

''ဘာ…ကုမ္ပဏီမှာ အရေးကြီးကိစ္စပေါ်နေလို့ ဟုတ်လား''

''…….''

''အေး…ငါချက်ချင်း ပြန်လာခဲ့မယ်၊ အဲဒီကိစ္စ ငါလာမှ ဆုံးဖြတ်မယ်''

ထို့နောက် ကိုကို ဖုန်းချလိုက်သည်။

''ဘယ်လိုလုပ်မလဲ…သိမ့်၊ ကုမ္ပဏီမှာ အရေးကြီးကိစ္စ ပေါ်လို့တဲ့''





''ဒါဆို ကိုကိုပြန်မှာပေါ့နော်''

သူမမေးတော့ ကိုကို တစ်ခဏတွေဝေသွားပြီးမှ ခေါင်း ညိတ်၏။

''စေ့စပ်ပွဲလုပ်ရမယ့် ကိစ္စကို နောက်တစ်ခါကြမှပဲ''

''ရပါတယ် ကိုကို၊ တကယ်တော့ အဲဒီကိစ္စ ကိုကိုစိတ် ထောနေလို့ပါ၊ စေ့စပ်ပွဲ မလုပ်ဖြစ်လည်း သိမ့်တို့က လက်ထပ်မှာ ပဲလေ''

''အင်း…ဟုတ်တယ်နော်၊ ဘာပဲဖြစ်ဖြစ် ဦးနဲ့ဒေါ်ဒေါ်တို့ ကိုကို တောင်းပန်ရမယ် သိမ့်''

ထို့နောက် သူမတို့ အိမ်ထဲပြန်ဝင်လာကြသည်။ ကိုကိုက သူ ရုတ်တရက်ပြန်ဖို့ အကြောင်းဖြစ်လာတာ ဦးဦးတို့အား တောင်းပန်ရှင်းပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို သိမ့်ကော ပြန်လိုက်သွားမှာလား"

ဒေါ်ဒေါ်က သူမကို လှမ်းမေး၏။ ကိုကိုကလည်း သူမကို လှမ်းကြည့်နေသည်။

"သိမ့်...ပြန်မလိုက်သေးပါဘူး ဒေါ်ဒေါ်၊ ခွင့်ရက်ကလည်း ကျန်သေးတော့ ရောက်တုန်းလေး ဒီမှာ နေလိုက်ဦးမယ်"

"အို...ဒါဆို ကောင်းတာပေါ့ကွယ်၊ သိမ့်အနေနဲ့လည်း ဒီကို မကြာခဏ ရောက်ဖို့ဆိုတာ မလွယ်ပဲကွယ့်"

သူမနေမည်ဆိုတာကြောင့် ဒေါ်ဒေါ် ဝမ်းသာသွားသလောက် ကိုကိုကတော့ ပြန်မလိုက်၍ မျက်နှာပျက်ချင်နေ၏။

"မောင်ကိုကိုက ဘယ်တော့သွားမှာလဲကွယ်"

ဦးဦးက မေးလာမှ ကိုကို သူမထံက အကြည့်လွှဲ၏။

"မနက်စောစောပဲ ကျွန်တော်ဆင်းလိုက်မယ် ဦး"



www.burmeseclassic.com

www.burmeseclassic.com



"အေး…အဲဒါ ကောင်းတယ်၊ ဒီအချိန်က မိုးလည်းချုပ်နေပြီ၊ ကဲ…ကဲ ဒါဆို လိုအပ်တာတွေ ပြင်ဆင်ပြီး စောစောအိပ်ရာဝင်ကြ"

"ဟုတ်ကဲ့ ဦး"

ဒေါ်ဒေါ်ကလည်း ကိုကို့အတွက် မနက်စာ စောစောပြင်ပေးမှာမို့ အိပ်ရာစောဝင်လေ၏။

သူမက ကိုကို့အခန်းထဲ လိုက်ခဲ့သည်။

"သိမ့်…ဘာတွေလုပ်ပေးရမလဲ ကိုကို"

"သိမ့် လုပ်ပေးရမှာက"

"အို"

ကိုကိုက အခန်းတံခါးကို ပိတ်ကာ သူမကိုယ်လေးကို တင်းကြပ်စွာ ဖက်၏။ ထို့နောက် သူမမျက်နှာပေါ်သို့ မွှတ်သိပ်သော အနမ်းတွေ ကြဲပြန့်လေသည်။

"ချစ်တယ် သိမ့်ရယ်၊ မင်းမပါဘဲ ပြန်ရမယ့်ခရီးဟာ ကိုကို့အတွက် ဘယ်လောက်ခြောက်သွေ့တယ်ထင်လဲ"

သူမ မျက်နှာလေးကို ဆွဲမော့ယူ၍ စိုက်ကြည့်လျက် ကိုကိုပြောသည်။

"ခဏခွဲရတာပဲ ကိုကို၊ ဒေါ်ဒေါ်တို့ကလည်း သိမ့်ကို





ရောက်တုန်း နေစေချင်တယ်လေ"

"အင်း…လူကြီးတွေဘက်က ကြည့်တော့လည်း ဟုတ်ပါတယ်၊ ဒါနဲ့ သိမ့် ဘယ်တော့ ပြန်လာမှာလဲဟင်"

"ခွင့်ရက်စေ့မှပေါ့ ကိုကို"

"ဟာ…ကိုကို အကြာကြီး လွမ်းရတော့မှာပဲကွာ"

ကလေးတစ်ယောက်လို ကိုကို့အပြောကြောင့် သူမ မျက်စောင်းလေးထိုးလိုက်မိသည်။

"ပိုလိုက်တာ ကိုကိုရာ၊ တစ်ပတ်လောက်ပဲ ကြာမှာကို"

"ကြည့်စမ်း…ဒီကောင်က ပိုတာမဟုတ်ဘူး၊ မင်းလေး မျက်နှာကို နေ့တိုင်းမြင်ချင်တာ မသိဘူးလား သိမ့်"

ကိုကို ဒီလိုမေးတော့ သူမ ရင်ခုန်ချင်သွားရသည်။ တကယ်တော့ ကိုကို ဒီလိုချွဲတတ်တာတွေကြောင့် သူမ ချစ်မိသွားတာထင်ပါရဲ့။

"သိမ့်ကလည်း ကိုကို့ကို သတိရနေမှာပါနော်"

"အဟွန်း…တကယ်လားဗျာ"

သူမအပြုံးလေးဖြင့် ခေါင်းညိတ်ပြလိုက်သည်။ ကိုကိုက သူမကိုယ်လေးအား ပိုတိုးကာဖက်၏။

"သိပ်ချစ်တာပဲ သိမ့်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



အုပ်မိုးလာသော ကိုကို့မျက်နှာကြီးကို သူမ အသာတွန်း ဖယ်လိုက်၏။

''မကဲနဲ့ ကိုကိုရာ၊ ကဲ…လွှတ်ပါ၊ ကိုကို့အဝတ်အစား တွေ သိမ့် သိမ်းပေးမယ်''

''နေပါဦး သိမ့်ရယ်''

''ကိုကိုနော်''

သည်တော့လည်း ကိုကိုက သူမကိုယ်လေးကို ပြေလျှော့ ပေး၏။

ကိုကို့ရင်ခွင်မှထွက်၍ ဘီရိုဆီသွားကာ အဝတ်အစားများ သူမ ခေါက်သိမ်းပေးလိုက်သည်။

''လမ်းမှာ ကားကို ဖြည်းဖြည်းမောင်းနော် ကိုကို''

''စိတ်ချပါဗျာ၊ သိမ့်သာ ဒီမှာ ရာသီဥတုကူ အေးတော့ ကျန်းမာရေးကို ဂရုစိုက်''

ကိုကိုနှင့် သူမက တစ်ယောက်တစ်လှည့် အပြန်အလှန် မှာနေတာမို့ ကိုယ်စီပြုံးဖြစ်သည်။

''ကိုကို''

''ဗျာ''

''ဒီည လသာတယ်၊ ခြံထဲဆင်းရအောင်နော်''





''ကောင်းပြီဗျာ''

နှစ်ယောက်သား ခြံထဲဆင်းခဲ့ကြသည်။ ကိုကိုနှင့် သူမ တစ်ယောက်ခါးကို တစ်ယောက်ဖက်ထားလို့လေ။

''ကိုကိုတော့ သိမ့်နဲ့ အမြဲပဲ ဒီလိုနေချင်မိတယ်''

သူမ ပါးပြင်နုနုလေးကို ရှိုက်နမ်း၍ ကိုကိုပြောသည်။

''ကိုကို့ဆန္ဒ မကြာခင် ပြည့်တော့မှာပါ၊ ကိုကို့အတွက် ဆော့ အဲဒီစောင့်ရတဲ့ရက်တွေက သိပ်ကြာသလိုပဲ သိမ့်''

''အချိန်ဆိုတာ ခဏလေးနဲ့ကုန်တာပါ ကိုကို၊ ကိုကို့ဘဝ မှာ သိမ့်ကို ဒီလို တစ်သက်လုံးချစ်နိုင်ပါစေ''

''ကြည့်စမ်း…သိမ့်က ကိုကို့အချစ်ကို ခုထိမယုံသေး ဘူးလားဟင်''

အဲကြိတ်ကာ ကိုကိုမေးတော့ သူမပြုံး၍ ခေါင်းလေးခါ ယမ်းလိုက်သည်။

''မယုံလို့ မဟုတ်ပါဘူး ကိုကိုရယ်၊ ယောကျ်ားတွေရဲ့ အချစ်ဟာ မရခင်ဖျာလိုလိပ်ပြီး ထိပ်ပေါ်တင်ထားချင်တာလေ၊ သက်ထပ်ပြီးရင်တော့ ဖျာလိုနင်းချေချင်တာ မဟုတ်လား''

''တော်ပါ သိမ့်ရယ်၊ အဲဒီလိုယောကျ်ားတွေထဲမှာ ကိုကို မပါပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ကိုကိုက သူမကိုယ်လေးကို ရင်ခွင်ထဲ ဆွဲယူပွေ့သည်။ ထို့နောက် ညင်သာသောအနမ်းများ။

"ကိုကို"

"ဗျာ"

"အိမ်ရာစောစောဝင်နော်၊ ကိုကို မနက်ခရီးထွက်ရမှာလေ"

"ဟင်း…သိမ့်မပါဘဲ အပြန်လမ်းဟာ ကိုကို့အတွက် အထီးကျန်သလိုပါပဲကွာ"

သည်တော့လည်း ကိုကိုနှင့်အတူ သူမ လိုက်သွားချင်စိတ်ဖြစ်ပေါ်မိ၏။ ကိုကို့ကို သနားလို့ပါ။

"သိမ့် ပြန်လိုက်ခဲ့ရမလား ကိုကို"

"ဟင်"

ကိုကိုက ထိုအမေးကြောင့် ဝမ်းသာဟန်ဖြင့် ကြည့်သည်။

"ဒေါ်ဒေါ်တို့ကို ဘယ်လိုပြောမလဲ သိမ့်"

"ကိုကိုတစ်ယောက်တည်း ဖြစ်နေလို့ ပြန်လိုက်သွားတာပါလို့"

ကလေးဆန်စွာ သူမအပြောကြောင့် ကိုကိုပြုံး၏။

သူမ နဖူးလေးကို ဖွဖွနင်းသည်။

"မှန်တာပြောရရင် ကိုကိုကလည်း သိမ့်ကို လက်တွဲခေါ်





သွားချင်တာ၊ ဒါပေမယ့် ကိုယ်တို့ဆန္ဒကက် လူကြီးတွေဆန္ဒကိုလည်း ထည့်တွက်ရမယ်လေ၊ ကိုကိုက သူတို့တူမလေး ပြန်ခေါ်သွားလို့ စိတ်ထဲငြိုငြင်နေပါဦးမယ်ကွယ်"

တကယ်တမ်းကြတော့ သူမထက် ကိုကိုက လူကြီးဆန်စွာ တွေးလေ၏။

"ကိုကိုပဲ သိမ့်ကို လိုက်စေချင်တယ် မဟုတ်လား"

"ဒါတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကိုကိုတို့က ကလေးတွေ မဟုတ်ဘူးလေ၊ သိမ့်လေးက ကိုကို့အတွက် စဉ်းစားပေးတာ ကျေးဇူးပါပဲဗျာ"

ယခုတော့ ကိုကိုက သူမကို ပြန်ချော့နေရ၏။

"ဒါဆိုရင် မနက်ကြသွားကာနီး ကိုကိုမျက်နှာ ပြုံးထားနော်"

"အဟွန်း…ကောင်းပါပြီဗျာ၊ သိမ့်သာ ပြန်မယ့်ရက် ကိုကို့ဆီ ဖုန်းဆက်လိုက်၊ ကိုကိုလာကြိုမယ်"

"အို…ကိုကိုပင်ပန်းပါတယ်၊ သည်လောက်ခရီး ဝေးတာ"

"သိမ့်ကို လာကြိုရမှာပါဗျာ မဝေးပါဘူး၊ သိမ့်တစ်ယောက်တည်း ပြန်လာမှာ ကိုကိုစိတ်မချဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ကဲ ဒါဆို ကိုကို့သဘော"

သူမကပဲ အလျှော့ပေးတော့ ကိုကိုပြုံးသည်။

"ကိုကို့သဘောဆိုရင်တော့"

"အို…ကိုကိုနော်"

လေညှင်းသွဲ့သွဲ့က အေးမြစွာ တိုက်ခတ်နေ၏။ လရောင်ဖျော့ဖျော့အောက်မှာ ညမွှေးပန်းတို့ သင်းပျံ့လျက် ကိုကိုနှင့် သူမတို့အတွက် လှပသော ညလေးမဟုတ်လား။

☆ ☆ ☆



ကိုကိုပြန်သွားပြီးနောက် သူမတစ်ယောက်တည်း ရင်မှာဟာသလိုလို။ ကိုကို့ကို အလွမ်းပြေရန် ဒေါ်ဒေါ်နှင့်သူမ အိမ်အလုပ်တွေ ဝိုင်းကူလုပ်ပေးသည်။

"မောင်ကိုကိုပြန်သွားတော့ သိမ့်တစ်ယောက်တည်း ပျင်းနေပြီလားကွယ့်"

"အဟင်း…မပျင်းပါဘူး ဒေါ်ဒေါ်၊ ကိုကိုနဲ့က သိမ့်ဆိုမှာအမြဲတွေ့ဖြစ်တာပဲ၊ ဒီလို ဒေါ်ဒေါ်တို့နဲ့ နေရဖို့က မလွယ်ဘူးမဟုတ်လား"

သူမအပြောကြောင့် ဒေါ်ဒေါ် ကျေနပ်စွာပြုံး၏။ သူမအပေါ် ဦးဦးနှင့် ဒေါ်ဒေါ်က အထူးဂရုစိုက်လေသည်။

"သိမ့် ဒီလိုတွေးတာ တော်သေးတာပေါ့၊ အမှန်တော့ သိမ့်ကို ဒေါ်ဒေါ်တို့ကလည်း ရောက်တုန်းရောက်ခိုက် နေစေချင်



www.burmeseclassic.com

www.burmeseclassic.com



တာပါ၊ သမီးနဲ့ခွဲရတာ ကြာပြီလေ"

"သိမ့်သိပါတယ် ဒေါ်ဒေါ်"

သားသမီးမရှိသော ဒေါ်ဒေါ်တို့အတွက် သိမ့်တစ်ယောက်သာ ချစ်စရာဟု မှတ်ယူထားတာ မဆန်းပေ။

သူမကိုယ်တိုင်ကလည်း ဒေါ်ဒေါ်တို့ကို မိဘရင်းတွေလို သဘောထားသည်မဟုတ်လား။

"တူအရီးနှစ်ယောက် ဘာတွေစကားကောင်းနေကြတာလဲကွ"

"ဩော်...ဦးဦး"

အလုပ်ကပြန်လာသော ဦးဦးထံမှ သူမ အတက်ချိုကျော် သွားယူလိုက်၏။ ဒေါ်ဒေါ်ကပြုံး၍...

"ဒီနေ့ အဖေကြီးပြန်လာတာ စောသားပဲ"

"အေး...ညှော်ခံပွဲတစ်ခု သွားစရာရှိလို့လေ၊ အမေကြီးနဲ့ သိမ့်တို့လည်း လိုက်ခဲ့ကြ"

ဦးဦးက အရာရှိကြီးတစ်ယောက်မို့ ညှော်ခံပွဲများ မကြာခဏကက်ရကြောင်း ဒေါ်ဒေါ်ပြောပြ၍ သူမသိထား၏။

"ကဲ...သိမ့်ရေ အပျင်းပြေလိုက်သွားကြတာပေါ့"

ဒေါ်ဒေါ်က သူမဘက်လှည့်၍ပြောလည်း။





"ဘာလဲ...ဒီမှာ သိမ့်က ပျင်းနေလို့လားကွ"

"ဟင့်အင်း...မပျင်းပါဘူး ဦးဦး၊ ဒေါ်ဒေါ်က သိမ့်ပျင်းမှာ စိုးနေတာပါ"

သူမ ခေါင်းလေးခါ၍ ဦးဦးကို အမြန်ပြောလိုက်၏။ ဦးဦးက ပြုံးကာ...

"ဒီမှာက ရန်ကုန်လောက် လည်စရာမပေါလှဘူးကွယ့်၊ အောင်ကိုကို ပြန်သွားတော့ သိမ့်တစ်ယောက်တည်း ပျင်းမယ်ဆိုတာ ဦးတို့ တွေးမိပါတယ်၊ ဒါကြောင့် ဒီနေ့ ညှော်ခံပွဲ သိမ့်တို့လိုက်ခဲ့ဖို့ ခေါ်တာ"

"ဗဟုသုတရတာပေါ့ သိမ့်ရယ်၊ ကဲ...ကဲ ရေချိုးပြီး အလှပြင်တော့"

"ဒေါ်ဒေါ်ကော"

"အို...ဒေါ်ဒေါ်က လူကြီးပဲကွယ်၊ ထွေထွေထူးထူး အလှပြင်စရာမလိုပါဘူး၊ သိမ့်သာ လှလှလေးပြင်ခဲ့၊ ဒေါ်ဒေါ်တို့တူမလေး လှကြောင်းကြွားရအောင်လို့"

"အဟင်း...ဒေါ်ဒေါ်ကလည်း ဒီမြို့သူတွေလောက် သိမ့်က လှနိုင်ပါ့မလားလို့"

သိမ့်က ရှက်ပြုံးလေးဖြင့်ပြောတော့ ဒေါ်ဒေါ် ခေါင်းခါ



www.burmeseclassic.com

www.burmeseclassic.com



ယမ်းသည်။

"ဒီမြို့သူလေးတွေလည်း လှပေမယ့် သိမ့်အလှနဲ့ကြတော့ တစ်မျိုးစီပေါ့ကွယ်၊ ကဲ ကဲ ပြင်တော့"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

ကိုကိုသွားပြီးနောက် ပထမဆုံးအကြိမ် သူမအလှပြင်ခြင်း ဖြစ်သည်။ ခရမ်းနုရောင် နှစ်ထပ်ဇာဝမ်းဆက်လေးဖြင့် ဆံပင်ရှည်များကို ခေါင်းလျှော်ပြီး ဖြန့်ချထားလိုက်၏။

"ဒီလိုကြတော့ သိမ့်က ဆယ်ကျော်သက် ကလေးလေးတစ်ယောက်လိုပဲ"

ဒေါ်ဒေါ်အခန်းထဲ ဝင်လာပြီးပြောသည်။

"ဒေါ်ဒေါ်လည်း လှတာပါပဲနော်"

ချိတ်လုံချည်၊ ပိုးပျော့အင်္ကျီရင်ဖုံးနှင့် ပဝါခြုံထားသော ဒေါ်ဒေါ်က အမှန်တကယ် ခန့်ညားချောမောနေသည်။

"အေး...ငါ့တူမ မြှောက်မပဲ၊ ကဲ..ရော့ သိမ့်ဝတ်ဖို့ယူလာတာ"

"ဘာတွေလဲ ဒေါ်ဒေါ်"

"ဖွင့်ကြည့်လေ သိမ့်"

ဒေါ်ဒေါ်ပေးသော ကတ္တီပါဗူးကို သူမအသာဖွင့်ကြည့်





လိုက်၏။

"အို"

အရည်အသွေးကောင်းသော စိန်ထည်များကို တွေ့ရသည်။

"ဒီပစ္စည်းတွေက သိမ့် လက်ထပ်ရင် လက်ဖွဲ့ဖို့ပဲ၊ ခုတော့ ကြိုပြီး သိမ့်ဝတ်ဖို့ယူထားလိုက်ကွယ်"

"နေပါစေ ဒေါ်ဒေါ်၊ ဒီလောက်တန်ဖိုးကြီးတာ ဒေါ်ဒေါ်ပဲ သိမ်းထားပေးပါ"

"အေးလေ...ဒါဆို ခုတော့ဝတ်လိုက်ဦး"

"ဟုတ်ကဲ့"

ဒေါ်ဒေါ်ဆန္ဒကို မကျော်လွန်ချင်၍ သူမဝတ်လိုက်၏။ စိန်ထည်ပစ္စည်းများကြောင့် သူမအလှက ပို၍တောက်ပသွားသည်။

"လှလိုက်တာ သိမ့်ရယ်၊ အင်း...ဒီလောက်လှလို့လည်း မောင်ကိုကိုက ချစ်မြတ်နိုးတာပဲ"

"အဟင်း...ဒေါ်ဒေါ်ကလည်း"

ဒေါ်ဒေါ်ပြောမှ ကိုကို့ကို သတိရသွား၏။ ကိုကို တစ်ယောက် ဒီအချိန် ဘာများလုပ်နေပါလိမ့်။

"သိမ့်တို့သွားတော့မှာလား ဒေါ်ဒေါ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အောက်မှာ မင်းဦးဦး စောင့်နေပြီ"

"အို…ဒါဆို သိမ့်တို့သွားစို့ ဒေါ်ဒေါ်"

အပေါ်ထပ်မှ ဒေါ်ဒေါ်နှင့်အတူ သူမဆင်းခဲ့သည်။ ဦးဦးက ကားပေါ်မှ စောင့်နေ၏။

"တူအရီးနှစ်ယောက် ကြာလိုက်တာဗျာ"

"အို…အဖေကြီးကလည်း ကျွန်မတို့ မိန်းမသားတွေဆိုတာ ဖြစ်သလို ထသွားထလာလို့ ရတာမဟုတ်ဘူးရှင့်"

ဒေါ်ဒေါ်က ကားပေါ်ဝင်ထိုင်ရင်း ဦးဦးကို မျက်စောင်းထိုး၍ ပြောသည်။ သူမပြုံး၍ နောက်ခန်းတွင် ဝင်ထိုင်လိုက်၏။

"ဒီပွဲမှာ ငါ့တူမ အလှဆုံးဖြစ်မယ်ထင်တယ်"

ဦးဦးက သူမကို ပြုံး၍လှမ်းစ၏။ တကယ်တော့ ချောမော လှပသော သူမအတွက် ဦးဦးတို့ ဂုဏ်ယူကြသည်မဟုတ်လား။

"ဦးဦးနဲ့ ဒေါ်ဒေါ်တို့ တူမပဲလေ"

"အဟင်း…ဟုတ်တယ်၊ သိမ့်လှတာ ဦးဦးနဲ့တူလို့ကွ"

"အမယ်…ကိုရွှေလိပ်ကြီး"

ဒေါ်ဒေါ် မျက်စောင်းထိုးတော့ ဦးဦး ပခုံးတွန့်ကာ ရယ်၏။ ဧည့်ခံပွဲသို့ သူမတို့မိသားစုလေး ပျော်ရွှင်စွာ ထွက်ခဲ့သည်။

သူမတို့ရောက်တော့ ဧည့်ခံပွဲမှာ လူစည်နေပြီ။





ဦးဦး၏ မိတ်ဆွေ မြို့မျက်နှာဖုံးတစ်ယောက်၏ ဧည့်ခံပွဲမှာ လူကုံထံအသိုင်း အဝိုင်းများသည်။

"ဟော…ဆရာတို့ရောက်လာပြီကိုး၊ ကြွပါခင်ဗျာ…ကြွပါ"

ဦးဦးကိုမြင်တာနှင့် လှိုက်လှဲစွာ ကြိုဆိုလေသည်။

"ဆရာကတော်လည်း မမြင်ရတာကြာလို့ထင်တယ် ပိုခန့်သာတယ်နော်"

"ဟင်း…ဟင်း ဦးမင်းဆွေတို့ ဇနီးမောင်နှံကလည်း တစ်နေ့တခြား ပိုလိုက်ဖက်နေပါတယ်ရှင်"

ဧည့်ခံပွဲပိုင်ရှင် ဇနီးမောင်နှံမှာ ဒေါ်ဒေါ်တို့အရွယ်ဝန်းကျင် ဖြစ်သည်။ ဒေါ်ဒေါ်အပြောကြောင့် သူတို့ဇနီးမောင်နှံ မျက်နှာပြုံး သွားကြ၏။

"ဆရာနဲ့ ဆရာကတော်ကို မမီပါဘူးဗျာ၊ ဒါနဲ့ သူလေးက သမီးလေးလား"

သိမ့်ကိုမြင်ကာ မေးလာ၏။ ဒေါ်ဒေါ်က ဂုဏ်ယူစွာဖြင့်…

"ဟုတ်ပါတယ် ဦးမင်းဆွေ၊ သိမ့်တဲ့၊ ရန်ကုန်မှာလေ"

"အို…သမီးလေးက သိပ်လှတာပဲကိုး၊ မမတို့မှာ ဒါလို



www.burmeseclassic.com

www.burmeseclassic.com



လုပတဲ့သမီးတစ်ယောက်ရှိတာ ခုမှ ပွဲထုတ်တယ်ရှင်''

ဦးမင်းဆွေ၏ ဇနီးဖြစ်သူက သူမကို ခြေဆုံးခေါင်းဆုံး ကြည့်၍ အပြုံးဖြင့်ပြောသည်။

''ဩော်...မတင့်ရယ်၊ ခုမှပွဲထုတ်ဆို သိမ့်က ရန်ကုန်က ရောက်တာ မကြာသေးဘူးလေ၊ သိမ့်ရေ ဒီကအန်တီတို့ကို နှုတ်ဆက်လိုက်ပါဦး''

ဒေါ်ဒေါ်က သူမဘက်လှည့်ပြော၏။ သူမက ဦးမင်းဆွေတို့ ဇနီးမောင်နှံကို ပြုံးပြရင်း...

''တွေ့ရတာဝမ်းသာပါတယ် အန်ကယ်နဲ့ အန်တီ''

''အိုကွယ်...အန်တီတို့ကလည်း သမီးလေးနဲ့တွေ့ရတာ ဝမ်းသာပါတယ်ကွယ်''

ထို့နောက် သူမတို့ကို သီးသန့်စားပွဲဝိုင်းတစ်ခုတွင် နေရာချပေးလေသည်။

ဦးဦးတို့ကို မြို့လူကြီးများက တစ်ယောက်ပြီး တစ်ယောက် လာရောက်နှုတ်ဆက်လေ၏။

''သမီးလေးက လှလိုက်တာ''

''ဆရာတို့သမီးလေးကတော့ ဆရာတို့အတိုင်းပါပဲဗျာ''

''သမီးလေးရှိတုန်း ကျွန်မတို့အိမ်ကို ထမင်းစားဖိတ်ပါရ





စေရှင်''

စသော ဦးဦးနှင့် ဒေါ်ဒေါ်၏ မိတ်ဆွေများက သူမကို တစ်ယောက်တစ်မျိုး ချီးကျူးမဆုံး။

ထိုသို့ချီးကျူးလေတိုင်း သူမအတွက် ဦးဦးနှင့် ဒေါ်ဒေါ်တို့က ဂုဏ်ယူစွာပြုံးလေ၏။



www.burmeseclassic.com

www.burmeseclassic.com

''သိမ့်ရေ…ခဏနေဦးနော်၊ ဦးတို့ဧည့်သည်တွေ သွားနှုတ်ဆက်လိုက်ဦးမယ်''

''ဟုတ်ကဲ့ ဦး၊ အေးအေးဆေးဆေးသာ နှုတ်ဆက်ပါ၊ သိမ့် သီချင်းနားထောင်နေမှာပါ''

''အေး…အေး သိမ့်က ဂီတဝါသနာပါတော့ အတော်ပဲ၊ ကဲ ဒေါ်ဒေါ်တို့ သွားလိုက်ဦးမယ်''

ဦးဦးနှင့် ဒေါ်ဒေါ်က သူမကိုထားခဲ့ပြီး မိတ်ဆွေများကို သွားနှုတ်ဆက်သည်။ သူမ အအေးသောက်ရင်း တစ်ယောက်တည်း ကျန်ခဲ့၏။

ဧည့်ခံပွဲမှာ အစားအသောက်ကောင်းသလို တေးဂီတက ပါတာမို့ အထူးစည်ကားလိုက်ဖက်နေသည်။

''ယခုတစ်ခါ အလှည့်ကြတာကတော့ ရွှက်စိမ်းရဲ့

www.burmeseclassic.com



ပင်တိုင်တေးသံရှင် မင်းသက်မောင်ပါရှင်''

ကြေငြာသံအဆုံး လက်ခုပ်သံများ ထွက်ပေါ်လာ၏။ ထို့နောက် မကြာခင်မှာ အဖြူရောင်လည်ကတုံး ရှပ်အင်္ကျီပေါ်တွင် အနက်ရောင် သက္ကလပ်ပါး တိုက်ပုံအနက်နှင့် ကြည်ပြာရောင် ပုဆိုးကို တွဲဝတ်လျက် အညိုဖျော့ဖျော့ ဆံပင်တို့က အနည်းငယ် ရှည်နေသော အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် ချောမောသန့်စင်သည့် လူငယ်တစ်ဦး ထွက်လာ၏။

''အို''

ထိုလူကိုမြင်ရခိုက် သူမစိတ်ထဲ တစ်စုံတစ်ရာ ပတ်သက်နေသလိုလို။ မသိစိတ်ထဲ ရင်းနှီးနေသလိုလို။

''ကျွန်တော်သီဆိုမယ့် သီချင်းကတော့ အသက် ဖြစ်ပါတယ်ခင်ဗျာ၊ ဒီသီချင်းလေးဟာ ကျွန်တော်ကိုယ်တိုင် ရေးဖွဲ့ထားတာမို့ နားဆင်ကြည့်ကြစေချင်ပါတယ်''

ကြည်လင်ပြတ်သားသောအသံမှာ ချို၍ နူးညံ့မှုတို့ ပါဝင်နေသော သူ့အသံကြောင့် လူအားလုံးကို မှင်သက်သွားစေ၏။

''အို…အသက်…အသက်ဆိုပါလားကွယ်''

ထိုနာမည်မျိုးကို သူမစိတ်ထဲ ရင်းနှီးနေပါသည်။

''အသက်''





တစ်စုံတစ်ယောက်က သူမကို နှစ်ခြိုက်စွာခေါ်ဟန်။ သူမ မျက်ဝန်းတို့က သူ့ထံသို့ စူးစိုက်ရောက်ရှိသွား၏။

''ဒီရုပ်…ဒီအသံ…ဒီဟန်…ငါ..ငါ ဘယ်နေရာမှာ တွေ့ခဲ့ဖူးပါလိမ့်''

သူမဦးနှောက်ထဲ အဖြေကို အပြေးအလွှားရှာမိသည်။ လွမ်းမောဖွယ်ကောင်းသော သူ၏ ညင်သာလှိုက်လှဲသည့် သီချင်းသံက နားထောင်ရသူအပေါင်း၏စိတ်မှာ လိုက်မောစေ၏။

သူ၏သီချင်းအဆုံး လက်ခုပ်သံတို့ ဆူညံသွားသည်။ ဒီအထဲမှာ သူမအကဲဆုံး။ ဖြူနုသောလက်ဖဝါးလေးတွေ ရဲတက်သည့်အထိ တစ်ယောက်တည်း လက်ခုပ်ကို အားပါးတရ တီးနေမိ၏။

ထို့နောက် သူ့ကို နှစ်ခြိုက်သည့် ပရိသတ်က ဆုတော်ငွေတွေ ချကြ၏။

''အဆိုတော် ကိုမင်းသက်မောင်၏ သီဆိုမှုကို အားပေးနှစ်သက်တဲ့ ယခုဧည့်ခံပွဲပိုင်ရှင် ဦးမင်းဆွေတို့ ဇနီးမောင်နှံက ငွေသားငါးသောင်းကျပ် ဆုချီးမြှင့်ပါတယ်ရှင်''

လက်ခုပ်သံတို့ ဆူညံသွားပြန်၏။ ထို့နောက် လူကုံထံထဲမှလည်း သူ့ကို အသီးသီး ဆုချီးမြှင့်တာမို့…



www.burmeseclassic.com

www.burmeseclassic.com



သူမသည် နေရာမှထကာ စင်မြင့်ဆီသို့ လျှောက်လှမ်းခဲ့၏။

သူမကိုယ်သူမ ဘာလုပ်မိမှန်းမသိခင် အဖြူပေါ်တွင် ပန်းနုရိပ်လေးများပါသော ပိုးပဝါလေးကို သူ့လည်တိုင်အား အပြုံးဖြင့် အသာစည်းနှောင်ပေးလိုက်သည်။

"ဟင်…အသက်"

မမျှော်လင့်ဘဲ သူမကို တွေ့လိုက်ရတာအတွက် အံ့သြဝမ်းသာသွားသူက မင်းသက်မောင်။

ကြည့်စမ်း…သူမဟာ သူ့အိပ်မက်ထဲမှာ အကြိမ်ကြိမ်ရှာဖွေနေတဲ့ မိန်းကလေးပါလား။

"အို…တို့နာမည် အသက်မဟုတ်ဘူး၊ သိမ့်ပါ"

သူမကို အသက်ဟု မှားယွင်းစွာ ခေါ်လာသူအား အပြုံးလေးဖြင့် ရှင်းပြမိသည်။

သူက သူမကို မျက်တောင်မခတ် စူးစိုက်ကြည့်ပြီး ညင်သာစွာ ခေါင်းခါယမ်း၏။

"သိမ့် ဟုတ်လား၊ ဟင့်အင်း ကျွန်တော်သိတာက ခင်ဗျား ဟာ အသက်ပဲ၊ ကျွန်တော့်ရဲ့ အသက်ပဲ"

"အို…မင်း…မင်း လူမှားနေပြီ"





သူမတို့ပြောနေတာ အနီးကပ်နှင်ယောက်တည်းမို့ တခြားမည်သူမျှမကြားပါ။ သူမသည် ထိတ်လန့်ဟန်ဖြင့် ခြေတစ်လှမ်းဆုတ်ပြီး စတိတ်စင်ပေါ်မှ ပြန်ဆင်းခဲ့လိုက်၏။

ထူးဆန်းစွာ သူမရင်ထဲ၌ လှုပ်ရှားနေသည်။ မင်းသက်မောင်ကလည်း သူမသွားရာကို တစ်စိုက်မတ်မတ် လိုက်ကြည့်နေ၏။

"မင်းသက်မောင်ကတော့ ဒီမြို့မှာ နာမည်ကြီး ဂီတသမားတစ်ယောက် သိမ့်ရဲ့၊ ဒေါ်ဒေါ်တို့လည်း သူ့ကိုကြိုက်တယ်၊ သူဆိုတဲ့ သီချင်းတွေဟာ ခံစားမှုများကယ်လေ"

သိမ့် ပြန်ရောက်တော့ စားပွဲဝိုင်းတွင် ပြန်ရောက်နေသော ဦးဦးနှင့် ဒေါ်ဒေါ်က ရှင်းပြလေ၏။

"ဟုတ်…ဟုတ်တယ်နော် ဒေါ်ဒေါ်၊ သိမ့်လည်း သူ့သီချင်းကို ကြိုက်တာနဲ့"

"ဘာလဲ…သိမ့်က မောင်ကိုကိုကို သတိရသွားရောတဲ့လား"

"အို…ဒေါ်ဒေါ်ကလည်း"

ဒေါ်ဒေါ်စတော့ သူမမျက်နှာလေးနီကာ ရှက်သယောင်ဖြစ်သွား၏။ လုံးဝမေ့နေသော ကိုကို့ကို ဖျတ်ခနဲ သတိရမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟင်…သူမ ကိုကို့ဆီ ဖုန်းမဆက်တာကြာပါပြီလား။

"မင်းကလည်းကွာ…သိမ့်ကို သွားစနေတယ်၊ တော်ကြာ မောင်ကိုကိုက လွမ်းတာနဲ့ တို့သမီး အမြန်ပြန်သွားပါဦးမယ်"

"အင်…ဦးဦးကလည်း မဟုတ်တာ၊ သိမ့်က ဦးဦးတို့ကို ကတိပေးထားတဲ့ရက်အတိုင်း ကုန်အောင်နေမှာပါနော်"

သည်တော့မှ ဦးဦးနှင့်ဒေါ်ဒေါ်တို့က စိတ်ချဟန်ဖြင့် သက်ပြင်းချလေ၏။

ထိုစဉ် သူမတို့စားပွဲဝိုင်းသို့ တစ်စုံတစ်ဦး ရောက်လာလေသည်။

"ဟင်…မင်းသက်မောင်"

ဒေါ်ဒေါ်က မြင်ကာ အံ့ဩသလိုရွတ်ဆိုတော့ သူမနှင့် ဦးဦး ဖျတ်ခနဲ ကြည့်မိ၏။ မင်းသက်မောင်သည် စောစောကပုံစံအတိုင်း သူမတို့နားမှာ နူးညံ့သောအပြုံးဖြင့် ရပ်လျက်…

"ကျွန်တော့်ကို ဟောဒီပဝါလေး ဆုချီးမြှင့်တဲ့ ဒီမိန်းကလေးကို ကျေးဇူးတင်စကား လာပြောတာပါခင်ဗျာ"

သီချင်းဆိုတာတင် ကောင်းသည်မဟုတ် အပြင်ဘက်မှာ စကားပြောတာလည်း ညင်သာသိမ်မွေ့လှပါလားဟု သူမစိတ်ထဲမှ ကြိတ်၍ မှတ်ချက်ချလိုက်၏။





"ဩော်…သိမ့်ကိုလား၊ ထိုင်ပါကွယ်၊ ဒေါ်ဒေါ်တို့က ခုပဲ မောင်မင်းသက်အကြောင်း ပြောနေတာပါ"

"ဟုတ်တယ်ကွယ်…ဟောဒီက ဦးတို့ရဲ့တူမလေးက ဂီတဝါသနာပါလေတော့ မင်းရဲ့သီဆိုဟန်ကို အတော်နှစ်ခြိုက်သွားပုံပဲ"

ဦးဦးက ပါဝင်ပြောတာမို့ သူက ကျေးဇူးတင်စွာကြည့်၏။

"ခုလို ကျွန်တော့်ကို ချီးကျူးအားပေးတာ ကျေးဇူးအများကြီးတင်ပါတယ်၊ အန်ကယ်နဲ့ အန်တီ တကယ်တော့ အန်တီတို့ ချီးမွမ်းသလောက် ကျွန်တော် မဖြစ်သေးပါဘူးခင်ဗျာ"

"အို…ဘာကြောင့် မဟုတ်ရမှာလဲရှင်၊ ကိုမင်းသက်မောင်လို အသံမျိုးနဲ့ တိတ်ခွေထုတ်လိုက်ရင် တစ်ခါတည်း အောင်မြင်မှာ သေချာတယ်"

မထင်မှတ်ဘဲ သူမက ဝင်ပြောမိပြန်၏။ မင်းသက်မောင်က သူမကို ပြုံး၍ကြည့်ကာ…

"သိမ့် ဒီလိုအားပေးတာကိုပဲ ကျွန်တော် ကျေးဇူးတင်နေရပါတယ်ခင်ဗျာ၊ ဒါနဲ့ သိမ့်က ဒီမြို့ကမဟုတ်ဘူးထင်တယ်"

လှပချောမောသော သူမကို အကဲခတ်ကြည့်၍ သူမေးသည်။ ဒေါ်ဒေါ်က သွက်လက်စွာဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



"သေချာတာပေါ့ကွယ်၊ သိမ့်က ဒေါ်ဒေါ်တို့ဆီ အလည်ရောက်လာတဲ့ ရန်ကုန်က ဧည့်သည်လေ"

"ဪ…ဒါကြောင့် သိမ့်လိုပုံစံမျိုး ကျွန်တော် မတွေ့ဘူးတာပဲ၊ ရန်ကုန်လို မြို့ကြီးကလာတာဆိုတော့ ကျွန်တော်တို့ရဲ့ မြို့လေးမှာ ပျင်းနေမှာပဲနော်"

"အို…ဟင့်အင်း သိမ့်က အေးအေးနေတတ်တော့ မပျင်းပါဘူး ကိုမင်းသက်မောင်၊ ပြီးတော့ ဒီမြို့လေးရဲ့ တိတ်ဆိတ်အေးချမ်းတာကို ကျွန်မ သဘောကျပါတယ်"

အမှတ်မထင် သူနှင့်ခင်မင်စွာ စကားပြောမိ၏။ ဦးနှင့်ဒေါ်ဒေါ်ကလည်း ဂီတဝါသနာပါသူတွေမို့ မင်းသက်မောင်နှင့်သိရတဲ့အတွက် ကျေနပ်လေသည်။

"မပျင်းဘူးသာဆိုတယ် သိမ့်မှာလည်း တစ်နေ့တစ်နေ့အိမ်ထဲအောင်းနေရတာ မောင်သက်မောင် သိမ့်တို့ ဦးဦးကလည်းသူ့အလုပ်သူ အမြဲရှုပ်နေတာဆိုတော့လေ"

ဒေါ်ဒေါ်က သူ့ကို မြို့ခံတစ်ယောက်အနေဖြင့် ပြောပြသည်။

"ဒါဆို…ကျွန်တော်ကူညီနိုင်တာရှိရင် ပြောပါခင်ဗျာ"

"အေးကွယ်…အန်တီတို့အိမ်ကိုလည်း မောင်သက်မောင်





ခင်ထွက်ပါ"

"ဟုတ်ကဲ့ခင်ဗျာ"

သူ့ကို ဒေါ်ဒေါ် ဖိတ်ခေါ်လိုက်တာကြောင့် သူမ အံ့သြသွား၏။ သူက သူမကို တစ်ချက်ကြည့်ပြီး သွက်လက်စွာ ခေါင်းညိတ်လေ၏။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

"ဒီကမ္ဘာမှာ မောင့်နှလုံးသားကို လှုပ်ရှားစေနိုင်တာဟာ အသက်တစ်ယောက်တည်းပါကွယ်၊ သံသရာမှာ အဖန်ဖန်ကျင်လည်နေရင်တောင် မောင့်နှလုံးသားက ရှာဖွေနေမှာ အသက်ကိုပါ၊ ဖြစ်လေရာဘဝမှာ အသက်နဲ့သာ မဆုံခဲ့ရင် မောင့်အတွက် ဘယ်လိုမှ အဓိပ္ပါယ်မရှိပါဘူးဆိုတာ အသက် သိထားပါ"

နှင်းမိုးတို့က ဖွဲဖွဲကျနေသည်။ ခေါင်းမှာ သိုးမွေးထည် ဝေါခြုံထားသော အမျိုးသမီးတစ်ယောက် ရပ်နေ၏။ သူမနားမှာ အမျိုးသားတစ်ယောက်။

"မောင့်ရဲ့စကားတွေက ကျွန်မရဲ့ နှလုံးသားကို ဘယ်လောက် ထိခိုက်နာကျင်စေလဲဆိုတာ သိရဲ့လားဟင်၊ မောင့်လိုပဲပေါ့ ကျွန်မလေ မောင်မပါဘဲ သံသရာခရီးရှည်ကြီးကို တစ်ယောက်တည်း မလျှောက်ချင်ပါဘူးကွယ်၊ ဘယ်ဘဝ ဘယ်ကမ္ဘာ ရောက်နေပါစေ မောင်တစ်ယောက်ကိုသာ ကျွန်မ စောင့်နေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အသက်ရယ်"

မြူနှင်းတို့က ပို၍ကျရောက်လာချိန် ထိုအမျိုးသမီးအား ချမ်းအေးသောဒဏ်မှ ကာကွယ်ပေးသည့်အလား အမျိုးသားလေးက ရင်ခွင်ထဲ ဆွဲယူတင်းတင်းပွေ့လို့လေ။

ကြည့်စမ်း…စောစောက အေးစိမ့်သော သူမခန္ဓာကိုယ်လေးသည် သူ့ရင်ခွင်ထဲမှာ အလိုလို နွေးထွေးသွားရ၏။

"မောင်နဲ့သာ ခွဲရရင်လေ ကျွန်မရဲ့ မျက်ရည်စက်တွေဟာ ဟောဒီနှင်းမိုးနဲ့အပြိုင် ငိုပွဲဆင်ရမယ်ထင်တယ်"

"မပြောပါနဲ့ အသက်ရယ်၊ မင်းရဲ့မျက်ရည်တစ်စက်ဟာ မောင့်ခန္ဓာကိုယ်ထဲက သွေးစက်ပါပဲ၊ မောင့်ကြောင့် အသက်ဘယ်တော့မှ မျက်ရည်မကျရဘူး၊ အသက်ရှိရာအရပ်ကို မောင်ရောက်အောင် လာခဲ့ပါ့မယ်"

ဖြူနုသောပါးပြင်မှ သူမ၏ ပုလဲမျက်ရည်တို့ကို သုတ်ပေးရင်း သူ ကြင်နာစွာပြောသည်။ မောင့်ကို ယုံကြည်သော မျက်ဝန်းများဖြင့် သူမ ကြည့်မိ၏။

"မောင့်ရဲ့ကတိကို ကျွန်မယုံတယ်၊ ဒါကြောင့် ဘယ်လိုအခြေအနေမှာပဲဖြစ်စေ မောင့်ကို ကျွန်မ စောင့်နေပါ့မယ်ကွယ်"

ထိုအချိန် သည်းထန်သော နှင်းမိုးတို့ ရွာသွန်းကာ သူမ





တို့နှစ်ယောက်ကြား အမှောင်ထု ကျရောက်လာ၏။

"အို…မောင်"

"အသက်"

"မောင်…မောင် ဘယ်မှာလဲဟင်၊ မောင့်ကို ကျွန်မ မမြင်ရတော့ဘူး"

မှောင်မိုက်သော ဝန်းကျင်မှာ မောင့်ကို မျက်ရည်စများဖြင့် ရှာမိ၏။

သို့သော် မောင့်ကို အရိပ်အယောင်လေးမျှ မတွေ့။

"မောင်…မောင်ရေ"

သူမ၏ အော်ဟစ်သံသည် အထက်သို့တိုင် ပျံ့နှံ့သွားစဉ်…

"ဒေါက်…ဒေါက်"

ပြင်းထန်သော တံခါးခေါက်သံကြောင့် သူမ အိပ်ရာမှ နိုးသွား၏။

"သိမ့်…သိမ့် တံခါးဖွင့်ပါဦးကွယ်"

"ဟင်…ဒေါ်ဒေါ်"

အပြင်ဘက်မှ ဒေါ်ဒေါ်အသံကြောင့် သူမ ခုတင်ပေါ်က ဆင်း၍ တံခါးဖွင့်ပေးလိုက်၏။



www.burmeseclassic.com

"ဘယ်လိုဖြစ်တာလဲ သိမ့်၊ သိမ့် ယောင်အော်နေလို့ ဒေါ်ဒေါ် စိုးရိမ်ပြီး တံခါးလာခေါက်တာ"

"အို…ဟုတ်လား၊ သိမ့်…သိမ့် အိပ်မက်ဆိုးတွေ မက်နေတယ်ထင်ပါရဲ့ ဒေါ်ဒေါ်"

စော်စောက အိပ်မက်အကြောင်း တွေးမိလျှင် သူမရင်ထဲ သခုပဲ မောပန်းလာသလိုလို။ ဒေါ်ဒေါ်က သူမမျက်နှာကို စိုးရိမ်ဟန်ဖြင့် ကြည့်သည်။

"ထိတ်လန့်စရာ အိပ်မက်တွေများလား သိမ့်ရယ်၊ အဲဒီလို အမြဲမက်တတ်သလား"

"ရှင်…ဟို…တစ်ခါ တစ်ခါမှပါ ဒေါ်ဒေါ်၊ ဒါနဲ့ သိမ့် ဘာတွေယောင်မိတာလဲဟင်"

အဒေါ်မျက်နှာကို ရှက်ရွံ့ဟန်ဖြင့် ကြည့်ပြီး သူမ မေးလိုက် ၏။ ဒေါ်ဒေါ်က ညင်သာစွာ ခေါင်းခါယမ်းသည်။

"ဘာရယ်မဟုတ်ဘူး၊ ဗူးဗူးဝါးဝါးနဲ့ပါကွယ်"

"ဩော်"

အိပ်မက်ထဲမှာတော့ ပျောက်သောမောင့်ကို ရှာနေတာ မဟုတ်လား။ ဒေါ်ဒေါ်ပြောမှ သက်ပြင်းချနိုင်၏။

"သိမ့်ကြောင့် ဒေါ်ဒေါ် အိပ်ရေးပျက်သွားပြီနော်"





"ကိစ္စမရှိပါဘူးကွယ်၊ ဒီလို အာရုံတက်ချိန် ဒေါ်ဒေါ် ပြီး ဆွမ်းချက်နေကြပါ၊ ခုလည်း ဒေါ်ဒေါ် ဆွမ်းချက်တော့မှာပါကွယ်"

"အို…ဒါဆို သိမ့်လည်း ဆက်မအိပ်တော့ပါဘူး၊ ဒေါ်ဒေါ်နဲ့အတူ ဆွမ်းကူချက်ပါ့မယ်"

သည်လိုအချိန် ပြန်အိပ်၍လည်း မရပြီမို့ ဒေါ်ဒေါ်နှင့် သူမ မီးဖိုထဲဝင်ခဲ့၏။

"မင်းဦးဦးကတောင် ပြောနေတယ် မောင်သက်မောင်ကို အိမ်မှာ ထမင်းဖိတ်ကျွေးမလို့တဲ့"

"သိမ့်အတွက်ဆိုရင်တော့ မလုပ်ပါနဲ့ ဒေါ်ဒေါ်၊ ဒေါ်ဒေါ်ကို ပင်ပန်းပြီး အလုပ်ရှုပ်ပါ့မယ်"

ဦးဦးက အလုပ်မအားတာကြောင့် သူမကို ဟိုဟို့ဒီဒီ တိုက်မပို့နိုင်။ ထို့ကြောင့် သူမတစ်ယောက် အိမ်ထဲမှာနေရတာ ဦးငွေမည်စိုး၍ မင်းသက်မောင်ကို အိမ်ဖိတ်ခေါ်ဖို့ စိတ်ကူးခြင်းဖြစ်သည်။

"အမလေး…သိမ့်ကြောင့်ချည်း မဟုတ်ပါဘူးကွယ်၊ မင်းဦးဦးကိုယ်တိုင်ကလည်း အနုပညာဝါသနာတော့ မောင်သက်မောင်ကို ဖိတ်ချင်တာပါ၊ မနေ့ညကပဲ သူတယောဟောင်းကြီးကို ထုတ်

www.burmeseclassic.com



ပြီး ဖုန်သုတ်နေလေရဲ့"

သူမငယ်စဉ်ကတော့ ဦးဦးသည် အားလပ်သော အချိန် များမှာ တယောတစ်လက်ဖြင့် သီချင်းဆိုတတ်တာ သတိရမိ၏။

"ကိုမင်းသက်မောင်နဲ့ ဒေါ်ဒေါ်တို့က တစ်မြို့တည်းနေကြ တာနော်"

"အေးလေ...တစ်မြို့တည်းနေတယ်ဆိုပေမယ့် ဒေါ်ဒေါ် တို့က ဒီကိုရောက်တာ မကြာသေးတော့ ညှိုသည်လို ဖြစ်နေတာ ပေါ့ကွယ်၊ မောင်သက်မောင်ကတော့ ဇာတိခံထင်ပါရဲ့၊ စောစောက သာသိကြရင် မင်းဦးဦးနဲ့ အတော်အဖွဲ့ကျလောက်နေပြီ"

ဆွမ်းဟင်းချက်ပြီးနောက် ဘရိတ်ဖတ်စ်အတွက်ပါ တစ်ခါ တည်း ပြင်၏။ ဦးဦးက ရုံးကို မနက်စာ စားပြီးမှ သွားတတ် သည်။

"ကိုမင်းသက်မောင်က ဒီမြို့ရဲ့ နာမည်ကြီးအဆိုတော်ထင် တယ်နော် ဒေါ်ဒေါ်"

"ဟုတ်မယ် သိမ့်၊ ကိုမင်းဆွေတို့ အားပေးတာပဲကြည့် လူကလည်း ချောချော၊ အသံကလည်း ကောင်းကောင်းနဲ့ အရည် အချင်းရှိတဲ့သူပဲကွယ်"

ဘာကြောင့်မှန်းမသိ မင်းသက်မောင်အား ဒေါ်ဒေါ်





ချိုးကျူးတာကို သူမကျေနပ်နေ၏။

"ဒါနဲ့ သိမ့်၊ ဒီနေ့ မောင်ကိုကိုဆီ ဖုန်းဆက်မယ်ဆို"

"ဟုတ်တယ် ဒေါ်ဒေါ်၊ မနေ့ကလည်း နှင်းမိုးကျတော့ ဖုန်းလိုင်းခေါ်မရဘူး"

"အေးကွယ်...ရာသီဥတုမကောင်းရင် ဒီလိုဖြစ်တတ်ပါ တယ်"

သိမ့်မှာ ဒေါ်ဒေါ်ပြောသောစကားကို မကြားတော့။ နှင်းမိုး ဟူသောစကားကြောင့် အိပ်မက်ကို သတိရ၏။

မောင်...

အို...အိပ်မက်ထဲတွင် သူမဟာ တစ်စုံတစ်ယောက်ကို ရင်မှ လှိုက်လှဲစွာဖြင့် မောင်လို့ ခေါ်ခဲ့ပါလား။

ပြီးတော့ ထိုမောင်၏ရုပ်သွင်၊ အသံ အားလုံးဟာ ဘာ ကြောင့်များ မင်းသက်မောင်နှင့် တူနေရပါသလဲ။

"သိမ့်ရေ...ဧည့်ဆွေးလေးစပ်ပြီး ရေချိုးလိုက်လေ၊ သိမ့် ဦးဦး ရုံးသွားရင် ဒေါ်ဒေါ်တို့ ဈေးလိုက်သွားကြရအောင်"

"ရှင်...ဟုတ်ကဲ့ ဒေါ်ဒေါ်"

ဒေါ်ဒေါ်တို့၏ ကျယ်ဝန်းလှသော ခြံနှင့်တိုက်က မြို့စွန် မှာမို့ နေ့တိုင်းဈေးမသွားဖြစ်ပါ။

သုံးရက်ခြား တစ်ခါလောက် လိုအပ်တာတွေ မုံအောင်



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ကာ ရေခဲသေတ္တာထဲ ထည့်ထားရ၏။

ဘုရားကို ဆွမ်းတင်ပြီးနောက် ဦးဦးနိုးလာတော့ မနက်စာ အသင့်ဖြစ်ပြီ။

သုံးယောက်သား မနက်စာစားပြီး ဦးဦး၏ကားနှင့် သူမတို့ ဈေးလိုက်ခဲ့ကြသည်။

"ဒီနေ့…ဈေးနေ့ကွယ်၊ သိမ့် တောင်ပေါ်က ဈေးသည် တွေကလည်း လာကြတယ်"

"စည်သားပဲ ဒေါ်ဒေါ်၊ ကြည့်ပါဦး တိုင်းရင်းသားတွေ စုံနေတာပဲ၊ အသီးအနှံတွေကလည်း လတ်ဆတ်လိုက်တာ"

သူမတို့ကို ဈေးချထားပြီး ဦးဦးက ရုံးတက်သွားသည်။

"အသားငါးလည်း လတ်ဆတ်တယ် သိမ့်ရဲ့၊ ဟော… ဟိုမှာ ဂျီသားတွေ လတ်လတ်ဆတ်ဆတ်နဲ့၊ များများဝယ်ပြီး အခြောက်လှန်းထားမှ"

အမျိုးသမီးနှစ်ယောက်တည်း ဈေးဝယ်တာကြောင့် စုံနေ သည်။

သိမ့်ကလည်း စိတ်ကူးရတာတွေဝယ်နှင့် အပြန်မှာ ခြင်းတောင်းအပြည့် ပစ္စည်းတွေစုံနေ၏။



"သိမ့်ရေ…ဒေါ်ဒေါ်တို့ ရထားလုံးငှားပြန်မှပဲ"

"ကောင်းသားပဲ ဒေါ်ဒေါ် သိမ့်လည်း ရထားလုံးကောင်း ကောင်း မစီးဖူးတာနဲ့ အတော်ပဲ"

တစ်ပတ်စာ ပစ္စည်းတွေ ဝယ်လာတာကြောင့် ကြိမ်ခြင်း တောင်းကြီးနှင့်သာမက လက်မှာပါ အထုတ်အဆွဲတွေနဲ့ဖြစ်သည်။

နှစ်ယောက်သား ရထားလုံးစောင့်နေကြစဉ်…

"တီ"

"ဟော…မောင်သက်မောင်ပါလား"

အစိမ်းရောင်ဂျစ်ကားလေးဖြင့် မောင်သက်မောင်ကို တွေ့လိုက်ရသည်။ သူက ကားပေါ်မှဆင်းလာ၏။

သူမကို နူးညံ့သော မျက်ဝန်းများဖြင့် တစ်ချက်လှမ်းကြည့် သည်။ ထိုကဲ့သို့ ရီဝေသောအကြည့်ကြောင့် သူမရင်ထဲ လှိုက်မော



www.burmeseclassic.com

www.burmeseclassic.com



သလို ဖြစ်သွားရသည်။

''ဒေါ်ဒေါ်တို့ ပြန်ကြမှာမဟုတ်လား၊ ကျွန်တော် လိုက်ပို့ပေးပါရစေခင်ဗျာ''

''တကူးတကကြီးကွယ် အားနာစရာ''

သည်တော့ သူပြုံး၍ ခေါင်းခါယမ်း၏။ သူက သူမတို့ခြင်းကြီးကို ဖျတ်ခနဲ ဆွဲယူသည်။

''ကျွန်တော့်ကို ဘာမှအားနာစရာ မလိုပါဘူး ဒေါ်ဒေါ်။ ကြုံလို့ကူညီရတာပဲ၊ ကဲ သိမ့် တက်ပါ''

အံ့သြစရာကောင်းစွာ သူက သူမကို ရင်းနှီးစွာဆို၏။ သူ့အမိန့်ကို မလွန်ဆန်နိုင်သလို သူမနောက်ခန်း ဝင်ထိုင်မည်ပြုစဉ်…

''အို…သိမ့် ရှေ့ကထိုင်ပါ၊ ဒေါ်ဒေါ်နောက်က ထိုင်ပါ့မယ်ကွယ်''

''မဟုတ်တာပဲ ဒေါ်ဒေါ်က လူကြီးဆိုတော့ ရှေ့ကထိုင်ပါရှင်''

တူအရီးနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဦးစားပေးနေတာကို သူပြုံးကြည့်နေ၏။

''ဩော်…ဒေါ်ဒေါ်ကဝတော့ နောက်မှာထိုင်ရတာ





ပို့ကျယ်တယ်ကွ၊ ကဲ…ကဲ တက်ပြီ''

ပြောရင်း ဒေါ်ဒေါ်က နောက်ခန်းဝင်ထိုင်လိုက်၏။ သူက သူမတို့ဆွဲခြင်းတွေကို စနစ်တကျတင်သည်။

သူမလည်း မတတ်သာ၍ ရှေ့ခန်းဝင်ထိုင်လိုက်ရ၏။ ခဏကြာခင် သူ၏ ကားလေး နေရာမှ မောင်းထွက်ခဲ့လေသည်။

''ဒီနေ့ မမျှော်လင့်ဘဲ သိမ့်တို့နဲ့တွေ့ရတာ ကျွန်တော့်အတွက် ဝမ်းသာစရာပဲဗျာ''

ငြိမ်သက်နေသော သူမကိုကြည့်၍ သူပြောသည်။

''ကျွန်မတို့က ဝမ်းသာရမှာပါရှင်၊ ကိုမင်းသက်မောင်ဆီက အကူအညီယူတာမဟုတ်လား''

''ဩော်…ဒါများဗျာ၊ ဒီလိုအကူအညီမျိုး ကျွန်တော်က အမြဲပေးချင်တာပါ၊ ဘယ်လိုလဲ သိမ့်၊ ကျွန်တော်တို့မြို့လေးရဲ့ ဈေးက စည်ရဲ့လားဗျာ''

သူမေးတော့ သူမအပြုံးလေးဖြင့် ခေါင်းညိတ်၏။

''စည်ပါတယ် ဈေးသည်တွေလည်း စုံနေတာပဲ၊ အသီးအရွက်တွေက လတ်လတ်ဆတ်ဆတ်နဲ့ ပျော်စရာတစ်မျိုးပဲ ကိုမင်းသက်မောင်''

''အဟင်း…သိမ့်ဆီက ဒီစကားကြားရတာ ဝမ်းသာပါ၊

www.burmeseclassic.com



တယ်ဗျာ၊ တကယ်ဆို ကျွန်တော်တို့ဈေးက ရန်ကုန်မြို့ရဲ့ ရပ်ကွက်ထဲက ဈေးတစ်ခုလောက်ပဲ စည်မယ်ထင်ပါတယ်''

''အို…ဘယ်ဟုတ်မလဲရှင်၊ သူ့နေရာနဲ့သူပေါ့၊ ဒီမှာက မြင်မြင်သမျှ ဆန်းတယ်လေ၊ ကျွန်မအတွက်ပြောတာနော် ကိုမောင်သက်မောင်၊ အဟင်း''

သူတို့လို ဇာတိခံတွေအဖို့မှာတော့ ဒီနေ့လိုဈေးမျိုးဟာ ရိုးနေပြီဖြစ်မှာပါ။

သူမတို့လို ဧည့်သည်တွေသာ တိုင်းရင်းသားစုံတဲ့ဈေးများကို မျက်စိဆန်းကာ သဘောကျနေခြင်းဖြစ်မည်။

''ကျွန်တော်တို့အတွက်လည်း မရိုးပါဘူးဗျာ၊ မဟုတ်ဘူးလား ဒေါ်ဒေါ်''

သူက ကားနောက်ခန်းမှ ငြိမ်သက်နေသော ဒေါ်ဒေါ်ဘက်လှည့်၍ မေးသည်။

''ဟင်…မောင်သက်မောင် ဘာမေးလိုက်တာလဲကွယ့်''

''အဟင်း…ဒေါ်ဒေါ် ပင်ပန်းပြီး အိပ်ငိုက်သွားတာထင်တယ်''

သူမက ဒေါ်ဒေါ်ဘက်မှ ဝင်ပြောပေးလိုက်၏။ ဒေါ်ဒေါ်ပြုံးကာ…





''အေးကွယ်…လေက တဟူးဟူးနဲ့ဆိုတော့ အိပ်ငိုက်သလိုဖြစ်သွားတယ်၊ ဒါနဲ့ မောင်သက်မောင် စောစောက ဘာမေးလိုက်တာလဲကွယ့်''

''သြော်…ဒီနေ့လိုဈေးမျိုးဟာ ကျွန်တော်တို့ ဇာတိခံတွေအတွက်လည်း မရိုးတဲ့အကြောင်းပါ ဒေါ်ဒေါ်''

''အို…ဒါတော့ သေချာတာပေါ့ကွယ်၊ ရာသီဥတုအေးအေးထဲမှာ တောင်ပေါ်တောင်အောက် တိုင်းရင်းသားတွေ စုံညီတဲ့ ဈေးကြီးကို မြင်လိုက်တိုင်း ဒေါ်ဒေါ့်မျက်စိထဲ ရှုမငြီးတဲ့သဘာဝပန်းချီကားချပ်ကြီး တစ်ခုလိုပဲကွယ့် မောင်သက်မောင်''

''ကဲ…ဒေါ်ဒေါ်ပြောတာ ကြားတယ်မဟုတ်လား သိမ့်ရေ''

ပတ်ဝန်းကျင်တစ်ခွင်မှာလည်း အပြာရောင်တောင်တန်းများနှင့် စိမ်းစိုသော စိုက်ခင်းများ၊ ခပ်ကျဲကျဲ သွားလာနေကြသော တိုင်းရင်းသားများကို သူမ တွေ့ရ၏။

''ကြားပါတယ်ရှင်၊ ဒေါ်ဒေါ်ကတော့ အင်မတန်အနုပညာဆန်တာပဲနော်၊ လှပတဲ့ဈေးကြီးကို တင်စားလိုက်တာ''

သူမ ချီးကျူးတော့ ဒေါ်ဒေါ်ကပြုံးသည်။

''ဒါကတော့ သိမ့်ရေ လူတိုင်းရဲ့ရင်ထဲမှာ အနုပညာစိတ်



www.burmeseclassic.com

www.burmeseclassic.com



လေးတွေ ကိန်းအောင်းနေတတ်ကြတာပဲကွယ်၊ အခွင့်မသာလို့သာ ဖော်ထုတ်ခွင့်မရကြတာ၊ ဪ…အနုပညာဆိုလို့ ခုမှသတိရတယ် မောင်သက်မောင်ရေ မင်းရဲ့ဦးဦးက မင်းကို တစ်ရက်လောက် ထမင်းစားဖိတ်ဖို့ ဒေါ်ဒေါ့်ကို ပြောတယ်ကွယ့်"

သည်အကြောင်း မနက်ကပဲ သူမကို ပြောထားတာမို့ ယခုလို သူနှင့် လာဆုံတာ တိုက်ဆိုင်ခြင်းပင်။

"ဟာ…ဒေါ်ဒေါ်ရယ် ကျွန်တော်ကလည်း ဒေါ်ဒေါ်တို့ဆီလာဖို့ ရည်ရွယ်ထားတာပါခင်ဗျာ၊ ဒါကြောင့် ထမင်းစားဖိတ်တာတွေ ဘာတွေ မလုပ်ပါနဲ့၊ ဦးဦး လာစေချင်တဲ့နေ့ကို ပြောပါခင်ဗျာ"

အနီးကပ်ဆက်ဆံကြည့်မှ သူသည် ရုပ်ရည်၊ အသံမှာတင် နူးညံ့သိမ်မွေ့တာမျိုးမဟုတ်ပဲ လူမှုဆက်ဆံရေးတွင်လည်း လိမ္မာပါးနပ်လှတာ တွေ့ရ၏။

"အို…ဘယ်ဟုတ်မလဲကွယ်၊ အိမ်ကိုလာမှတော့ ထမင်းပါစားသွားရမှာပေါ့ မောင်သက်မောင်၊ မဟုတ်ဘူးလား သိမ့်"

ဒေါ်ဒေါ်က သူမကို အဖော်လှမ်းညှိ၏။ သူမပြုံးကာ…

"ဟုတ်ပါတယ် ကိုမင်းသက်မောင်၊ သိမ့်လည်း မပြန်ခင် ကိုမင်းသက်မောင်ကို သိမ့်လက်ရာ ကျွေးပါရစေ"





ထိုစကားကြောင့် သူ့ရင်ထဲ ကြည်နူးသွားရသည်။ သူမ၏ ဖိတ်ခေါ်မှုကို သူ ရင်းရင်းနှီးနှီး ကြားခဲ့ဖူးသလိုပါ။

"ဒါဆိုလည်း ကောင်းပါပြီဗျာ၊ ဒေါ်ဒေါ်တို့ သိမ့်တို့ သဘောပါခင်ဗျာ"

"အေး…အေး ဒါဆို မနက်ဖြန်ဆို အဆင်ပြေမယ်ထင်တယ်၊ မောင်သက်မောင် မင်းဦးလေးလည်း ရုံးပိတ်ရက်ဆိုတော့"

"ကိုမင်းသက်မောင် အားရဲ့လား မေးပါဦး ဒေါ်ဒေါ်ရယ်"

သူမက ကြားမှ အားနာစွာပြောလိုက်၏။ သူက ဖျတ်ခနဲ တစ်ချက်ကြည့်ပြီး…

"အားပါတယ် သိမ့်၊ ကျွန်တော် လာခဲ့ပါ့မယ်"

သူ့ကတိစကား ကြားမှ ဒေါ်ဒေါ်ပြုံး၏။ သူမကိုယ်တိုင်လည်း သူလာမယ်ဆိုသည့်အတွက် စိတ်ထဲက ဘာကြောင့် ကျေနပ်မိမှန်းမသိပေ။

"မင်းကိုတော့ ကြိုပြီး သတင်းပေးထားရဦးမယ် မောင်သက်မောင်"

"ဘာများလဲ ဒေါ်ဒေါ်"

"ဪ…မင်းဦးလေးပေါ့ကွယ်၊ သူဟာ အရင်ကတည်း



www.burmeseclassic.com

www.burmeseclassic.com



က ဂီတဝါသနာပိုးရှိတာ၊ အဲဒါ မင်းကို ဖိတ်မယ်ဆိုတာနဲ့ သူ့လက်ဆွဲ တယောဟောင်းကြီးကို ဖုန်သုတ်နေလေရဲ့ကွယ်''

သူပြုံး၍ ခေါင်းညိတ်၏။ ထို့နောက် လိုက်လှဲသော အသံဖြင့်…

''ကောင်းတာပေါ့ ခင်ဗျာ၊ ဦးဦး ဒီလိုဝါသနာပါတာ ကျွန်တော့်အတွက် အဖော်ရတာပေါ့ ဒေါ်ဒေါ်''

''အေး…အေး ဒေါ်ဒေါ်က မင်းကိုအားနာလို့ကွယ့်''

''ကျွန်တော့်ကို ခင်မင်တယ်ဆိုရင် အားနာတယ်ဆိုတဲ့ စကားမျိုး မပြောပါနဲ့ ဒေါ်ဒေါ်ရယ်''

''ဟုတ်သားပဲ ဒေါ်ဒေါ်၊ ကိုမင်းသက်မောင် အနေခက်ပါမယ်ရှင်''

ဘာကြောင့်မှန်းမသိ သူ့ဘက်မှ သူမ အလိုက်သိဟန်လေးဖြင့် ပြောမိ၏။ သူက ကျေးဇူးတင်ဟန်ဖြင့် သူမကို ကြည့်၏။



''ဖြောင်း…ဖြောင်း…ဖြောင်း မောင်ရင့်လက်ရာကတော့ တကယ်ကောင်းပါတယ်ကွယ်၊ ဦးဖြင့် ဒီတယောဟောင်းကြီးကို သုံးတာကြာလို့ အဆင်မှပြေပါ့မလားလို့''

ဦးဦးထုတ်ပေးသော တယောကို သူက ညှိ၍အသုံးပြုသည်။ ထို့နောက် သီချင်းကြီးတစ်ပုဒ် ထိုးလေ၏။

သူ့လက်သံက ကောင်းလွန်းတာမို့ နားထောင်သူတွေ ငြိမ်ကျသွားရတဲ့အထိပါ။ အထူးသဖြင့် သူမရင်မှာ သူ့လက်သံကို နားထောင်ကာ အလိုလို လွမ်းဆွတ်နာကျင်မိရသည်။

ထို့ကြောင့် သူ ပြီးဆုံးသွားတာကိုပင် သတိမပြုမိလိုက်။ ဦးဦး၏ လက်ခုပ်သံကြားမှ သူမပါရောယောင်၍ လက်ခုပ်တီးလိုက်ရ၏။

''မောင်သက်မောင်ကတော့ တကယ့်ပါရမီရှင်ပဲကွ၊ ဒေါ်ဒေါ်တောင် မောင်သက်မောင်လက်ရာ နားထောင်ပြီး အသံကို



www.burmeseclassic.com

www.burmeseclassic.com



လွမ်းရမှန်းမသိ ဖြစ်သွားတယ် ဟင်း…ဟင်း”

ဒေါ်ဒေါ့်စကားကြောင့် သူပြုံးကာ သူမကို လှမ်းကြည့်၏။

“အလို…သူမ၏မျက်ဝန်းတွေက ရီဝေမှိုင်းလို့ပါလား၊ ထိုမျက်လုံးများကို ကြည့်ပြီး သူ့ရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။

“အသက်ရယ်…မင်းဟာ မောင့်အိမ်မက်ထဲ၊ မောင့်ဘဝထဲမှာ ရောက်နေခဲ့တာ ကြာပါပြီ၊ ဒါကို မင်းမသိဘူးနော်”

“အမေကြီးကတော့ ပြောရှာမယ်၊ မင်းသမီးလေး လွမ်းဖို့ချန်ပါဦးကွယ်”

ဦးဦးက ဆိတ်ငြိမ်နေသော သူမကို လှမ်းစ၏။ သည်တော့မှ သူမ လက်ရှိအခြေအနေကို သတိရလျက်…

“အို…ဦးဦးကလဲ”

“အဖေကြီးကတော့ သမီးလေးရှက်အောင် ပြောပြီး ကဲ…ကဲ ထမင်းပွဲပြင်လိုက်မှပဲ၊ မောင်သက်မောင်လည်း ဆာလောက်ရှာပေါ့၊ ရောက်ကတည်းက ဒီတယောတစ်လက်နဲ့ အလုပ်ရှုပ်နေတာ”

“ရပါတယ် ဒေါ်ဒေါ်၊ ကျွန်တော်က ဂီတသမားမို့လား မသိဘူး၊ ဒါမျိုးဆိုရင် ထမင်းမေ့ ဟင်းမေ့ပါ ခင်ဗျာ”





သူက အပြုံးချိုချိုဖြင့် ပြောပေမယ့် သူမမှာ ဒါကြောင့် သူ့အနည်းငယ် ပိန်နေတာကိုးဟု တွေးမိ၏။

ကိုကိုတို့ကြတော့လည်း အစားအသောက် ကျန်းမာရေး ဂရုစိုက်သူမို့ တောင့်တင်းလေသည်။

“သိမ့်လည်း ထမင်းပွဲကူပြင်ပေးမယ် ဒေါ်ဒေါ်”

“နှစ်ယောက်ပြင်တော့ ပိုမြန်တာပေါ့ကွယ်”

နှစ်ယောက်အတူ မီးဖိုထဲဝင်ကာ ထမင်းပွဲပြင်လေ၏။ ဒေါ်ဒေါ်နှင့် သူမလက်ရာတွေမို့ ဟင်းတွေကလည်း မြိုင်ဆိုင်နေသည်။

“ကိုမင်းသက်မောင်တစ်ယောက် ဒီလောက် ပါရမီရှိလျက်နဲ့ ဘာကြောင့် ရန်ကုန်မတက်တာလဲ မသိဘူးနော် ဒေါ်ဒေါ်”

ထမင်းပွဲပြင်ရင်းမှ သူ့အကြောင်းတွေးမိရင်း သူမပြောမိ၏။

“သြော်…သူ့မှာလည်း သူ့အကြောင်းရှိမှာပေါ့ သိမ့်ရယ်၊ ဒေါ်ဒေါ်တို့က သူ့တစ်ယောက်သာ သိတာပဲ၊ သူ့မှာ တွယ်တာစရာ မိသားစုတွေဘာတွေ ရှိမှာပေါ့ကွယ်”

“မိသားစု…ဟုတ်လား ဒေါ်ဒေါ်”

ပထမဆုံးအကြိမ် သူနှင့်ပတ်သက်ပြီး လေးနက်စွာ သူမ



www.burmeseclassic.com

www.burmeseclassic.com



တွေးမိရ၏။

"ဟုတ်တယ်လေ သိမ့်၊ သူလည်း အရွယ်ရောက်ပြီး ယောကျာ်းတစ်ယောက်ပဲ၊ ဇနီးမယားတော့ ရှိမှာပဲလေ"

"ဟုတ်သားပဲနော်…သိမ့်တို့က ဒါကို မေ့နေခဲ့တယ်"

သို့သော် သူတွင် ချစ်သောဇနီးရှိနေလိမ့်မည်ဟု သူမ ဘာကြောင့်မထင်ခဲ့မိပါလိမ့်။

"ဒေါ်ဒေါ်လည်း ခုမှ သတိရလိုက်တာ၊ အမှန်တော့ မောင်သက်မောင်ရဲ့ဇနီးကို အတူတမင်းစားဖိတ်သင့်တာ သိမ့်ရဲ့"

"နောက်မှ တောင်းပန်လိုက်တာပေါ့ ဒေါ်ဒေါ်ရယ်၊ ခုတော့ ထမင်းပွဲပြင်ပြီးလို့ ဦးဦးနဲ့ သူ့ကို သွားခေါ်လိုက်တော့မယ်နော်"

"အေး…အေး၊ ဒေါ်ဒေါ် ဟင်းချိုပူပူလေးခပ်ထားလိုက်မယ်"

သူမက အတွေးများစွာဖြင့် သူတို့ထံ ထွက်ခဲ့သည်။

တကယ်ပဲ သူ့မှာ ဒေါ်ဒေါ်ပြောသလို ဇနီးမယားရှိနေသလား၊ အို ရှိခဲ့လျှင်ကော သူမနဲ့ ဘာဆိုင်လို့လဲ၊ သူမတကယ် တွေးရမှာက ကိုကို့အကြောင်းမဟုတ်လား။

"ဟော…သိမ့်ရေ ထမင်းပွဲပြင်ပြီးပြီလား"





"ဟုတ်ကဲ့ ဦးဦး အဆင့်ဖြစ်ပါပြီ၊ ကိုမင်းသက်မောင် ကြွပါရှင်"

ဦးဦးနှင့် စကားကောင်းနေသော သူ့ကို အိမ်ရှင်ပီသစွာ ဖိတ်ခေါ်လိုက်၏။

"ကျွန်တော်ကြောင့် သိမ့်တို့ အလုပ်ရှုပ်နေပြီ ထင်ပါရဲ့ဗျာ"။

နေရာမှထရင်း သူက အားနာဟန်ဖြင့်ဆိုသည်။ သူမက အပြုံးလေးဖြင့် ခေါင်းခါယမ်းလိုက်၏။

"အလုပ်မရှုပ်ပါဘူးရှင့် ဧည့်သည်မလာလည်း ကျွန်မတို့ မိသားစုစားဖို့ဘာသာ ချက်နေရတာမဟုတ်လား"

"ဒါတော့ သိမ့်ပြောတာမှန်တယ် မောင်သက်မောင်၊ အထူးသဖြင့် ဒီလိုရုံးပိတ်ရက်တွေဆို မင်းအဒေါ်နဲ့သိမ့်တို့က စိတ်ကြိုက်ဟင်းတွေ ပိုချက်တယ်ကွ၊ ဒီတော့ မောင်ရင်ကံကောင်းတာပဲ"

သူ့ကို မိသားစုသဖွယ် နွေးထွေးစွာ ဆက်ဆံတာကြောင့် ကျေးဇူးတင်ရလေ၏။ အထူးသဖြင့် သူမကပါ သူ့ကို ရင်းနှီးနွေးထွေးနေတာ မဟုတ်လား။

"ကဲ…အဖေကြီးနဲ့ မောင်သက်မောင်ရေ့ အားလုံးအသင့်



www.burmeseclassic.com

www.burmeseclassic.com



ပဲ နှစ်ယောက်လုံး အားပါးတရသာ သုံးဆောင်ကြပါရှင်"

ဒေါ်ဒေါ်က ဦးဦးတို့ကို ပြုံးရွှင်စွာပြော၏။ ဦးဦးကလည်း မခံ…

"စိတ်ချပါဗျာ…ကျုပ်တို့ ညည့်သည်နှစ်ယောက်ကတော့ အားမနာတမ်း အဝလွေးမှာပဲဗျ မဟုတ်ဘူးလား မောင်ရင်"

ဟင်းအမယ်စုံလင်သော ထမင်းပွဲကြီးကိုကြည့်ကာ ဦးဦး ပြောရင်း သူ့ကို အဖော်ညှိခြင်းပါ။

ထုံးစံအတိုင်း သူက ပြုံးကာ…

"ဒီလောက်ဟင်းတွေများတော့ ကျွန်တော်ဖြင့် ဘယ်က နှိုက်ရမှန်း မသိတော့ပါဘူးခင်ဗျာ"

"ကဲ…သိမ့်ရေ ဒါဆို သိမ့်ကပဲ မောင်သက်မောင် ပန်းကန်ထဲ ဟင်းတွေထည့်ပေးပါကွယ်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

သိမ့်သည် လိမ္မာသော မိန်းကလေးမို့ ဒေါ်ဒေါ်ခိုင်းသည့် အတိုင်း လုပ်၏။

သူ့ပန်းကန်ထဲသို့ ကောင်းနိုးရာရာဟင်းတွေ တစ်ခုပြီး တစ်ခု ခပ်ထည့်ပေးမိသည်။ ဒေါ်ဒေါ်ကတော့ တာဝန်ကျေ ဦးဦးပန်းကန်ထဲသို့။





"ဟာ…ဟင်းတွေအများကြီး ဖြစ်ကုန်ပြီ သိမ့်"

"အို…စားပါနော်…သိမ့်တို့က အမောခံချက်ထားပြီး ကိုမင်းသက်မောင်မှ မစားရင် ဘယ်အမောပြေမလဲ"

သည်တော့ သူက သူမကို ခပ်စိုက်စိုက်လေး တစ်ချက် ကြည့်ပြီး ဖျတ်ခနဲ မျက်လွှာချ၏။

သူတွေ့နေရတာ တကယ်အသက်ပါပဲလား။ အနီးကပ် မြင်တွေ့ရမှ အပြစ်ဆိုစရာမရှိ ချောမောလှပသော သူမမျက်နှာ လေးက သူ့ကို ရင်ခုန်စေ၏။

"အဟွန်း…ဒီလိုဆိုတော့လည်း သိမ့်တို့ အမောပြေအောင် စားရမှာပေါ့ဗျာ၊ ဒါနဲ့ သိမ့်တို့ကော"

"စားပါ…ကိုသက်မောင်၊ သိမ့် နောက်မှစားပါ့မယ်"

လူကြီးသုံးယောက်စားနေတာမို့ သူမက အလိုက်သိစွာ ဟင်းခင်းဟင်းဖြည့်ပေးလေ၏။

သို့သော် သူ့မျက်လုံးတွေက သူမကို ထမင်းအတူစားဖို့ ခေါ်နေသယောင်။

"ဘယ်လိုလဲ မောင်သက်မောင် ဒေါ်ဒေါ်တို့လက်ရာတွေ ကောင်းရဲ့လားကွယ်"

"ဟာ…ကောင်းပါပြီလားဗျာ၊ ကျွန်တော့်ဘဝမှာ အ…



www.burmeseclassic.com

www.burmeseclassic.com



သာအရှိဆုံး ထမင်းဟင်းတွေပါပဲ ဒေါ်ဒေါ်''

ချက်ပြုတ်ရသူတွေ အမောပြေလောက်အောင် သူ့ပြော တတ်ပေသည်။

''အမယ်လေး…ကြားရတာ နားချမ်းသာလိုက်တာကွယ် အဖေကြီးတို့မျာ ထမင်းစားပြီး ဘယ်တော့မှ မချီးကျူးဘူး''

ဒေါ်ဒေါ်က ဦးဦးကို မျက်စောင်းထိုးကာ ပြောသည်။

''ဟော့…ဘာပြောစရာလိုလဲကွ၊ အမေကြီးလက်ရာ ကောင်းလို့သာ ကိုယ့်အိမ်မှာ အမြဲ ထမင်းပြန်စားတာပေါ့ဗျ''

''အဟင်း…ဟင်း ဦးဦးပြောတာလည်း ဟုတ်တာပဲ ဒေါ် ဒေါ်ရဲ့၊ ဒေါ်ဒေါ့်လက်ရာမကောင်းရင် ဦးဦး အပြင်မှာစားနေရုံပဲ''

သည်တော့မှ ဒေါ်ဒေါ်က ဦးဦးကို မကျေနပ် ကျေနပ်ဟန် မျက်စောင်းကြီးဝင့်ကာ…

''အမယ်လေး သူ့ကိုပဲ ဒီက ကျေးဇူးတင်နေရပါသ ရှင်''

ဆိုတာကြောင့် အားလုံး သဘောကျစွာ ရယ်လိုက်ကြ ၏။ ရယ်နေရင်းမှ သူနှင့်သူမ အမှတ်တမဲ့ မျက်ဝန်းချင်းဆုံ ရင်တွေတဖျပ်ဖျပ် ခုန်သွားရလေသည်။

❀ ❀ ❀



''ဟဲလို''

သူမအသံကြားတာနှင့် ကိုကိုသည် ချက်ချင်းမှတ်မိလေ သည်။

''သိမ့်…သိမ့် ဘယ်တော့ပြန်လာမှာလဲဟင်''

''အဟင်း…ကိုကိုရယ် ခွင့်ရတာကုန်မှ ပြန်လာမှာပေါ့ ရှင့်''

သည်တော့ ကိုကို သက်ပြင်းချ၏။ တစ်ဖက်မှ သူမပြုံး နေလိုက်သည်။

''မြန်မြန်ပြန်လာတော့ သိမ့်ရယ်၊ ကိုကို မင်းကို လွမ်းလှ ပြီကွ''

''တကယ်လား ကိုကိုရယ်''

''ကြည့်စမ်း…ကောင်မလေး မယုံသလိုနဲ့ကွာ၊ ကဲ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေ့လာခေါ်ရမလဲ ပြော''

ဖုန်းထဲမှ စိတ်မရှည်ဟန်ဖြင့် ကိုကိုမေးသည်။ သူမခင်ရယ်ကာ...

''အဟင်း...ကိုကိုက အခုလာခေါ်မှာလား''

''အခုဟုတ်လား ဒါတော့ မဖြစ်နိုင်သေးဘူး သိမ့်၊ ဒီ ကိုကို ဖော်ရိန်နာတွေနဲ့ ချိန်းထားတယ်''

''ဟင်း...ဒါကြောင့် ကိုကို့အလုပ်တွေနဲ့ သိမ့်ကို ဘယ် လွှမ်းချိန်ရမှာလဲလို့''

''ဒါကတော့ကွာ...လူက အလုပ်မအားပေမယ့် ကို စိတ်က သိမ့်ဆီမှာပါဗျာ''

ကိုကို အချွဲကောင်းလွန်းတာကြောင့် သူမစိတ် ကျေနပ်သလို ဖြစ်မိရ၏။

''မချွဲပါနဲ့ ကိုကိုရယ် သိမ့် ပြန်မယ့်ရက် ဖုန်းဆက် ဖုန်းလိုင်းမကောင်းလို့ ချလိုက်တော့မယ် ကိုကို''

''ဟော့...သိမ့်...သိမ့်''

တစ်ဖက်မှ ကိုကို့အသံက အဝေးကြီး ဖြစ်နေတာမို့ သ ဖုန်းအသာချလိုက်သည်။

''သိမ့်ရေ...အဆင်သင့်ဖြစ်ပြီလား၊ မောင်သက်မော





ရောက်လာတော့မယ်နော်''

''ရှင်...ဟုတ်ကဲ့ ဒေါ်ဒေါ်၊ အသင့်ပါပဲ''

ဒေါ်ဒေါ်က ရှေ့သို့ထွက်လာ၏။ သည်နေ့ သူမကိုခေါ်၍ မင်းသက်မောင် မြို့လေးအနှံ့ လျှောက်ပြမည်ဟု ပြောထား၏။

''ဒေါ်ဒေါ် ဒူးနာနေလို့သာ သိမ့်တစ်ယောက်တည်း ထည့်လိုက်ရတယ်၊ ဒါပေမယ့် မောင်သက်မောင်ကလည်း စိတ်ချရသူပါလေ''

''သိမ့်အတွက် မပူပါနဲ့ ဒေါ်ဒေါ်၊ ခုပဲ ကိုကို့ဆီ သိမ့်ဖုန်းဆက်ပြီးတယ်လေ''

''ဟုတ်လား...မောင်ကိုကိုက ဘာတဲ့လဲ သိမ့်''

ကိုကို့အကြောင်းပါလာတော့ ဒေါ်ဒေါ်မျက်လုံးတွေ လက်လာ၏။

''သိမ့်ကို အမြန်ပြန်လာဖို့ မှာတာပါပဲ ဒေါ်ဒေါ်''

''ဟုတ်တာပေါ့ကွယ် မကြာခင် လက်ထပ်တော့မယ့် သိမ့်ကို သူလည်း ဘယ်ကြာကြာ ခွဲထားချင်ပါ့မလဲလေ''

''ဒေါ်ဒေါ်ရေ...ကိုကိုက သိမ့်ကို ပြန်လာဖို့သာပြောတယ်၊ သူကိုယ်တိုင်တော့ နည်းနည်းလေးမှ အားတာမဟုတ်ဘူးလေ''



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ငယ်ရွယ်တုန်း စီးပွားရှာထားရမှာပေါ့ကွယ် အဲဒါလည်း သိမ့်အတွက်ပဲ မဟုတ်လားကွယ့်"

အလုပ်နှင့်ပတ်သက်လျှင် ကိုကိုသည် လောဘကြီးသူ တစ်ယောက်ဖြစ်၏။ သူမအတွက်တောင် မနည်းအချိန်လုကာ ပေးရသူပါ။

"ဟင့်အင်း…သိမ့်ကတော့ သင့်တင့်တဲ့ စီးပွားရေးနဲ့ အေးအေးဆေးဆေး နေရတာမျိုးပဲကြိုက်တယ် ဒေါ်ဒေါ်၊ တစ်ချိန်လုံး ငွေနောက်လိုက်နေတာမျိုးက လူသားမဆန်တော့ဘူးလေ"

"အင်း…သိမ့်က စာအုပ်လေးဖတ်လိုက်၊ သီချင်းလေး နားထောင်လိုက်နဲ့ ဘဝကို အေးအေးဖြတ်သန်းချင်သူ၊ မောင်ကိုကို ကလည်း ဘဝမှာ အလုပ်နဲ့ငွေသာ အရေးကြီးဆုံးလို့ ခံယူထားပုံပဲ ကွယ့်"

အမှန်တော့ အိမ်ထောင်ဦးစီးဖြစ်မယ့် ယောကျ်ားတွေဟာ မောင်ကိုကို စိတ်ဓာတ်ထားရမယ်။

အိမ်ထောင်တစ်ခုမှာ ယောကျ်ားဖြစ်သူ၏ အရည်အချင်း က မည်မျှအရေးကြီးပုံကို လူကြီးဖြစ်တဲ့ ဒေါ်ဒေါ် သိနေပြီ။

"ဒါဆို…ဒေါ်ဒေါ်က ကိုကို့ကို အားပေးတယ်ပေါ့လေ"

"သိမ့်က ဒေါ်ဒေါ့်တူမပါကွယ်၊ မောင်ကိုကိုလို ငွေရှာ ဖောင်းတဲ့ ယောကျ်ားမျိုးနဲ့ရမှသာ ဒေါ်ဒေါ့်တူမ တစ်ဘဝလုံး အေးအေးဆေးဆေး နေနိုင်မယ်မဟုတ်လား"

သူမအတွက် မိဘနေရာမှ ဒေါ်ဒေါ်ပူပန်ပေးတာပဲ။ ကိုကို့ ကို ချစ်မိခဲ့တာ ငွေရှာကောင်း၍မဟုတ်ဘဲ ကိုကိုဖြစ်ကောင်းခဲ့၍ ဖြစ်၏။

"သိမ့်အတွက် ပူပေးတာ ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်"

"အမလေး သိမ့်ရယ်၊ သိမ့်က ဒေါ်ဒေါ့်တို့သမီးပဲ၊ မပူလို့ ရမလားကွယ့်"

"အဟင်း…ဟုတ်ပါတယ် ဒေါ်ဒေါ်၊ မိဘဆိုတာ သား သမီးအတွက် ပူတာ ထုံးစံပဲနော်၊ ဟော…ဟိုမှာ ကိုသက်မောင် လာပြီ ဒေါ်ဒေါ်"

ခြံထဲသို့ ကိုသက်မောင်၏ကား ဝင်ရောက်လာသည်။ ဒေါ်ဒေါ်က ထွက်ကြိုကာ…

"လာဟေ့…မောင်သက်မောင်၊ သိမ့်လည်း အသင့်ဖြစ်နေ ပါပြီ"

"ကျွန်တော်ရောက်တာ နောက်မကျပါဘူးနော် သိမ့်" သူက နာရီကို တစ်ချက်ကြည့်ပြီး သူမကိုပြုံး၍ လှမ်းနေး






www.burmeseclassic.com

www.burmeseclassic.com



၏။

"ဟင့်အင်း…နောက်မကျပါဘူး ကိုသက်မောင်၊ ဩော်ကိုသက်မောင်အတွက် ကော်ဖီဖျော်လိုက်ဦးမယ်"

သူမပြောရင်း ထမင်းစားခန်းဘက် ဝင်ဖို့ပြင်သည်။

"ဟာ…နေပါစေ သိမ့် ကျွန်တော် သောက်ခဲ့ပါပြီ"

"ကဲ…ဒါဆို နေပူမယ်ကွယ့်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

ဒေါ်ဒေါ်ကို သူ နှုတ်ဆက်သည်။ သူမက စလင်းဘက်လေးယူကာ…

"ဒေါ်ဒေါ်…သိမ့် စောစောပြန်ခဲ့ပါ့မယ်"

"အေးကွယ်"

ထို့နောက် နှစ်ယောက်သား ကားဖြင့်ထွက်ခဲ့ကြ၏။ သည်တစ်ခါလည်း သူမက သူနှင့်အတူ ရှေ့ခန်းမှာ။

လေအေးတိုက်လာတာမို့ သူမက ပန်းနုရောင် ဆွယ်တာလေးကို ရင်ဘတ်သို့ အသာဆွဲစေ့လိုက်၏။

"သိပ်အေးနေပြီလား သိမ့်"

"ဩော်…ဟင့်အင်း ရပါတယ် ကိုသက်မောင်"

သူမစိတ်ထဲ သူနှင့် ဒီလို ကားအတူစီးဖူးတာ အကြိမ်ကြိမ်





သည်ဟု ဘာကြောင့်ထင်မိမှန်းမသိ။

"ကျွန်တော်တို့ တောင်ခြေကို အရင်သွားကြတာပေါ့နော်၊ ဒီမှာ ရှုခင်းက သိပ်သာယာတယ် သိမ့်"

ကားမောင်းနေရင်းမှ သူမဘက်လှည့်ပြီး သူပြောသည်။

"ဟုတ်ကဲ့…ကိုသက်မောင် ကောင်းသလို စီစဉ်ပါ"

သည်မြို့မှာ သူမက ဧည့်သည်မို့ အိမ်ရှင်ဖြစ်တဲ့ သူ့ကိုသာ တာဝန်းတင်ရ၏။

ကားကို ခပ်မြန်မြန်လေးမောင်းတာကြောင့် သူမ၏ ဆံနွယ်တွေက လေထဲလွင့်မျောနေသည်။ လေတိုးဒဏ်ကို ခံနိုင်ဖို့အတွက် သူမက နေကာမျက်မှန် တပ်ထား၏။

"ဒီရှုခင်းတွေကို ခုမှမြင်ဖူးတာနော်"

"အင်း…ဒါပေမယ့် ကျွန်မစိတ်ထဲ ရင်းနှီးနေသလိုပဲ"

"ဟင်…တ…တကယ်လား သိမ့်ရယ်"

သူက အံ့ဩဟန်ဖြင့် မေးတော့ သူမ ခေါင်းညိတ်၏။

သူ့မျက်လုံးတွေ အရောင်တောက်သွားသည်။

"ဟုတ်တယ် ကိုသက်မောင်၊ ရှင့်ကို မြင်စတုန်းကလည်း အရင်က ကျွန်မနဲ့ ရင်းနှီးဖူးခဲ့တဲ့ လူတစ်ယောက်လိုလို"

"အသက်"



www.burmeseclassic.com

www.burmeseclassic.com



“ဟင်…ရှင်…ရှင် ဘယ်သူ့ကိုခေါ်လိုက်တာလဲ ကိုသက်မောင်”

သူမက ယခုမှ သတိဝင်လာသလိုဟန်ဖြင့် သူ့ကိုကြည့်၍ မေးလိုက်၏။ သူက သူမကို ရီဝေသောမျက်ဝန်းများဖြင့် တစ်ချက်ကြည့်သည်။

“ဆောရီး…သိမ့်ရယ်၊ ဟော…ဟိုမှာ တောင်ခြေက ကျွန်တော့်ရဲ့ ဥယျာဉ်ကို ရောက်ပြီ”

“အို…အကျယ်ကြီးပဲနော်”

ကျယ်ပြန့်သော မိုးကောင်းကင်အောက်မှာ တောင်တန်းများက အပြာရင့်ရောင်သန်းလျက် ဝန်းကျင်တစ်ခွင် စိမ်းစိုလန်းဆန်းသော သစ်ပင်ပန်းပင်တို့ကြောင့် တကယ့်ကို လှပလွန်းသည့် သဘာဝ ရှုခင်းတစ်ခုပါပဲ။

ကားရပ်လိုက်သည်နှင့် ကြည်လင်သော စမ်းချောင်းလေးကို မြင်ကာ သူမ အပြေးဆင်းလိုက်၏။ တောပန်းများက စမ်းချောင်းလေးဘေးမှာ အဆုပ်လိုက် အခဲလိုက် ပွင့်နေတာက တကယ့် သဘာဝပန်းချီတစ်ချပ်ပါ။

“အို…သိပ်ကိုသာယာလှတာပဲနော်၊ ကြည့်ပါဦး စမ်းချောင်းလေးကလည်း ကြည်လင်လိုက်တာ၊ တောပန်းလေးတွေ





ကလည်း ရောင်စုံပဲ”

အမြဲတမ်း ဣန္ဒြေသိက္ခာလေးဖြင့် နေခဲ့သည့် သိပ်ကိုလှပသော သဘာဝရှုခင်းလေးကြောင့် သူမစိတ်တို့ လွတ်ထွက်၍ ကလေးတစ်ယောက်လို ပျော်မြူးသွားရသည်။

မင်းသက်မောင်က သူမနားတွင် ပြုံး၍ရပ်နေ၏။

“ဟုတ်တယ် သိမ့်၊ ဒီနေရာလေးကို သာယာအောင် ဥယျာဉ်တစ်ခုအဖြစ် ဖန်တီးထားတာလေ၊ ကျွန်တော့်ဆီလာတဲ့ ဧည့်သည်တွေကိုလည်း အမြဲတမ်း လိုက်ပို့ဖြစ်တယ်လေ၊ ဟိုမှာ ကြည့်ပါဦး သိမ့်”

“ဟင်…သမင်လေးတွေ”

စိမ်းစိုသော မြက်ခင်းများတွင် ရွှေအိုရောင်သမင်လေးတွေက ပြေးလွှားဆော့ကစားနေ၏။

“ဟိုမှာလည်း ကြည့်ပါဦး သိမ့်”

“အို…ယုန်ဖြူဖြူလေးတွေ သူတို့က ဒီလိုပဲ အမြဲရှိနေသလားဟင် ကိုသက်မောင်”

သူ့ဘက်လှည့်၍ လှပသော မျက်လုံးဝိုင်းလေးများဖြင့် သူမ မေးမိ၏။ သူပြုံးကာ ခေါင်းညိတ်သည်။

“ဒါပေါ့ သိမ့်၊ သူတို့ကို ကျွန်တော် မွေးထားတာလေ”



www.burmeseclassic.com

www.burmeseclassic.com

"အို…ဒါကြောင့် ဥယျာဉ်က အကျယ်ကြီးဖြစ်နေတာကိုး၊ ဒါနဲ့ ကိုသက်မောင်နေတာက"

"ဟောဟိုက အိမ်လေးပဲ သိမ့်"

"ဟင်"

သူမကြည့်လိုက်တော့ ဘန်ဂလိုပုံစံ လုပသော သစ်လုံးအိမ်လေးကို တွေ့ရ၏။

လူတွေနှင့်ဝေးသော အရပ်မှာ သူဘာကြောင့် လာနေသနည်း။



မြူခြေဆိုင်းသော တောင်ခြေရင်းမှ လှပချစ်စရာကောင်းသည့် သစ်လုံးအိမ်လေးကို တွေ့လိုက်ရတော့ သူမရင်ထဲ ကြည်နူးသလိုလို၊ လွမ်းသလိုလို။

မထင်မှတ်ဘဲ သူမသည် ထိုသစ်လုံးအိမ်လေးဆီသို့ တစ်လှမ်းချင်း လျှောက်မိ၏။ သည်နေရာ၊ ဒီဝန်းကျင်က သူမစိတ်ထဲ ဘာကြောင့် ကျွမ်းဝင်နေရတာလဲ။

"သိမ့်…သိမ့် ဒီအိမ်လေးကို သိလားဟင်"

သူ၏အမေးကို သူမက သက်မဲ့နေသူတစ်ယောက်လို ခေါင်း ဆတ်ခနဲညိတ်၏။

"ဟုတ်တယ်…ကျွန်…ကျွန်မ ဒီနေရာတွေကို သိနေသလိုပဲ"

"ဟင်…တ…တကယ်လား သိမ့်"


www.burmeseclassic.com

www.burmeseclassic.com



""အို…တကယ်ပေါ့၊ ဟောဒီဝန်းကျင်မှာ တစ်ချိန်က ကျွန်မ နေခဲ့တာတောင် ဖြစ်မယ်၊ ကိုသက်မောင်""

သူမစကားကြောင့် သူ့မျက်နှာတွင် တစ်စုံတစ်ခုကို ကျေနပ်ဟန်ဖြင့် ပြုံးလေ၏။ သည်လိုမျိုးဖြစ်စေချင်၍ သူမကို သူဒီခေါ်လာ တာပါ။

""သေချာတာပေါ့…အသက်ရယ်၊ တစ်ချိန်က မင်း ဒီမှာနေခဲ့တာပဲ""

""ဟင်…ရှင်…ရှင်ကသိနေတယ်၊ ဟုတ်လား ကိုသက်မောင်""

သူ့ကို အံ့သြသလို လှည့်ကြည့်၍ သူမမေး၏။ သူက သူမကို လွမ်းမောစွာကြည့်၍ ဖြည်းညှင်းစွာ ခေါင်းညိတ်ပြသည်။

""သိတာပေါ့ အသက်၊ မင်းဟာ မောင့်ရဲ့အသက်ပဲ""

""အို""

""မောင့်ကို သေချာကြည့်ပါဦး အသက်ရယ်၊ ဒီနေရာ ဒီဝန်းကျင်တင်ပါ မဟုတ်ဘူး ဒီလူကိုပါ မင်းသိပါတယ်ကွယ်""

""ကျွန်…ကျွန်မ""

တကယ်တော့ သူ့ကို မြင်ဖူးစမှာပင် သူမ အိပ်မက်ထဲက တစ်ယောက်ဆိုတာ သိလိုက်ပါ၏။ ယခုတော့ သူက တိုက်ရိုက်





မေးလေပြီ။ ညှို့ငင်သော သူ့မျက်လုံးများကြားမှ သူမ ရုန်းမရပြီ။ ထို့ကြောင့် ဖျတ်ခနဲ ခေါင်းညိတ်မိလိုက်၏။

""အို…အသက်ရယ်၊ မင်း…မင်း မောင့်ကို မှတ်မိပြီပေါ့ နော်""

""မ…မဟုတ်ဘူး၊ ရှင့်ကို ကျွန်မရဲ့အိပ်မက်ထဲမှာ""

""ဟုတ်တယ်…အသက်ကိုလည်း အိပ်မက်ထဲမှာပဲ မောင်သိနေတာလေ""

""ဟင်…ရှင်က…ရှင်က ကျွန်မကို အိပ်မက်ထဲက သိတယ်""

အံ့သြသလို သူမအမေးကို သူခေါင်းညိတ်ရင်း…

""လာ…အသက် မင်းကို မောင်ပြစရာရှိတယ်""

ဖြန်းခနဲ သူမလက်လေးကို ဆွဲယူ၍ အိမ်လေးထဲ ခေါ်ခဲ့၏။ ထို့နောက် ကတ္တီပါစဖြင့် ဖုံးထားသော အရာတစ်ခုကို အသာဆွဲ ဖယ်လိုက်သည်။

""ဟင်…ဒီ…ဒီပုံက""

ကြည့်စမ်း…သူမမြင်လိုက်ရတာက နက်မှောင်သော ဆံပင်ရှည်လေးများ လေထဲတွင် လွင့်မျောလျက် ဖြူလွလွဂါဝန် ရှည်လေးဖြင့် နွယ်ဒန်းတစ်ခုမှာ ရယ်မောကာ ထိုင်နေသည့် လှပ



www.burmeseclassic.com

www.burmeseclassic.com



သော မိန်းကလေးတစ်ယောက်ပုံ။ ဒန်းကို လွှဲပေးနေတာ ချောမောသော ကောင်လေးတစ်ယောက်။

"အဲဒီပုံကို သေချာကြည့်ရင် အသက်သိလာမှာပါ"

"အို…အို ဒီပုံထဲမှာ ရှင်နဲ့ကျွန်မ၊ ဟင့်အင်း မဟုတ်ဘူး ကျွန်မနဲ့ရှင် ဘယ်တုန်းကမှ မသိခဲ့ကြတာပဲ"

သူမအာရုံတွေ ဝေဝါးနေပြီ။ ပန်းချီကားထဲမှာ ကောင်လေးနှင့် ကောင်မလေးသည် ဒီနေ့တွေ့နေရသော မင်းသက်မောင်နှင့် သိမ့် ဖြစ်နေပါလား။

"ဒီဘဝမှာ မသိခဲ့ကြပေမယ့် အရင်ဘဝတွေက မောင်တို့ နှစ်ယောက် သိခဲ့ကြတယ်လေ၊ ဒီပုံကို သေချာကြည့်ပါဦး၊ အဲဒီ တုန်းက မောင်တို့ ဘယ်လောက်ပျော်ခဲ့ကြသလဲဆိုတာ"

လေးနက်တိုးရှိုင်းစွာ ပြောလာသော သူ့အသံကို နားထောင်ရင်း သူမရင်မှာ တလှိုက်လှိုက်ဖြစ်လာ၏။

နောက်တော့ ရင်ထဲဆို့နင့်လာလျက် မျက်ရည်ပူတွေ ကျလာသည်။

"မောင်…မောင် ရှင်ဟာ တကယ်ပဲ ကျွန်မရဲ့မောင်လား ဟင်"

ဖြူနုသော ပါးပြင်မှာ မျက်ရည်တွေကျလျက် သူ့ကို





ဖြည်းညှင်းစွာ လှည့်ကြည့်၍ သူမတစ်လုံးချင်း မေးလိုက်မိ၏။

သူ့ကိုယ်တိုင် နီရဲသော မျက်ဝန်းများဖြင့် သူမကို လွမ်းဆွတ်စွာ ကြည့်ကာ ခေါင်းညိတ်ရင်း…

"သေချာတာပေါ့ အသက်ရယ်၊ မောင်ဟာ မင်းကို ထာဝရစောင့်နေခဲ့တာပါကွယ်"

"အို"

"မောင့်ဘဝမှာ အသက်ဆိုတဲ့ မိန်းကလေးတစ်ယောက် ကိုပဲ အမြဲတမ်း မျှော်လင့်စောင့်စားခဲ့ရသူပါဗျာ"

"ရှင်ရယ်"

ကမ်းလင့်လာသော သူ၏လက်များကြားသို့ သူမ တိုးဝင် လိုက်မိသည်။ ထို့နောက် သည်းထန်စွာ ငိုရှိုက်မိတော့၏။

"ရှင့်ကို…ကျွန်မ ဘာကြောင့် ခုမှပြန်တွေ့ရတာလဲ မောင်၊ တကယ်ဆို ရှင့်ကို ကျွန်မ ရှာနေခဲ့တာကြာပြီပဲ"

သူနှင့်သက်ဆိုင်သော အိပ်မက်မက်ပြီးလေတိုင်း နီးစပ်ရာ ဝန်းကျင်မှာ သူနဲ့တူတဲ့လူ ရှိလေမလားရယ်လို့ သူမ၏မသိစိတ်က တိတ်တခိုးရှာဖွေမိတတ်ခဲ့သည် မဟုတ်လား။

သည်တော့ သူက သူမ၏ကိုယ်လေးကို ညင်သာစွာ ထွေးဖက်လျက် ကြေကွဲစွာပြော၏။

www.burmeseclassic.com

www.burmeseclassic.com



''မောင်လည်း အသက်ကို တစ်သက်လုံး ရှာဖွေနေခဲ့တာပါကွယ်၊ ဒါပေမယ့် မောင်ယုံတယ်လေ အသက်ဟာ ဒီနေရာ ဒီဝန်းကျင်နဲ့ မောင့်ဆီကို တစ်နေ့ရောက်လာမယ်ဆိုတာ''

''ဒီကို ကျွန်မသာ ရောက်မလာရင် ရှင်နဲ့ကျွန်မ မတွေ့ကြရတော့ဘူးပေါ့ မောင်''

သူ့ရင်ခွင်မှခွာကာ မျက်နှာချင်းဆိုင်ရင်း သူမမေးလိုက်မိ၏။

သူက ကြင်နာသောအပြုံးဖြင့် ခေါင်းခါယမ်းသည်။

''မဟုတ်ဘူး အသက်၊ မောင်နဲ့အသက်ဟာ ဘဝ···ဘဝ ရေစက်ရှိခဲ့တဲ့သူတွေမို့ ဒီဘဝမှာလည်း ဗြန်ကိုဆုံကြရမှာပါပဲကွယ်''

''မောင်ပြောတာ ဟုတ်မယ်၊ ရေစက်ရှိလို့သာ မောင့်ကို ကျွန်မ အိပ်မက်မက်နေတာပေါ့၊ ခုလို မောင်နဲ့ ပြန်ဆုံတာဟာ တော်ရုံရေစက်မျိုး မဟုတ်ဘူးလို့ ကျွန်မယုံတယ်''

သံသရာဆိုတာ ရှိနေသရွေ့ ဘဝတွေဟာ အဖန်ဖန်ကျင်လည်နေမည် မဟုတ်လား။

''အသက်က ဒီလိုလက်ခံတယ်ဆိုရင်ပဲ မောင်ဝမ်းသာရပါပြီဗျာ၊ မောင့်အဖို့ အသက်ကို ပြန်တွေ့ရတာ ဝမ်းအသာဆုံးပါပဲ''

''အို''





သူပြောရင်း သူမနဖူးလေးကို ညင်သာစွာ ရှိုက်နမ်းလာ၏။ သည်တော့မှ သူမက သတိရလာဟန်ဖြင့် သူ့ရင်ဘတ်ကို ဖြုန်းခနဲ တွန်းဖယ်၏။

''ဟင်···ဘာဖြစ်တာလဲ အသက်''

''မဖြစ်ဘူး···မဖြစ်ဘူး မောင်၊ ကျွန်မမှာ ကိုကိုရှိတယ်''

''ဘာ''

မထင်မှတ်သော သူမ၏စကားကြောင့် သူ့အရှိုက်ကို ထိသွားသလို မျက်နှာကြီးတစ်ခုလုံး ပျက်ယွင်းလေသည်။

သူမက ခြေလှမ်းကို တစ်လှမ်းခြင်းဆုတ်ရင်း···

''စောစောက ကျွန်မ ခဏရူးသွားမိတယ်၊ ကျွန်မ··· ကျွန်မကို ခွင့်လွှတ်ပါ ကိုသက်မောင်''

''အသက်···ဘာတွေပြောနေတာလဲဟင်၊ ကံကောင်းလို့ ဒီဘဝမှာ ခက်ခက်ခဲခဲ ပြန်တွေ့ရတဲ့ မောင်တို့ရဲ့အချစ်ကို ရက်စက်စွာ စွန့်လွှတ်တော့မှာလားဟင်''

ထိုစကားကြောင့် သူမ နေရာမှရပ်လျက် ငိုင်ခနဲ ဖြစ်သွား၏။ ရှေ့မှလူသည် သူမအိပ်မက်ထဲမှာ မကြာခဏ မြင်မက်ရသော ယောကျ်ားအစစ်ပါ။

သူနှင့်သာ ရေစက်မရှိခဲ့ရင် အခြေအနေ အကြောင်းအရာ



www.burmeseclassic.com

www.burmeseclassic.com



တွေက ဒီလောက်တိုက်ဆိုင်မှာ မဟုတ်။

ဒါပေမယ့် တစ်ဖက်မှာ ကိုကိုလေ။ လူကြီးတွေရှေ့မှာ လက်ထပ်ဖို့တောင် ဆုံးဖြတ်ခဲ့ပြီမဟုတ်လား။

"ကျွန်မတို့ အံ့တွေ့နောက်ကျတယ် မောင်၊ ဒီအချိန်မတိုင်ခင်ကသာ မောင်နဲ့ကျွန်မ စောစောတွေ့ခဲ့ရင်"

"မင်းဘာတွေပြောနေတာလဲ အသက်၊ ဟိုးအရင်ဘဝကတည်းက မောင်နဲ့မင်း တွေ့ခဲ့ကြတာ၊ ဒီထက် အချိန်စောတာ ဘာရှိဦးမှာလဲဟင်၊ တကယ်တမ်းမှာ မင်းရဲ့ကိုကိုကသာ နောက်မှတွေ့တာပါ"

သူမကို စွန့်လွှတ်ရမှာစိုးဟန်ဖြင့် သူ့ခံစားမှုပြင်းထန်သောမျက်နှာဖြင့် ပြောသည်။ သူ့ကိုကြည့်၍ သူမမျက်ရည်တို့ ဝဲလာမိ၏။

"ဒါဆို…ကျွန်မ ဘာလုပ်ရမှာလဲမောင်"

မဆုံးဖြတ်တတ်သူတစ်ယောက်လို သူမရှိုက်ကာ မေးလာသည်။

"စွန့်လွှတ်လိုက်…ကိုကိုဆိုတဲ့လူကို မင်းစွန့်လွှတ်လိုက်ပေါ့ အသက်"

သည်နောက် သူမကိုယ်လေးကို သူ့ရင်ခွင်ထဲ ဆွဲယူကာ





လွတ်ထွက်သွားမည့်အလား တင်းကြပ်စွာ ဖက်ထားမိလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလဲ သိမ့်၊ မောင်သက်မောင်က မြို့အနှံ့ပို့ပေးတယ်မဟုတ်လား"

ညနေ သူမပြန်ရောက်တော့ ဒေါ်ဒေါ်က ပြုံးရွှင်စွာမေးသည်။ သူမမှာ ဒေါ်ဒေါ်အမေးကို အေးစက်စွာဖြင့်...

"ရောက်ခဲ့ပါတယ် ဒေါ်ဒေါ်၊ ကိုသက်မောင်လည်း ပင်ပန်းသွားလို့ သိမ့်က ခြံပေါက်မှာပဲ ချပေးပြီး ပြန်သွားတယ်၊ ဒေါ်ဒေါ်ကို နှုတ်ဆက်တဲ့အကြောင်း သိမ့်ကို ပြောခိုင်းပါတယ်"

"သြော်...ဒါကြောင့် သိမ့်ပြန်လာတာ မောင်သက်မောင်ကို မတွေ့လိုက်ရတာပဲ၊ ဒါနဲ့ သိမ့်မျက်နှာလေး နွမ်းနေသလိုပဲ၊ တစ်နေကုန် လျှောက်လည်ရတော့ ခရီးပန်းပြီထင်တယ်"

သူမမျက်နှာကို ကြည့်ပြီး ဒေါ်ဒေါ်က တစ်ယောက်တည်းမေး၊ တစ်ယောက်တည်း ဖြေသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ဒီအချိန်မှာ သူမစိတ်တွေ ဝေဝါးနေသည်။ ကိုသက်မောင်သည် အမှန်တကယ်ပဲ သူမ၏ အရင်ဘဝက ချစ်သူဟု ယုံကြည်နေမိသည်။

ဒေါ်ဒေါ်ပြောလာတော့ သူမသည် ပျက်နေသောမျက်နှာကို ကြိုးစားပြင်လိုက်ရင်း…

"ဒေါ်ဒေါ်ပြောတာ ဟုတ်မယ်၊ သိမ့် ခရီးပန်းသွားတယ်"

"ဒါဆို နားလိုက်ဦး သိမ့်၊ မင်းဦးဦးပြန်လာမှ ဒေါ်ဒေါ်တို့ ထမင်းအတူစားကြတာပေါ့"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

အခွင့်ရတာနှင့် သူမအပေါ်ထပ်တက်ခဲ့၏။ အခန်းထဲရောက်တာနှင့် အားအင်ကုန်ခမ်းသူတစ်ယောက်လို ခုတင်ပေါ် လှဲချလိုက်သည်။

မောင်…အရင်ဘဝက ချစ်သူတဲ့။ ကိုကိုကတော့ ဒီဘဝမှာ သူမနှင့်လက်ထပ်ရမည့်လူ။

"အသက်ကို မနက်ကြရင် မောင် စောစောလာခေါ်မယ်၊ အရေးကြီးတဲ့ လူတစ်ယောက်နဲ့ အသက်ကို တွေ့ပေးစရာရှိတယ်"

ကိုသက်မောင်က သူမကိုပြန်ပို့ရင်း ကားပေါ်ကဆင်းကာ





နီး တွင် သူမအား မှာခြင်းဖြစ်၏။

"ဘယ်သူလဲ မောင်"

သိချင်စိတ်ဖြင့် သူမမေးတော့ မောင်ကပြုံးသည်။

"ဟိုရောက်တော့ အသက်သိမှာပေါ့၊ အသက် သိထားရမှာက အဲဒီလူဟာ အရင်ဘဝက မောင်တို့နဲ့ ဆက်စပ်ပတ်သက်ခဲ့ဘူးတာကိုပဲ"

"အို…တကယ်လား မောင်၊ ကျွန်မ ချက်ချင်းတွေ့ချင်လာပြီ"

အခြေတစ်ခုကို ချက်ချင်းသိရမှ ကျေနပ်တတ်သော သူမအတွက် မောင်၏စကားက ပဟေဠိ။

"ဖြည်းဖြည်းပေါ့ အသက်ရယ်၊ မနက်ဖြန် တွေ့ကြမှာပဲ၊ တဲ အသက်အနားယူတော့ ဟုတ်လား"

သူမလက်လေးကို တစ်ချက်ဖျစ်ညှစ်ပြီး နှုတ်ဆက်ကာ မောင်ပြန်လေ၏။ သူမစိတ်တွေက မောင်နှင့်အတူတူ လိုက်သွားသလိုလို။

ယခုတော့ သူမစိတ်က မောင့်ဆီမှာပဲ ရောက်နေပြီ။

"ဒေါက်…ဒေါက်"

"တံခါးဖွင့်ထားပါတယ် ဒေါ်ဒေါ်"



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ အခန်းတံခါးပွင့်လာ၏။ ဒေါ်ဒေါ် ဝင်လာသည်။

"နေ့လယ်က မောင်ကိုကို ဖုန်းဆက်သေးတယ် သိမ့် အဲဒါ သိမ့်ရောက်ရင် ဖုန်းပြန်ဆက်ပေးပါတဲ့ကွယ်"

တိုက်ဆိုင်စွာ ကိုကို့အကြောင်း ပြောလာတာမို့ သူမ မျက်နှာလေး ပျက်ချင်သွားရ၏။

"ကိုကိုက ဘာတဲ့လဲ ဒေါ်ဒေါ်"

"ဩော်...သိမ့်ပြန်မယ့်ရက် သူလာကြိုချင်တဲ့သဘောပဲ"

"ဒုက္ခများပါတယ် ဒေါ်ဒေါ်၊ သိမ့်ဘာသာ ပြန်မှာပါ"

ကိုကို လာကြိုမည်ဆိုတာကို သူမစိတ်ထဲ ထူးဆန်းစွာ သဘောမကျဖြစ်မိသွား၏။

"ဒါကတော့ သိမ့်သဘောပါကွယ်၊ ဒါပေမယ့် သိမ့်အပေါ်မှာ မောင်ကိုကိုလို ဂရုစိုက်တဲ့လူတော့ ရှားတယ်ကွယ်"

"ကိုသက်မောင်လည်း သိမ့်ကို ဂရုစိုက်ပါတယ် ဒေါ်ဒေါ်"

"ဟင်"

ဘာကြောင့်မှန်းမသိဘဲ သူမနှုတ်ဖျားက ကိုကို့နှင့်





မောင့်ကို နှိုင်းယှဉ်လျက် ဖြစ်သွား၏။

ဒေါ်ဒေါ်က သူမကို အံ့အားသင့်သလို ဂရုစိုက်ကြည့်သည်။

"ဘယ်တူတော့ တူမလဲ သိမ့်ရယ်၊ မောင်ကိုကိုက သိမ့်ရဲ့ ခင်ပွန်းလောင်း မဟုတ်လား၊ မောင်သက်မောင်လို မကြာခင်ကမှ တွေ့တဲ့ ဧည့်မိတ်ဆွေနဲ့ ဘယ်တူမလဲ"

ထိုစကားကြောင့် သူမက ဒေါ်ဒေါ်ကို မကျေနပ်သလို ရုတ်ခနဲ ကြည့်မိ၏။

"ကိုသက်မောင်က သိမ့်ရဲ့မိတ်ဆွေ ဟုတ်လား ဒေါ်ဒေါ်"

"အေးလေ...မကြာခင်ကမှ သိကြရတဲ့လူ"

"တော်ပါတော့ ဒေါ်ဒေါ်၊ တကယ်တော့ ကိုသက်မောင်ဆိုတာ ကိုကို့ထက် အင်း သိမ့် သိနှင့်တဲ့လူပါ"

ရင်ထဲမှာ မောင်နဲ့ပတ်သက်ပြီး လှိုက်လှဲစွာ ခံစားနေရတာကြောင့် သူမက ဒေါ်ဒေါ်ကိုပင် ခပ်တည်တည်ပြောမိ၏။

သူမ၏ အပြုအမူကြောင့် ဒေါ်ဒေါ် အတော်မျက်နှာပျက်သည်။

"သိမ့်...သိမ့် ဘာပြောလိုက်တာလဲကွယ်၊ မောင်သက်



www.burmeseclassic.com

www.burmeseclassic.com



မောင်ဆိုတာ မောင်ကိုကိုထက် အရင် သိမ့်နဲ့သိနေတယ်ဟုတ်လား ဟင်''

သူမမျက်နှာကို ကြည့်၍ ဒေါ်ဒေါ်မေးသည်။ သူမသည် ယောင်နေသူပမာ ဒေါ်ဒေါ်ကို ခေါင်းညိတ်ပြ၏။

''ဟုတ်ပါတယ် ဒေါ်ဒေါ်၊ တကယ်တော့ ကိုသက်မောင်ဟာလေ သိမ့်ရဲ့အရင်ဘဝက ချစ်သူပါ''

''ဘာ…ဘာပြောတယ် သိမ့်၊ မောင်သက်မောင်ဟာ သိမ့်ရဲ့အရင်ဘဝက ချစ်သူဟုတ်လား၊ ဘုရား…ဘုရား ဒီနေ့ သိမ့်ကို မောင်သက်မောင်နဲ့အတူ ထည့်လိုက်မိတာ ဒေါ်ဒေါ် မှားပြီ ကွယ်၊ ငါ့တူမကို သူပြုစားလိုက်ပြီ''

ဒေါ်ဒေါ်သည် အံ့ဩထိတ်လန့်ဟန်ဖြင့် နေရာမှ ဝုန်းခနဲ ထလျက် ကျောက်ရုပ်တစ်ခုလို ငြိမ်သက်စွာ ထိုင်နေသည့် သူမ အားကြည့်၍ ရင်ဘတ်ဖိ၍ ပြော၏။

''သိမ့်ကို သူ မပြုစားပါဘူး ဒေါ်ဒေါ်၊ တကယ်တော့ သူ…သူ့ကို သိမ့်ကသာ ရှာနေခဲ့တာပါ''

''မင်းဘာတွေပြောနေတာလဲ သိမ့်၊ မင်းစိတ်တွေ မမှန်တော့ဘူး၊ မောင်သက်မောင်ကို မင်းက ဘာကြောင့်ရှာရမှာလဲ သိမ့်''





ဒေါ်ဒေါ်သည် မျက်နှာ အကြီးအကျယ် ပျက်ယွင်းလျှက် အားစက်စက်ဖြေနေသော သူမကို ပခုံးခပ်ကြမ်းကြမ်းလှုပ်၍ မေးသည်။

သူမက ဝမ်းနည်းစွာဖြင့် ဒေါ်ဒေါ် မျက်နှာကို ကြည့်၏။

''ကိုသက်မောင်ဟာ သိမ့် အိပ်မက်ထဲမှာ မကြာခဏ တွေ့နေရတဲ့ သိမ့်ရဲ့ချစ်သူပါ ဒေါ်ဒေါ်၊ သူ့ကို သိမ့်ရှာခဲ့ပေမယ့် တွေ့ခဲ့ဘူး၊ ဒီရောက်မှပဲ တိုက်တိုက်ဆိုင်ဆိုင် သူနဲ့ဆုံရတာပါ''

''ဘုရား…ဘုရား၊ မင်းမရူးရင် ငါရူးတာပဲဖြစ်မယ် သိမ့်''

''သိမ့်ကော ဒေါ်ဒေါ်ပါ မရူးပါဘူး၊ တကယ်တော့ သူနဲ့သိမ့်ဟာ အရင်ဘဝတွေက ရေစက်ကြောင့်သာ ခုလိုပြန်ဆုံရတာ ပါ ဒေါ်ဒေါ်''

သူမက နေရာမှ ဖြည်းညှင်းစွာထလျက် ကြေကွဲစွာ ပြောမိ သည်။ ဒေါ်ဒေါ်က သူမကို စိတ်ပျက်သည့်အလား ကြည့်၍ ခေါင်းခါယမ်း၏။

''သမီး သိမ့်၊ စိတ်ကိုထိန်းပါကွယ်၊ သမီးလေးဟာ ခေတ်ပညာတတ်တစ်ယောက် ဖြစ်လျက်နဲ့ ဘာကြောင့် ဒီလိုပြော တာလဲဟင်''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်သည်လည်း သူမ၏ ရုတ်တရက် ပြောင်းလဲခြ... အတွက် ပမ်းနည်းကြေကွဲနေပုံပင်။

"သိမ့်...သိမ့်လည်း မပြောချင်ပါဘူး ဒေါ်ဒေါ်၊ သူ... တွေ့စကတည်းက သိမ့် ဒီလိုမဖြစ်ဖို့ ကြိုးစားနေခဲ့တာပါ၊ သိ... အိပ်မက်ထဲက သိမ့်ရဲ့ချစ်သူကို ဒီမှာ ဆုံလိမ့်မယ်လို့ ဘယ်သူ... မလဲဟင်"

မျက်ရည်တွေ ရစ်ဝဲလျက် သူမအဖြစ်က ဘေးမှကြည့်... သူပင် သနားရမလို။

ဒေါ်ဒေါ်သည် ခေါင်းအတော်ရှုပ်သွားဟန်ဖြင့် သူမ... ကြည့်၏။

"နေပါဦး သိမ့်ရယ်၊ သိမ့်က ဒီလိုပြောနေရအောင်... မောင်သက်မောင်ဘက်ကကော"

ကိုသက်မောင်နာမည် ပါလာတာနှင့် သူမမျက်လုံးတွေ... ဖျတ်ခနဲ လက်သွား၏။

"သူလား...ဒေါ်ဒေါ် သူကလေ သိမ့်ထက်တောင် ပို... နေသေးတယ်၊ သိမ့်ကိုလေ အသက်တဲ့၊ သိမ့်အိပ်မက်ထဲကအတိုင်... တွေ့တွေ့ချင်းမှာ သူခေါ်တာပါ"

"ဟင်...မောင်သက်မောင်ကပါ သိမ့်ကိုသိနေတယ်..."



"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ကိုသက်မောင်နဲ့ သိမ့်ဟာ ...ခြင်းချင်းမှာပဲ တစ်ယောက်ကိုတစ်ယောက် သိနေပါတယ်ရှင်"

မျက်ရည်စတို့ ပါးပြင်ပေါ်ကျလာရင်း သူမကြေကွဲစွာ ...လေ၏။

သိမ့်ကိုကြည့်ပြီး ဒေါ်ဒေါ်တစ်ယောက် ဘာလုပ်ရမှန်းမသိ ...ပေ။ တကယ်တော့ သိမ့်ဆိုတာ အင်မတန်တည်ကြည်ကာ ...သိက္ခာရှိသော မိန်းကလေးတစ်ယောက်ပါ။

မကြာခင်ကမှ တွေ့ရှိခဲ့သော ယောကျ်ားတစ်ယောက် ...ါ ဒီလိုဖြစ်စရာ အကြောင်းမရှိ။

"သိမ့်ပြောတာကို ယုံပါ ဒေါ်ဒေါ်၊ ကိုသက်မောင်ဟာ ... အရင်ဘဝက ချစ်သူပါရှင်"

ထို့နောက် သူမက ကြေကွဲစွာ ငိုရှိုက်လေ၏။ ဒေါ်ဒေါ် ... ခေါင်းခါယမ်းကာ သက်ပြင်းကိုသာ အကြိမ်ကြိမ်ချလေ ...။

✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com

''ဒေါ်ဒေါ်...သိမ့် ကိုသက်မောင်နဲ့ အပြင်ခဏလိုက်သွားပါတယ်၊ သိမ့်အတွက် ဘာမှမစိုးရိမ်ပါနဲ့၊ မကြာခင် ပြန်လာပါမယ်''

သိမ့်

''အလိုလေး...မရွှေသိမ့်တစ်ယောက် တကယ်ပဲ ဟိုလူတစ်ယောက်ရဲ့ အပြုစားခံနေရပြီပဲ၊ ကြည့်စမ်း...ကြည့်စမ်း ကောက်စောစော ဘယ်အချိန်က အိပ်ရာထသွားပါလိမ့်''

ဒေါ်ဒေါ်သည် သိမ့်ရေးခဲ့သော စာကိုဖတ်ပြီး တစ်ယောက်တည်း တုန်လှုပ်စွာ ရေရွတ်လိုက်မိ၏။

ညက ကိစ္စနှင့်ပတ်သက်ပြီး သိမ့်ကို အိပ်မက်မက်နေသလိုသာ ထင်ခဲ့မိ၏။

''သိမ့်ကော ညစာဆင်းမစားပါလား အမေကြီး''



www.burmeseclassic.com

www.burmeseclassic.com



မိသားစုထမင်းဝိုင်းမှာ သိမ့်ကို မတွေ့ရတော့ ခင်ပွန်းဖြစ်သူက မေးလာ၏။ ဒေါ်ဒေါ်မှာ မျက်နှာကို ကြွေ့မပျက်ထိန်း၍

"နေ့လယ်က မောင်သက်မောင်လာခေါ်လို့ အပြင်သွားတယ်လေ၊ အပြန် ထမင်းပါကျွေးလိုက်လို့ ရင်ပြည့်နေတယ်တဲ့ အဖေကြီး ခုလည်း ခရီးပန်းလို့ အိပ်နေတယ်"

"ဪ"

မှင်သေစွာဖြင့် ဒေါ်ဒေါ်၏ အပြောကို ဦးဦးယုံကာ ခေါင်းညိတ်သည်။ သို့သော် ချက်ချင်းမျက်မှောင်တွန့်ကာ…

"မောင်သက်မောင်နဲ့ သိမ့် နှစ်ယောက်တည်း သွားကြတာလား"

"ဟုတ်တယ်လေ အဖေကြီးရဲ့၊ အမေကြီးမှာ ဒူးနာနေလို့ မလိုက်နိုင်ဘူး"

တကယ်တော့ ထိုသို့ လူငယ်နှစ်ယောက်ကို လွှတ်လပ်စွာ လွှတ်မိတာ ဒေါ်ဒေါ်၏အမှားဟု ထင်မိသည်။

အပြန်မှာ သိမ့်၏ အပြောအဆို အပြုအမူတို့သည် အိမ်မှ ထလာသူတစ်ယောက်လို မဟုတ်လား။

သို့သော် ဒေါ်ဒေါ်အနေဖြင့် ဒီအကြောင်း ခင်ပွန်းဖြစ်သူကို မပြောရဲပါ။





"အင်း…မောင်သက်မောင်ဟာ လူကောင်းတစ်ယောက် ဆိုပေမယ့် သိမ့်ကလည်း လွတ်လပ်တဲ့ မိန်းကလေးဆိုတော့ ပတ်ဝန်းကျင်အမြင်မှာ မတင့်တယ်တာမျိုး ဖြစ်မလား အမေကြီး"

"အို…ဒါကတော့"

ပတ်ဝန်းကျင်အမြင်မှာထက် တစ်ရက်တာ၏ နီးစပ်မှုအဖြစ် ကာယကံရှင်နှစ်ဦး စိတ်ပြောင်းသွားတာက အရေးကြီးနေသည် မဟုတ်လား။ ထို့ကြောင့် ဒေါ်ဒေါ် ဘာဆက်ပြောရမှန်းမသိ။

"အေးလေ…မောင်သက်မောင်ကော သိမ့်ပါ ကိုယ့်ကိုယ်ကို စောင့်ရှောက်နိုင်တဲ့ လူငယ်တွေပါ၊ ကိုယ် အစိုးရိမ်လွန်သွားတာ ဖြစ်ပါလိမ့်မယ်"

ခင်ပွန်းသည်က ဘာသာနှစ်သိမ့်တော့မှ ဒေါ်ဒေါ် သက်ပြင်းကြိတ်ချနိုင်၏။ ရုတ်တရက် သိမ့်၏ ပြောင်းလဲသွားမှုကို သိလျှင် ဘယ်လိုဆုံးဖြတ်မည်မသိ။

"ဒါနဲ့ အဖေကြီးရေ သိမ့်လည်း ဒီမှာတစ်ယောက်တည်းဆိုတော့ ပျင်းမှာပေါ့၊ မောင်ကိုကို့ကို လာခေါ်ခိုင်းရမလားပဲ"

ကိုသက်မောင်နှင့်ကိစ္စ ပြီးပြတ်စေရန်အတွက် သိမ့်ကို ပြန်ပို့ခိုင်းခြင်းသာ အကောင်းဆုံးဟု ဒေါ်ဒေါ်ထင်၏။

"ကောင်းသားပဲ၊ ကိုယ်တို့အနေနဲ့ မလိုက်ပို့နိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



သိမ့်တစ်ယောက်တည်း ပြန်လွှတ်ရမှာလည်း စိတ်မချဘူး အမေကြီး''

''ဒါဆို...ကျွန်မ သိမ့်ကို ပြောပြလိုက်မယ်နော်''

''အင်း''

သည်လို လင်မယားနှစ်ယောက် သိမ့်အတွက် ညက တိုင်ပင်ထားကြ၏။ မနက်ကြတော့ အကျိုးအကြောင်းပြောဖို့ ဒေါ်ဒေါ်တစ်ယောက် သိမ့်အခန်းသို့ လာခဲ့၏။

သို့သော် အခန်းပိုင်ရှင်ကိုယ်စား စာရွက်ကိုသာ တွေ့ရသည်မဟုတ်လား။

''မဖြစ်ဘူး...မဖြစ်ဘူး ဒီလိုသာဆိုရင် သိမ့်အတွက် ပိုဆိုးတော့မယ်၊ မောင်ကိုကိုကို အမြန်လာခေါ်ခိုင်းမှပဲ''

တစ်ယောက်တည်း ရေရွတ်ရင်း ဒေါ်ဒေါ် အောက်ပြန်ဆင်းလာ၏။ မနက်ခင်း လက်ဖက်ရည်ဝိုင်းမှာ သိမ့်ကို မတွေ့ရပြန်။

''သိမ့်ကော အမေကြီး''

''သြော်...ဟိုလေ မနက်စောစော အညောင်းပြေ လမ်းလျှောက်သွားတယ်ထင်ပါရဲ့ အမေကြီး''

''အင်း...ဟုတ်မှာပေါ့လေ၊ သူလည်း အိမ်ထဲမှာ





တစ်ယောက်တည်းနေရတော့၊ ကဲ...ကဲ အဖေကြီး ရုံးသွားတော့မယ်ကွယ့်''

''ဟုတ်ကဲ့''

ခင်ပွန်းဖြစ်သူ ရုံးသွားမှ ဒေါ်ဒေါ် သက်ပြင်းချနိုင်သည်။ လွန်စွာပြောင်းလဲသွားသော သိမ့်၏ပုံစံတို့က ရင်လေးစရာ။

ထို့ကြောင့် ရန်ကုန်ရှိ မောင်ကိုကိုထံ ဒေါ်ဒေါ် ဖုန်းဆက်တော့သည်။

''ဟဲလို''

''မောင်ကိုကိုလားကွယ်''

''ခင်ဗျာ...ဟုတ်ပါတယ်၊ ဒေါ်ဒေါ် နေကောင်းပါရဲ့နော်''

ကိုကိုက ဒေါ်ဒေါ်၏အသံကို ချက်ချင်းမှတ်မိလျှက် ရှိသေစွာမေးသည်။

''သြော်...အေး နေကောင်းပါတယ်ကွယ်၊ မောင်ကိုကိုကော အလုပ်များနေလား''

''ဒီလိုပါပဲ ဒေါ်ဒေါ်၊ အလုပ်ကတော့ အမြဲရှိနေတာပါပဲ၊ ဒါနဲ့ သိမ့်က ဘယ်တော့ပြန်လာမှာတဲ့လဲ ဒေါ်ဒေါ်''

မောင်ကိုကိုဘက်မှ သိမ့်အကြောင်း စလာတာကြောင့်



www.burmeseclassic.com

ဒေါ်ဒေါ် အခွင့်သာသွား၏။

"အေး...အေး ဒေါ်ဒေါ်လည်း သိမ့်အကြောင်း ခုပဲပြော မလို့၊ ဒီမှာနေရတာ သိမ့် ပျင်းနေပါပြီ၊ အပြန်ခရီးကို သိမ့် တစ်ယောက်တည်း ဒေါ်ဒေါ်စိတ်မချတာနဲ့"

"ကျွန်တော် လာခေါ်ပါ့မယ် ဒေါ်ဒေါ်၊ ဘယ်နေ့လာရ မလဲခင်ဗျာ"

"သိမ့်ကတော့ မောင်ကိုကို ဒီနေ့လာခေါ်ရင် ဒီနေ့လိုက် မှာပဲကွယ့်၊ သူ့အနေနဲ့ ပြောရခက်လို့သာ"

သိမ့်ကို ဒီမှာဆက်မနေချင်သော ဒေါ်ဒေါ်က မောင်ကိုကို အမြန်ဆုံး ရောက်လာနိုင်ရန်အတွက် ခပ်သာသာလေး ပြောလိုက်၏။

"ဒါဆို...ကျွန်တော် ဒီညပဲ ကားနဲ့ဆင်းခဲ့လိုက်မယ် ခင်ဗျ၊ သိမ့်ကို ကြိုပြောထားပေးစေပါတယ် ဒေါ်ဒေါ်"

မောင်ကိုကို လာမည်ဆိုတာကြောင့် ဒေါ်ဒေါ် ဝမ်းသာ သွားလေ၏။

"အိုကွယ်...ဘာကြောင့် ကြိုပြောရမှာလဲ၊ မင်း ရုတ်တ ရက်ရောက်လာတော့ သိမ့် ပိုဝမ်းသာမှာပေါ့ကွယ်"

"ဟုတ်ကဲ့...ဒါဆို ကောင်းပါပြီခင်ဗျာ"

ဖုန်းချပြီးချိန်မှာတော့ ဒေါ်ဒေါ်ရင်သည် အတော်ပေါ့ပါး





သွားလေ၏။ သိမ့်အနေဖြင့် မောင်ကိုကို လာမည်ဆိုတာ ကြိုတင်သိ ၍ မဖြစ်ပေ။ အခြေအနေသည် ရုတ်တရက် ပြောင်းလဲသွားနိုင် ၏။

"ဟင်း...ဒီနေ့တစ်နေ့ပါပဲလေ၊ မနက်ဖြန်တော့ ငါရင်ပေါ့ ပါပြီ"

ဒေါ်ဒေါ်က သိမ့်ပြန်အလာကိုစောင့်ရင်း တစ်ယောက် တည်း ရေရွတ်လေသည်။

ထိုအချိန်...

"ဒေါ်ဒေါ့်ကို မပြောဘဲ အသက်ထွက်ခဲ့တာ၊ မကောင်း ဘူးထင်တယ်ကွယ်"

မင်းသက်မောင်မှာ အနားမှာ ငြိမ်သက်စွာထိုင်လျက် လိုက်ပါလာသော သူမကို ကြည့်၍ ပြောသည်။

"မတတ်သာလို့ပါ မောင်၊ အသက် စာရေးထားခဲ့ပါ တယ်"

ဒေါ်ဒေါ်အနေနှင့် ဒီလို ကိုသက်မောင်နဲ့ သွားမည့်ကိစ္စ ကို သူမအား ခွင့်ပြုလိမ့်မည်မဟုတ်ပေ။

"ညက ဒေါ်ဒေါ် ဘာပြောသေးလဲ အသက်"

"ဒေါ်ဒေါ်က အသက်တို့အဖြစ်ကို မယုံဘူး မောင်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…ဒီလိုဖြစ်မှာပါပဲ၊ သူတို့က ဘေးလူတွေကိုး။ မောင်နဲ့အသက်တို့သာ ကာယကံရှင်တွေဆိုတော့ ရင်ထဲက ခံစားရတဲ့အတိုင်းအတာ လေးနက်မှုအတိုင်းအတာ ဘဝက လွှမ်းဆွတ်ကြေကွဲရမှုတွေ ကိုယ်တိုင်သိရှိနေကြတာလေ"

အချိန်တိုတိုအတွင်းမှာ ဒီလူနှင့်သိခဲ့ရပေမယ့် သူမအတွက် ဘဝပေါင်းများစွာက ရေစက်ကြောင့် တကယ်ပဲ ရင်ထဲမှ လှိုက်လှဲစွာ ကျွမ်းဝင်နေ၏။

"မောင်…အခု အသက်ကို ဘယ်ခေါ်သွားမလို့လဲဟင်"

"ရောက်တော့မှာပါ အသက်၊ အဲဒီနေရာဟာ အသက်ရဲ့ ဘဝဟောင်းက နေရာပါ"

"အို…ဘဝဟောင်းက"

မောင့်ကို အံ့သြသလိုကြည့်၍ သူမမေးသည်။ မောင်က တည်ကြည်သော မျက်နှာဖြင့် ခေါင်းညိတ်၏။

"ဟုတ်ပါတယ် အသက်ရယ်၊ ဟော…ဟိုမှာ"

"ဟင်"

မောင်ပြရာသို့ လှမ်းကြည့်လိုက်တော့ ချုံနွယ်ပိတ်ပေါင်းများကြားမှ အိုမင်းဟောင်းနွမ်းနေသော အနီရောင်ရဲတိုက်ကြီးတစ်ခုကို သူမ ဘွားခနဲတွေ့လိုက်ရလေ၏။





"ဒီ…ဒီရဲတိုက်ကြီးက"

"အဲဒါ တစ်ချိန်က အသက်နေခဲ့တဲ့ စံအိမ်"

"အို"

အံ့သြစရာကောင်းစွာပင် သူမမှာ ထိုရဲတိုက်အိုဟောင်းကြီးကို ကြည့်ရင်း အလိုလိုကြေကွဲဝမ်းနည်းလာရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟင်…သခင်မလေး"

"အို"

သူမကို မြင်လိုက်တာနှင့် ရဲတိုက်ကြီးအတွင်းမှ ထွက်လာသော အဘိုးအိုကြီးတစ်ယောက်က အံ့သြတုန်လှုပ်စွာ ခေါ်လေ၏။

"အဘ…အဘ သူ့ကို ကောင်းကောင်းသိပါတယ်နော်"

မင်းသက်မောင်က ထိုအဘိုးအိုကြီးကိုကြည့်ပြီး သူမအား လက်ညှိုးထိုးပြကာ မေးလေ၏။ အဘိုးကြီးသည် ရီဝေမှေးတော့သော မျက်လုံးများဖြင့် သူမကို ကြေကွဲစွာကြည့်၍ ဖြည်းလေးစွာ ခေါင်းညိတ်လေ၏။

"သိတာပေါ့…ဆရာလေးရယ်၊ နောက်ဆုံးတော့ သခင်မလေးဟာ ဒီနေရာကို ပြန်ရောက်လာပြီး ဆရာလေးနဲ့ ဆုံရတာပါပဲလား"

"ကျွန်မ…ကျွန်မကို အဘက သခင်မလေးလို့လား၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အဘက ကျွန်မကိုသိတယ်''

ခေါင်းတစ်ခုလုံး ဆွတ်ဆွတ်ဖြူကာ အသက်အားဖြင့် ခုနစ်ဆယ်ဝန်းကျင်ရှိ အဘိုးအိုကို သူမက အံ့သြစွာ ပြန်မေးမိသည်။

အဘိုးအိုက ရီသေစွာဖြင့်…

''သခင်မလေးကို ကျွန်တော်မျိုးသိတာပေါ့၊ သခင်မလေးဟာ ဒီရဲကိုက်ကြီးရဲ့ အရှင်ပဲ''

''အို…ကျွန်…ကျွန်မက သခင်မလေးမဟုတ်ပါဘူး အဘရယ်၊ ကျွန်မနာမည် သိမ့်ပါ''

ကိုယ့်ထက် အသက်များစွာကြီးသူက ရိုသေဟန်ပြနေတာမို့ သူမအနေခက်စွာ ပြောမိ၏။

အဘိုးအိုက သံဝေဂရစွာပြုံးသည်။ ထို့နောက် သူမကို နူးညံ့သော မျက်လုံးများဖြင့်ကြည့်၍…

''ဒီဘဝမှာတော့ မိန်းကလေးဟာ တခြားတစ်ယောက်ပေါ့ကွယ်၊ ဒါပေမယ့် အရင်ဘဝကတော့ ဒီစံအိမ်ရဲ့ သခင်မလေးပါပဲ''

''ကျွန်မ…ကျွန်မ အဘပြောတာ နားမလည်ဘူး''

မောင်က သူမစကားကြောင့် သက်ပြင်းချ၏။ ထို့နောက် သူမလက်လေးကို ညင်သာစွာ ဆုပ်ကိုင်လျက်…





''အသက်အနေနဲ့ နားမလည်သေးတာ မသိသေးလို့ပါကွယ်၊ မောင်နဲ့အသက်တို့တောင် ဘဝဟောင်းကရေစက်ကြောင့် ပြန်ဆုံရတယ်ဆိုရင် အသက်ဟာ အရင်ဘဝက သခင်မလေးလည်း ဖြစ်နိုင်တယ်မဟုတ်လား''

သည်လို မောင်ပြောတော့ သူမငြိမ်ကျသွား၏။ ရဲတိုက်ကြီး တစ်ခုလုံးကို ကြည့်ကာ သူမခေါင်းထဲ မူးရိပ်ရိပ်ဖြစ်လာသည်။

ထို့နောက် အာရုံထဲမှာ မသဲကွဲသောပုံရိပ်တွေ။ အထူးသဖြင့် နက်မှောင်ရှည်လျားသော ဆံနွယ်များဖြန့်ချထားလျက် စိန်သရဖူဆောင်းထားသည့် အဖြူရောင်ဝတ်စုံဖြင့် ငယ်ရွယ်လှပသော မိန်းကလေးတစ်ယောက်၏ပုံလိုလို။

''ခေါင်း…ခေါင်းထဲက မူးလိုက်တာ မောင်''

''အသက်''

စကားမှမဆုံးခင် သူမသည် နေရာမှာ အမှောင်ကျသွား၏။ မင်းသက်မောင်က သူမကိုယ်လေးကို အမြန်ဆီးပွေ့လိုက်သည်။ သူမ၏ဝိဉာဉ်သည် တကယ်လိုလို အိပ်မက်ထဲလိုလို ရောက်သွား လေပြီ။

နှစ်ခြိုက်စွာ အိပ်ပျော်နေရာမှ သူမ၏မျက်ဝန်းတို့ပွင့်လာ



www.burmeseclassic.com

www.burmeseclassic.com



ချိန် သင်းပျံ့သောပန်းရနံ့တို့ကို ကြည်နူးစွာတွေ့ရလေ၏။

"အိုလို…လှလိုက်တဲ့ပန်းတွေပါလား"

သူမ၏အခန်းထဲဝယ် လတ်ဆတ်လန်းဆန်းသော အဖြူ ရောင် နှင်းဆီပွင့်ကြီးတွေမှာ အရွက်စိမ်းစိမ်းတို့ဖြင့် လှပစွာ ပွင့်ဆ နေသည်။

"သခင်မလေး…ဒီပန်းတွေကို သဘောကျတော်မူတယ် မဟုတ်လား"

နောက်ပါးမှအသံကြောင့် သူမ လှည့်ကြည့်လိုက်တော့ အထိန်းတော်ကြီး မယ်သူကို တွေ့ရသည်။

"သိပ်လှတဲ့ပန်းတွေပဲ မယ်သူရဲ့၊ ကျွန်မ သဘောမကျ ဘဲ ရှိပါ့မလား၊ ဒါနဲ့ ဒီပန်းတွေ မယ်သူ ဘယ်ကရလာတာလဲ ဟင်"

သည်မျှလှပသော ပန်းတွေ၏အကြောင်းကို သူမက သိချင်စွာ မေးလိုက်သည်။

မယ်သူက ဟိုဟိုဒီဒီ တစ်ချက်ကြည့်ပြီး…

"ကိုမင်းနိုင်…ပို့လိုက်တဲ့ပန်းတွေပါ သခင်မလေး"

"ဟင်…ကိုမင်းနိုင်၊ ဟုတ်လား"

မျက်တောင်ကော့များ ဝန်းရံနေသည့် လှပသော မျက်လုံး





လေးတွေ ဝိုင်းသွားလျက် သူမမေး၏။

"ဟုတ်ပါတယ် သခင်မလေး"

"အို…ဘာကြောင့် ယူလာရတာလဲ မယ်သူ၊ ခမည်း တော်သိရင် မခက်ဘူးလားဟင်"

သည်စံအိမ်ကြီး၏ အရှင်သခင်မှာ ဦးဘသက်ဖြစ်၏။ ဦးဘသက်သည် မင်းမျိုးမင်းနွယ်မှ မွေးဖွားလာသူဟု ဘာသာခံယူ လျက် အိမ်မှ အစေအပါးများကို သူ့အား သခင်ကြီးဟု ခေါ်တွင် စေသလို သမီးဖြစ်သူကိုလည်း သခင်မလေးဟု ခေါ်စေ၏။

"သခင်ကြီး မသိပါဘူး သခင်မလေး ညက ခြံထဲကို ကိစ္စရှိလို့ဆိုပြီး ဖိုးအားမှုနဲ့ထွက်သွားပါတယ်"

"သြော်"

သည်တော့မှ သူမ သက်ပြင်းချကာ ပန်းများကို စိတ်အေး စွာ ကြည့်နိုင်လေ၏။

တကယ်တော့ ကိုမင်းနိုင်ဆိုတာက တစ်မြို့ တစ်ရွာမှ ရောက်လာသော သာမန်ပန်းချီဆရာလေးတစ်ဦးဖြစ်၏။

သူမနှင့်ဆုံကြတာကလည်း လွန်ခဲ့သော သုံးရက်လောက် မှာဖြစ်သည်။

"ဒီညနေခင်းလေးက သိပ်သာယာတာပဲ မယ်သူ၊ တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ဒီအိမ်ကြီးထဲမှာ အချိန်ကုန်နေတာ ခမည်းတော် ခရီးသွားတုန်း အခွင့်သာခိုက် လမ်းထွက်လျှောက်ချင်တယ်''

''ကောင်းပါတယ် သခင်မလေး၊ မယ်သူလိုက်ဖို့ အသင့်ပါ''

မယ်သူသည် သူမ၏ ငယ်စဉ်ကတည်းက အတူနေလာသော အထိန်းတော်မို့ ဆွေမျိုးပမာဖြစ်နေပြီ။ အထူးသဖြင့် သူမစိတ်ချမ်းသာပျော်ရွှင်စေမည့် အရာမှန်သမျှ မယ်သူက လိုက်လျောဖြည့်ဆည်းပေး၏။

ထိုညနေမှာ သူမက မယ်သူနှင့်အတူ အညောင်းဖြေလမ်းလျှောက်ထွက်ခဲ့၏။

''ကြည့်ပါဦး မယ်သူရယ်၊ လိမ္မော်ရောင်တောက်နေတဲ့ ဆည်းဆာချိန်က ဘယ်လောက်လှသလဲဆိုတာ''

အေးမြသောလေကို ရှူရှိုက်ရင်း သူမ ကြည်နူးစွာပြောမိသည်။ မယ်သူကိုယ်တိုင်ကလည်း ဒီလိုအပြင်ထွက်ရတာ ကျေနပ်နေပုံ။

''ဟုတ်တာပေါ့ သခင်မလေးရယ်၊ ဒီလို သဘာဝကျတဲ့ ရှုခင်းမျိုး သခင်မလေးနဲ့ မယ်သူတို့ မမြင်ရတာ ဘယ်လောက်ကြာပြီလဲ''





မယ်သူပြောမှ သူမက ဘဝမှန်ကို သတိရလာ၏။ တကယ်တော့ သူမနာမည်က မြသက်ဝေဖြစ်သည်။ သို့သော် သူမတို့စံအိမ်ကြီးမှာတော့ ထိုအမည်ပျောက်၍ သခင်မလေးဟုသာ တွင်နေလေ၏။

သည်လိုဖြစ်ရတာ ကိုယ့်ကိုယ်ကို မင်းဆွေမင်းမျိုးဟု ခံယူထားသော ဖေဖေ့ဦးဘသက်ကြောင့် မဟုတ်လား။

''ခမည်းတော် သခင်မလေးကိုချစ်လို့ သူ့မျက်စိအောက်မှာပဲ ထားတာပဲမယ်သူ၊ အဲဒါကို မယ်သူ အပြစ်မြင်နေသလားဟင်''

''အို…အို သခင်ကြီးကို မယ်သူ အပြစ်မတင်ပါဘူး သခင်မလေးရယ်''

မျက်နှာပျက်ပျက်နှင့် မယ်သူ ဖြေသည်။ သူမ သက်ပြင်းလေး ကြိတ်ချလိုက်၏။ အမှန်ပြောရလျှင် ဖေဖေ၏လုပ်ရပ်က သူမကို အကျယ်ချုပ်ထားသလိုပဲ မဟုတ်လား။

သို့သော် မိဘနှင့် သားသမီးဆိုတော့ အပြစ်မတင်ကောင်းတာမို့ သူမက 'ငါ့ကိုချစ်လို့ပဲ' ဟု ဘာသာနှစ်သိမ့်ဖြေဖျောက်၏။

''မယ်သူက…မလေးကို တခြား သက်တူရွယ်တူတွေလို ပျော်ရွှင်စေချင်တာ နားလည်ပါတယ်၊ ဒါပေမယ့် ဒီလိုနေရဖို့ ဒါလာ



www.burmeseclassic.com

www.burmeseclassic.com



တာဟာ မလေးရဲ့ကံပဲလေ၊ ဘာတတ်နိုင်မှာလဲ''

တောင်ပြာတန်းများရှိရာကို ငေးကြည့်ရင်း သူမတိုးဖျော့စွာ ပြောလိုက်၏။ မယ်သူသည် အနီးကပ်မြင်နေရသည့် လှပချောမော လွန်းသော သခင်မလေးကိုကြည့်ကာ ဘာကို စိတ်မကောင်းဖြစ်မိ မှန်းမသိပေ။

သခင်မလေးမှာ ပစ္စည်းဥစ္စာပြည့်စုံစွာ နေထိုင်နိုင်ပါလျက် မျက်နှာလှလှလေးမှာ အမြဲတမ်း အကြောင်းတစ်ခုခုကြောင့် ညှိုးရော် နေတတ်သလိုပါပဲ။

''ဘာပဲဖြစ်ဖြစ် သခင်မလေး စိတ်ချမ်းသာပျော်ရွှင်ဖို့ကို မယ်သူလိုလားပါတယ်၊ ဒါကြောင့် သခင်မလေးအနေနဲ့ မယ်သူကို ကြိုက်သလို ခိုင်းစေနိုင်ပါတယ်ရှင်''

''အင်း…မလေးနားမှာ မယ်သူလိုလူမျိုးရှိနေလို့ လောက ကြီးထဲမှာ ဆက်နေလို့ရတာပေါ့၊ မယ်သူဆီက ဒီလိုစကားကြားရ တာ မလေး သိပ်အားရပါတယ်''

နှစ်ယောက်သား စကားပြောရင်း လျှောက်ခဲ့ကြတာ စမ်းချောင်းလေးဘေးသို့ ရောက်လာ၏။

''ဟင်…ဟိုမှာ လူတစ်ယောက်ပါလား မယ်သူ''

သူမတို့ကို နောက်ကျောပေးလျက် မြင့်မားသောအရပ်နှင့်





ယောကျ်ားတစ်ဦးကို သူမက စတင်တွေ့လိုက်ခြင်း။

သူမပြမှ မယ်သူမြင်ကာ …

''အို…ဟုတ်ပါရဲ့၊ မယ်သူတို့ လျှောက်ခဲ့တာ စံအိမ်နဲ့ အတော်ဝေးလာပြီ၊ သခင်မလေး အချိန်မီ မယ်သူတို့ ပြန်ကြရအောင် နော်''

သည်လိုနေရာမှာ သူစိမ်းယောကျ်ားတစ်ယောက်ကို တွေ့ လိုက်၍ သူမအတွက် မယ်သူက စိုးရိမ်သွား၏။

ထို့ကြောင့် ချက်ချင်းပြန်ဖို့ ပြောမိသည်။ သခင်မလေးသာ တစ်ခုခုဖြစ်ရင် မယ်သူ့တာဝန်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

"သူ ပန်းချီဆွဲနေတာပဲ၊ မလေးတို့ သွားကြည့်ရအောင် မယ်သူ"

"သခင်မလေး သဘောအတိုင်းပါရှင်"

တိတ်ဆိတ်သောဝန်းကျင်မှာ ပန်းချီဆွဲနေသည့်လူနားသို့ သူမ တိုးကပ်လာ၏။ သူမခြေသံက ညင်သာလွန်းတာမို့ သူ အနားသို့ ရောက်လာသည့်အထိ ကြားဟန်မတူပေ။

"အို…သိပ်ကို သဘာဝကျတဲ့ ပန်းချီကားချပ်ပါလား"

လိမ္မော်ရောင် နေလုံးကြီး တောက်ပလျက် ညနေခင်း၏ ဆည်းဆာအလှကို သဘာဝကျကျ ဆွဲထားသော ပန်းချီကားချပ် မြင်လိုက်ရတော့ သူမ အံ့သြစွာ ချီးကျူးမိ၏။

အသံကြောင့်ထင် သူက ဖျတ်ခနဲ လှည့်ကြည့်လာခိုက်…

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အို"

ညနေဆည်းဆာချိန်မှာ ချောမောလှပသော မိန်းကလေး တစ်ယောက်ကို သူ ရုတ်တရက် တွေ့လိုက်ရခိုက် အံ့အားသင့်သွားလေ၏။

"ကျွန်မ…ကျွန်မကြောင့် ရှင် အနှောင့်အယှက်ဖြစ်သွားသလားဟင်"

အနီးကပ်မြင်တွေ့နေသည့် ယောကျ်ားပီသစွာ ချောမောခန့်ညားသော သူ့ကိုကြည့်ပြီး သူမ အားနာသလို မေးမိသည်။

သူ ဉာဉ်သာစွာ ခေါင်းခါယမ်း၏။

"ရပါတယ်ဗျာ…ဒီပန်းချီကားဆွဲတာ ကျွန်တော်ပြီးပါပြီ ဒါနဲ့ ညီမတို့က"

"အို…ကျွန်မတို့က မြစိမ်းစံအိမ်ကပါရှင်၊ ကျွန်မနာမည်က မြသက်ဝေပါ"

ပထမဆုံးအကြိမ် သူစိမ်းယောကျ်ားတစ်ယောက်ကို သူမ မိတ်ဆက်လိုက်ခြင်းပါ။

သူက သိမ်မွေ့နူးညံ့သော မျက်ဝန်းများဖြင့် သူမကိုကြည့်၍ ပြုံးပြလေ၏။

"တွေ့ရတာဝမ်းသာပါတယ် မြသက်ဝေ၊ ကျွန်တော်





နာမည် မင်းနိုင်ပါခင်ဗျာ၊ ပန်းချီဆွဲပါတယ်"

"အို…ဟုတ်ကဲ့"

မှန်တာပြောရလျှင် သူမဘဝမှာ ပန်းချီဆရာတစ်ယောက်ကို ဒီလိုအနီးကပ်မမြင်ဖူးခဲ့ပါ။

ယောကျ်ားတစ်ယောက် အနေဖြင့် ဒီလိုချောမောတာကိုလည်း သူမ ကြိတ်ကာ အံ့ဩမိ၏။

အကြည့်ချင်းဆုံတော့ သူမမှာ မျက်လွှာအမြန်ချမိသည်။

"ကျွန်မ…ကျွန်မ သွားလိုက်ပါဦးမယ်"

ပြောပြောဆိုဆို သူမထွက်ခဲ့သည်။ သို့သော်…

"ခဏနေပါဦး မြသက်ဝေ"

"ဟင်"

နောက်မှ သူလှမ်းတားတာကြောင့် သူမ ခြေလှမ်းတန့်သွားသည်။ သူက သူမနားရောက်လာလျက်…

"နောက်နေ့တွေမှာ မမြသက်ဝေ ဒီကိုလာဦးမှာလားဟင်"

"ရှင်…ဟင့်အင်း"

သူမ ခေါင်းခါယမ်းတော့ သူ မျက်နှာပျက်သွားသည်။

"ဘာဖြစ်လို့လဲဗျာ…မနက်ဖြန်ဆို ကျွန်တော် ဒီပန်းချီ



www.burmeseclassic.com

www.burmeseclassic.com



ကား လက်စသတ်ပါပြီ၊ မမြသက်ဝေ ရောက်လာတုန်း ပြီးတဲ့ ပန်းချီကားမို့ မနက်ဖြန်ပြီးရင် ဒီပန်းချီကားကို ကျွန်တော် လက်ဆောင်ပေးချင်ပါတယ်''

လက်ရာကောင်းလွန်းတာကြောင့် ပန်းချီကားမှာ တကယ် လှပသက်ဝင်နေ၏။

သူလက်ဆောင်ပေးမည်ဆိုတော့ မယ်သူက ဝမ်းသာ အားရဖြင့်. . .

''သခင်မလေး. . .ဒါဆို မနက်ဖြန် ကျွန်မတို့ လာကြရ အောင်''

''အို. . .မယ်သူကလဲ''

လိုချင်တာတစ်ခုတည်းကို သိသော မယ်သူကို သူမ မျက်စောင်းလေးကြိတ်ထိုးမိ၏။

ယခုမှသိတဲ့ သူစိမ်းယောကျ်ားတစ်ယောက်ဆီက လက်ဆောင်ကို သူမဘယ်လိုလက်ခံရမှာလဲ။

''လက်ဆောင်ပေးမယ်ဆိုတာကိုတော့ ကျေးဇူးတင်ပါ တယ်၊ ဒါပေမယ့် မနက်ဖြန် ကျွန်မ လာနိုင်မယ်မထင်ပါဘူး၊ ခွင့်ပြုပါဦး''

''ကျွန်တော်ကတော့ မနက်ဖြန် မမြသက်ဝေအလာကို





စောင့်နေမယ်ဆိုတာ သိထားပါဗျာ''

သူမလှည့်ထွက်အလာမှာ သူ့အသံကို နောက်မှကြားရ သည်။ သူမဘာမှမပြောဘဲ ထွက်ခဲ့၏။

''သခင်မလေးကလည်းနော် မနက်ဖြန် ပန်းချီကား လက်ဆောင်ရမှာကို ဘာဖြစ်လို့ ငြင်းလိုက်တာလဲဟင်''

''တိတ်စမ်း. . .မယ်သူ၊ သူ့ဆီက လက်ဆောင်ယူလိုက်ရင် ငါဟာ ဘယ်လိုမိန်းကလေး ဖြစ်သွားမလဲ၊ ပြီးတော့ ခမည်းတော် အကြောင်းလည်း နင်သိလျက်နဲ့''

သည်တော့ မယ်သူငြိမ်သွား၏။ ဦးဘာသက်က မင်းဆွ မင်းမျိုးအဖြစ် ခံယူလျက် သမီးဖြစ်သူကိုလည်း ပင်တိုင်စံ မင်းသမီး တစ်ပါးလို ထားသည်မဟုတ်လား။

သူဆက်ဆံစေချင်သည့် လူကလွဲ၍ သူမကို သာမန်လူ များနှင့် ဆက်ဆံတာမျိုး မကြိုက်ပေ။

မယ်သူကို ငေါက်လိုက်ရပေမယ့် တကယ်တမ်း သူမရင် ထဲမှာ ယောကျ်ားပီသစွာ ချောမောသော ပန်းချီဆရာ၏ ပုံရိပ်က ပါလာသည်။

''သူမကို မျှော်နေမည်တဲ့''

တစ်ယောက်နှင့်တစ်ယောက် ယခုမှ သိကျွမ်းမြင်ဖူးပြီ



www.burmeseclassic.com

www.burmeseclassic.com



လျက် သူမရင်ထဲ ဘာကြောင့်များ သူ့ကို ခင်မင်နှစ်လိုစိတ်တွေ ပေါ်နေပါလိမ့်။

"သခင်မလေး"

"ဟင်...ဘာလဲ မယ်သူ"

တိတ်ဆိတ်နေသော သူမကို မယ်သူခေါ်သည်။

"ဒီလို လူသူရှင်းတဲ့နေရာမှာ အဲဒီပန်းချီဆရာလေးကို တွေ့ရတာ မအံ့သြဘူးလားဟင်"

"အင်း...ရုတ်တရက်တော့ အံ့သြသလိုပဲ မယ်သူ၊ အရင်က ဒီလို တစ်ခါမှ မတွေ့ဖူးဘူးမဟုတ်လား"

ကိုမင်းနိုင်ဆိုသော ပန်းချီဆရာဟာ ဒီဒေသကတော့ မဟုတ်နိုင်ဟု သူမထင်၏။ အရင်က ဒီအရပ်မှာ တစ်ခါမျှ မတွေ့ဖူးပေ။

"မယ်သူကတော့ အဲဒီပန်းချီဆရာလေးကို လူမှဟုတ်ရဲ့လားလို့တောင် ထင်မိတယ် သခင်မလေး"

"အို...ဘာကြောင့် ဒီလိုပြောရတာလဲ မယ်သူ"

ထိုအမေးကြောင့် မယ်သူ ခစ်ခနဲရယ်၏။

"အဟီး...အဲဒီ ပန်းချီဆရာလေးက ဥစ္စာစောင့် တစ်ယောက်လို သိပ်ချောလို့လေ သခင်မလေးရဲ့"





"အမယ်...ညည်းက ဥစ္စာစောင့်ကို မြင်ဖူးလို့လား မယ်သူ"

စင်ရော်တောင် မျက်ခုံးနက်နက်လေးတွန့်၍ သူမမေးတော့ မယ်သူ ခေါင်းခါယမ်းသည်။

"သူများတွေ ပြောလို့ကြားဖူးတာပဲ၊ ဥစ္စာစောင့်တွေက သိပ်ချောတယ်တဲ့၊ သခင်မလေးလိုပဲတဲ့"

"ဟဲ့...ဘာတွေလျှောက်ပြောနေတာလဲ မယ်သူ၊ နေရင်း ထိုင်ရင်း ငါပါဥစ္စာစောင့်ဖြစ်ရပြီ"

မျက်နှာထားလေးတည်ကာ သူမပြောတော့ မယ်သူ ခေါင်းပုသွား၏။

"ဟို...သခင်မလေးကို အဲဒီလိုပြောတာ မဟုတ်ပါဘူး၊ သခင်မလေး သိပ်လှသလို ဟိုပန်းချီဆရာလေးလည်း သိပ်ချော တယ်လို့ မယ်သူပြောတာပါ"

"ဟင်း...ညည်း သတိထား"

မျက်စောင်းတစ်ချက်ဖြင့် သတိပေးလိုက်ရပေမယ့် ကိုမင်း နိုင်ဆိုတဲ့ ယောကျာ်းတစ်ယောက် ချောမောတာဟာ မယ်သူပြော သလို ဥစ္စာစောင့်လားဟု သူမစိတ်ထဲကပင် သံသယဖြစ်မိ၏။

ထူးဆန်းစွာပင် ညအိပ်ရာဝင်သည့်အထိ ကိုမင်းနိုင်ပုံက

www.burmeseclassic.com

www.burmeseclassic.com



သူမမျက်စိထဲ စွဲနေသည်။

ဟင်း…

ဘာကြောင့်များ ဒီနေ့မှတွေ့တဲ့ ယောကျာ်းတစ်ယောက်ကို သူမ သတိရမိပါလိမ့်။ တကယ်တမ်း တွေးကြည့်လျှင် ရှက်စရာအဖြစ်ပါ။

"မနက်ဖြန် မမြသက်ဝေကို ကျွန်တော်စောင့်နေမယ်"

လူကသာ ချောမောတာမဟုတ် သူ၏အသံကလည်း ကြည်လင်ချိုသာလှပါလား။

"မနက်ဖြန် သခင်ကြီး မလာဘူးဆိုရင် သခင်မလေး ဘာလုပ်မလဲဟင်"

အိပ်ခါနီးမှာ မယ်သူက သူမကို လာမေး၏။ သူမ ဘာမှ မဖြေဘဲ တစ်ဖက်လှည့်၍ ကျောခိုင်းတိတ်နေလိုက်သည်။

ထိုညအိပ်မက်ထဲမှာ ကိုမင်းနိုင်နှင့် သူမ အတူတွဲကာ ပျော်နေကြသည်တဲ့။

❀ ❀ ❀



"သခင်မလေး--သခင်မလေး ပန်းချီဆရာလေ တကယ်ပဲ သခင်မလေးကို ဟိုနေရာက စောင့်နေတယ်"

"ဟင်"

အပြင်မှပြန်ရောက်လာသော မယ်သူက သူမထံ ကမန်းကတန်း လျှောက်လာပြီး အကြောင်းကြားသည်။

သည်နေ့ မနက်မိုးလင်းပြီဆိုတာနှင့် သူမစိတ်တွေ လှုပ်ရှားခဲ့ရ၏။

စမ်းချောင်းလေးဘေးမှာ သူမအလာကို စောင့်နေမည့်သူတစ်ယောက် ရှိနေတာမဟုတ်လား။

"အို…မကြာခင်ကမှ တွေ့ဖူးတဲ့ လူတစ်ယောက်က ငါ့ကို စောင့်နေမယ်လို့ပြောတာ အလကားပါ"

သူမက တစ်ယောက်တည်း ထိုသို့တွေးလျက် စိတ်ကို ချုပ်ထိန်းဖို့ ကြိုးစား၏။ သို့သော် မယ်သူက…



www.burmeseclassic.com

www.burmeseclassic.com



"သခင်မလေး…ဒီနေ့ လမ်းမလျှောက်တော့ဘူးလား"

ဟု မနေ့ကကိစ္စကို မသိချင်ယောင်ဆောင်လျက် မေးလာတာကြောင့် ခေါင်းခါယမ်းလိုက်၏။

"ဟင့်အင်း…မယ်သူ မလေး ဒီနေ့ ခြံထဲမှာပဲ လျှောက်မယ်"

"ဒါဆို…ဟိုပန်းချီဆရာလေးကို ဘယ်လိုလုပ်မလဲ သခင်မလေး"

သူမ တကယ်မသွားတော့ဘူးဆိုတော့ သူ့အတွက် ပူပန်လျက် မယ်သူမေး၏။

"အို…မလေးနဲ့ ဘာဆိုင်လဲ မယ်သူ"

"အဲဒီဆရာလေးက ပြောလိုက်တယ်လေ၊ သခင်မလေး အလာကို သူစောင့်နေမယ်ဆိုတာ"

လူတွေကို အယုံလွယ်သော မယ်သူစကားကြောင့် သူမ နှုတ်ခမ်းလေးတွန့်၍ ပြောလိုက်၏။

"ခက်ပါလား မယ်သူ၊ မလေးနဲ့သူက သိကျွမ်းတာမှ မဟုတ်ဘဲ၊ ဘာကြောင့် သူပြောတာကို ယုံရမှာလဲဟင်"

"ဒါဆို အဲဒီဆရာလေး ကတိတကယ်တည်ရဲ့လားလို့ မယ်သူ သွားကြည့်လိုက်မယ်နော် သခင်မလေး"





ထိုအဖြေကို သူမကိုယ်တိုင်က သိချင်နေတာကြောင့် ခေါင်းညိတ်ပြလိုက်သည်။

မယ်သူသွားနေစဉ် သူမစိတ်လှုပ်ရှားကာ ခြံထဲမှာ တစ်ယောက်တည်း ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိတာ ဘယ်နှစ်ကြိမ်မြောက်မှန်း မသိပေ။

ယခု မယ်သူပြန်ရောက်လာတော့ သူစောင့်နေတယ်ဆိုတာကြောင့် သူမရင်ထဲမှာ လှုပ်ရှားအံ့သြသွားရ၏။

"မယ်သူကိုမြင်တော့ သူက သခင်မလေး မပါဘူးလားတဲ့၊ မယ်သူက သခင်မလေး အိမ်မှာကျန်ခဲ့ပါတယ်ဆိုတော့ ဆရာလေး မျက်နှာပျက်သွားတယ်၊ ပြီးတော့ ဆရာလေးက မှာလိုက်တယ်၊ သခင်မလေး ဒီကိုမလာမချင်း သူစောင့်နေမယ်တဲ့"

"အို…ဒုက္ခပါပဲ"

တကယ်ပဲ သူမအလာကို ဖွဲ့မလျှော့တမ်း စောင့်နေလျှင် ညမိုးချုပ်၍ အချိန်သာကုန်သွားနိုင်သည် မဟုတ်လား။

"သနားပါတယ် သခင်မလေး၊ သွားတွေ့လိုက်ပါလားဟင်"

ငြိမ်သက်သွားသော သူမကို မယ်သူက တိုက်တွန်းလေ၏။ သူမစိတ်ထဲမှာ သူ့အပေါ် ကရုဏာစိတ်တို့ လျှံကျလေဘ၏။



www.burmeseclassic.com

www.burmeseclassic.com



"မလေးမသွားရင် သူ မိုးလင်းသွားမှာပေါ့နော် မယ်သူ"

"ဟုတ်ပါတယ် သခင်မလေး၊ ညဘက်ဆို အဲဒီနေရာ ဟာ ဘယ်လောက်အန္တရာယ်များတယ်ဆိုတာ သခင်မလေး အသိ ဆုံးပါ"

"ဟင်း…မဖြစ်ဘူး၊ သူ့ကိုပြန်ဖို့ သွားပြောမှ"

မိန်းမသားတို့၏စိတ်က သနားကြင်နာတတ်သည်မို့ သူ့ အတွက် စိုးရိမ်ပူပန်သွားသည်။

ထို့ကြောင့် မယ်သူကိုခေါ်၍ သူရှိရာသို့ ထွက်လာခဲ့၏။ မယ်သူက သူမလိုက်လာသည့်အတွက် ဝမ်းသာပျော်ရွှင်နေ၏။

"ဟိုမှာ…ပန်းချီဆရာ၊ သခင်မလေး"

ဆည်းဆာအောက်မှာ သူမအလာကို တစ်ယောက်တည်း စောင့်နေသည့် သူ့ကို မယ်သူက လှမ်းပြခြင်းပါ။

"ဟင်…မမြသက်ဝေ"

သူမကိုတွေ့တော့ သူ ခြေလှမ်းကျဲများဖြင့် လျှောက်လာ၏။

"ရှင်…ရှင် ဒီမှာဘာလုပ်နေတာလဲ ကိုမင်းနိုင်"

နှစ်ယောက်သား မျက်နှာချင်းဆိုင်တော့ သူမ တိုးတိုး စွာ မေးမိ၏။ သူက သူမကို ရွှန်းလက်စွာကြည့်လျက်…





"ကျွန်တော် ပြောထားသားပဲ၊ မမြသက်ဝေ ကျွန်တော် မမြသက်ဝေကို ဒီမှာစောင့်နေပါမယ်လို့"

"အို…ရှင့်ကို လာခဲ့ပါမယ်လို့ ကျွန်မ ကတိပေးခဲ့လို့ လားဟင်"

လှပသော မျက်လုံးလေးများဖြင့် သူ့ကိုကြည့်၍ သူမပြော တော့ သူပြုံးသည်။

"အဟွန်း…ဘာပဲဖြစ်ဖြစ် အခု မမြသက်ဝေ ရောက်လာ ပြီလေ"

"အို…ဒါက"

ရုတ်တရက် သူမမျက်နှာလေး နီမြန်းသွားလျက် ဘာပြော ရမှန်းမသိ ဖြစ်သွား၏။

"မမြသက်ဝေ ခုလိုလာတာ ကျွန်တော် သိပ်ဝမ်းသာတာ ပဲဗျာ၊ တကယ်ပါ"

"ကျွန်မ…ကျွန်မ ရှင့်ကိုလာတွေ့တာ မဟုတ်ဘူး၊ ရှင် ဒီနေရာမှာ ဆက်မစောင့်ဖို့ လာပြောတာ ကိုမင်းနိုင်"

လူကိုယ်တိုင်ရောက်လာပေမယ့် သူ့ကို တမင်လာတွေ့ တာမျိုးထင်မှာ မိန်းကလေးပီပီ ရှက်လေ၏။ ဒါကို သူက တွေ့မိ ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမြသက်ဝေ…မလာရင် ကျွန်တော် ဒီမှာ မိုးလင်းသွား ပါစေ စောင့်နေမှာပါ ခင်ဗျ"

"အို…ရှင် အတော်ခက်တဲ့လူပဲ၊ ကဲ…ကျွန်မပြန်မယ်"

သူမနေရာမှ လှည့်ထွက်ဖို့အပြင်…

"နေပါဦး မမြသက်ဝေ ဟောဒီက ပန်းချီကားကို ကျွန် တော်လက်ဆောင် ပေးလိုက်ပါရစေ၊ ဒီပန်းချီကားကို မမြသက်ဝေ မလာခင်ကပဲ အဆုံးသတ်လိုက်တာပါ"

ဆည်းဆာချိန် ပန်းချီကားကို သူ လှမ်းပေး၏။ သူ လှမ်းယူမည်ပြုပြီးမှ…

"အို…ဟင့်အင်း၊ ကျွန်မ ယူလို့မဖြစ်ဘူး ကိုမင်းနိုင်"

"ဗျာ…ဘာဖြစ်လို့လဲ မမြသက်ဝေ"

သူ့အမေးကြောင့် သူမ သက်ပြင်းချမိသည်။ ဖခင်ဖြစ်သူ ဦးဘသက်က ဒီပန်းချီကားကိုတွေ့လျှင် အကျိုးအကြောင်း စုံစမ်း တော့မှာ ဖြစ်၏။

သူနှင့်ပတ်သက်တာသိလျှင် ချက်ချင်းပဲ သူမလွတ်လ ခွင့်ကို ပိတ်မှာဖြစ်သလို သူ့ကိုလည်း အလွတ်ပေးမည် မဟုတ်

"ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မ ကိုမင်းနိုင်လက်ဆောင် ကို လက်မခံနိုင်ပါဘူးရှင်၊ ကဲ မယ်သူ မလေးတို့ ပြန်ကြရအောင်"





မျက်နှာလေးမကောင်းစွာဖြင့် သူမပြန်ဖို့ပြင်သည်။ သူကိုယ်တိုင်လည်း မျက်နှာပျက်နေပြီ။

"ဒီမှာ…မမြသက်ဝေ၊ ဒီပန်းချီကားကို မမြသက်ဝေက လက်မခံနိုင်ဘူးဆိုရင် ကျွန်တော် အခုချက်ချင်း စမ်းချောင်းထဲ မျှောပစ်မယ်ဗျာ"

"အို"

ပန်းချီကားကို ကိုင်လျက် သူပြတ်သားစွာပြော၏။ အင်မတန်လက်ရာကောင်းသော ပန်းချီကားတစ်ချပ် အလကား ဆုံးရှုံးရမည့်အဖြစ်။

သူပုံစံက တကယ်လုပ်မည့်ဟန်။ မယ်သူမှာလည်း ကြားထဲက မျက်လုံးပြူးသွား၏။

"မ…မလုပ်ပါနဲ့ ဆရာ၊ သခင်မလေး သခင်မလေးက ဆရာပေးတဲ့ ပန်းချီကားကို ယူမှာပါ"

သူမကို မယ်သူက တောင်းပန်သော မျက်ဝန်းဖြင့် လှည့် ကြည့်၏။

"ယူ…ယူလိုက်ပါနော်၊ သခင်မလေး ဒီပန်းချီကားကို သခင်ကြီး မသိအောင် သိမ်းထားလို့ရတာပဲ"

မယ်သူက သူမကို တိုက်တွန်းနေသည်။ သူမ သက်ပြင်း



www.burmeseclassic.com

www.burmeseclassic.com



လေးချလိုက်၏။

"ရှင်…သိပ်ကို တစ်ဇွတ်ထိုးနိုင်တာပဲ ကိုမင်းနိုင်"

"ဟုတ်တယ်…ကျွန်တော်က ဖြစ်ချင်တဲ့အလုပ်တစ်ခုကို ဖြစ်အောင်လုပ်တတ်တဲ့ အကျင့်ရှိတယ် မမြသက်ဝေ၊ အဲဒီအတွက် ကျွန်တော်ကို ခွင့်လွှတ်ပါ"

သူမကို အစိပ္ပါယ်ပါသော မျက်လုံးများဖြင့်ကြည့်ပြီး ပန်းချီ ကားလှမ်းပေး၏။ သူမ လက်ခံယူလိုက်ရင်း…

"ဘာပဲဖြစ်ဖြစ် ဒီပန်းချီကားအတွက် ရှင့်ကို ကျေးဇူးတင်ပါတယ် ကိုမင်းနိုင်"

သူ ကျေနပ်စွာပြုံးလျက် ခေါင်းညိတ်ကျန်ခဲ့သည်။ တကယ်တော့ သူ့စိတ်ထဲမှာလည်း ဒီပန်းချီကား ယူလာသည့်အတွက် ကျေနပ်နေတာမဟုတ်လား။



သူသည် မယ်သူမှတစ်ဆင့် သူမထံသို့ ပန်းလက်ဆောင်တို့ တစ်ခုပြီးတစ်ခု ဆက်တိုက်ပို့လေ၏။

ပန်းစည်းများနှင့်အတူ လှပညီညာသော လက်ရေးများဖြင့် သူ၏စာတစ်စောင်လည်း အမြဲပါတတ်သည်။

*"အသက်"*

*မြတ်နိုးရတဲ့ အသက်ကို မောင်သိပ်ချစ်မိနေပြီ။*

*မြသက်ဝေမို့လို့ မောင်က အသက်လို့ ခေါ်တာမဟုတ်ဘူး။ မောင့်အသက်လောက်ချစ်လို့ အသက်လို့ခေါ်တာပါ…*

*မောင့်ကို ချစ်တယ်ဆိုရင် တွေ့ဆုံနေကြ နေရာလေးက စောင့်နေပါမယ်…*

*အသက်ရဲ့ မလာမခြင်း မျှော်နေမယ့်…*

ချစ်တဲ့မောင်



www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင် နှင်းဆီပန်းတို့နှင့်အတူ ထိုစာလေးကို သူမ လက်ထဲသို့ မယ်သူလာထည့်ခြင်းဖြစ်၏။

စာဖတ်ပြီးချိန်မှာ သူမမျက်နှာ ရင်ခုန်သွားရသည်။

သူက သူမကို အသက်လောက်ချစ်သည်တဲ့။ သေချာတာက သူမဘဝမှာ ယောကျ်ားတစ်ယောက်ကြောင့် ဒီလို စိတ်လှုပ်ရှားရတာမျိုး မရှိခဲ့ပါ။

"သူ…သူ ဘာပြောလိုက်သေးလဲ မယ်သူ"

"သခင်မလေးကို မနက်ဖြန် စောင့်နေပါမယ်တဲ့"

ဟင်း…

မယ်သူစကားကြောင့် သူမ သက်ပြင်းကြိတ်ချမိ၏။ သည်လူတစ်ဖွတ်ထိုးလုပ်တတ်တာ သူမ အသိဆုံးမဟုတ်လား။

"သခင်မလေး သွားတွေ့မှာ မဟုတ်လားဟင်"

"အို…ဒါက"

"သွားတွေ့လိုက်ပါ သခင်မလေးရယ်၊ တကယ်တော့ သခင်မလေးလည်း ဆရာ့ကို တွေ့ချင်တယ်မဟုတ်လား"

"အို…မယ်သူ ဘယ်လိုသိလဲ"

သူမရှက်ရက်နှင့် မေးတော့ မယ်သူက အပြစ်ရှိဟန်ဖြင့် ခေါင်းငုံ့သည်။





"ဟို…ဟို သခင်မလေးက ဆရာ့အကြောင်း အမြဲမေးတတ်တော့"

"ဟင်း…ဟုတ်တယ် မယ်သူရယ်၊ မလေး မညာချင်ပါဘူး၊ သူနဲ့ကြမှ မလေးရဲ့စိတ်တွေ သိပ်လှုပ်ရှားရတာပဲကွယ်"

တစ်သက်လုံး မညာတတ် ဟန်မဆောင်တတ်ခဲ့သူမို့ သူမ ပွင့်လင်းစွာပဲ မယ်သူအားပြောမိ၏။

"ဒါဘာမှ မဆန်းပါဘူး သခင်မလေး၊ ဆရာဟာ သိပ်ကို ချောမောတဲ့ ယောကျ်ားဆိုတော့ သခင်မလေး စိတ်လှုပ်ရှားတာပေါ့"

"ဟုတ်တယ်…မယ်သူရယ်၊ သူ သူကလေ တကယ်ကို ချောမောခန့်ညားတဲ့ ယောကျ်ားတစ်ယောက်ပဲ"

"ဒါဆို…မနက်ဖြန် သူ့ကို သခင်မလေး သွားတွေ့မယ် မဟုတ်လားဟင်"

မယ်သူ မျက်စိထဲမှာလည်း သခင်မလေးနှင့် ပန်းချီဆရာကို လိုက်ဖက်တဲ့ စုံတွဲအဖြစ် မြင်မိ၏။

သူမ ငြိမ်နေတော့ မယ်သူက သဘောပေါက်စွာ ပြုံးသည်။

"မယ်သူတော့ သခင်မလေးတို့နှစ်ယောက်ကို သဘော



www.burmeseclassic.com

www.burmeseclassic.com



တူတယ်"

"အိုကွယ်"

သည်စကားကြောင့် သူမစိတ်ထဲ ကျေနပ်ပီတိဖြစ်သလိုလို။ တကယ်တော့ ရင်ထဲက အချစ်ကို ညာ၍မရဘူး မဟုတ်လား။

နောက်နေ့မှာ မယ်သူ၏ တိုက်တွန်းမှုဖြင့် သူ့ကို သွားတွေ့မိသည်။

"ဟင်…အသက် အသက် မောင့်ဆီ တကယ်လာတယ်"

သူမကိုတွေ့လိုက်တာနှင့် သူဝမ်းသာစွာ ပြေးလာ၏။ ထို့နောက် သူမကိုယ်လေးကို ဆတ်ခနဲပွေ့ဖက်ကာ…

"မောင်ဝမ်းသာလိုက်တာ အသက်ရယ်"

ထိုအချိန် ဝန်းကျင်တစ်ခုလုံး စိမ်းစိုလှပနေ၏။

"အို…လွှတ်…လွှတ်ပါရှင်"

နီမြန်းသော ရှက်မျက်နှာလေးဖြင့် သူ့ရင်ခွင်ထဲမှ သူမ အသာရုန်းသည်။ မယ်သူက အလိုက်သိစွာဖြင့် တောပန်းများခူးနေ၏။

"အသက်ရယ်…မောင်လေ မင်းကို ဘယ်လောက် မျှော်





လင့်စောင့်စားခဲ့ရတယ် မှတ်လဲဟင်၊ အသက်ကို မြင်မြင်ချင်းမှာပဲ မောင်သိပ်ချစ်ခဲ့ရတာပါကွယ်"

လုံးဝန်းကျစ်လစ်သော သူမပခုံးလေးနှစ်ဖက်ကိုကိုင်ကာ သူပြော၏။

တကယ်ပဲ သူ့မျက်ဝန်းထဲမှာ သူမကိုချစ်သည့် အရိပ်အယောင်များ တစ်ဖျပ်ဖျပ်လက်လို့။ တည်ကြည်လေးနက်သော ဟန် ညင်သာလိုက်လှဲသော အသံတို့ကြောင့် သူမရင်မှာ တစ်သိမ့်သိမ့် လှုပ်ရှားနေရသည်။

"ကျွန်မ…ကျွန်မ…ရှင့်ဆီ ဘာကြောင့်လာမိမှန်းမသိဘူး ကိုမင်းနိုင်"

သည်တော့ သူပြုံး၏။ သူမကိုလည်း ကရုဏာသက်စွာ ကြည့်သည်။

"အဟွန်း…အသက် မောင့်ဆီလာတာ အချစ်ကြောင့် ပေါ့ကွယ်၊ အချစ်ကြောင့်ပေါ့"

"အို"

သူကပြောရင်း သူမမျက်နှာလေးကို ညင်သာစွာ ရှိုက်နမ်းသည်။ သူမခေါင်းထဲ ရုတ်တရက် မူးမိုက်သွားသလိုပါပဲ။

သေချာတာကတော့ အချစ်ဆိုသောအရာသည် သူမကို



www.burmeseclassic.com

www.burmeseclassic.com



ညို့အားပြင်းပြင်းနှင့် ဆွဲဆောင်ခဲ့ပြီ မဟုတ်လား။

"ကိုမင်းနိုင်"

"မောင်လို့ခေါ်ပါ အသက်"

သူမမျက်လွှာချလိုက်သည်။ သူက သူမလက်လေးတွေကို ဖွဖွဆုပ်ကိုင်၏။

"ကျွန်မဘဝမှာ ရှင်ဟာ ပထမဆုံး ပတ်သက်မိတဲ့ ယောကျ်ားတစ်ယောက်ပဲ"

"မောင် ယုံပါတယ် အသက်၊ အသက်ဟာ အချစ်ကိစ္စနဲ့ပတ်သက်ရင် သိပ်ကိုရိုးသားဖြူစင်တယ်ဆိုတာ"

"ဟင်...ရှင်က ဘယ်လိုသိလဲ မောင်"

မထင်မှတ်ပဲ သူ့ကိုမောင်ဟု ခေါ်မိသွားပြီ။ သူပြုံးကာ သူမကိုယ်လေးကို ညင်သာစွာဖက်၏။

"အသက်ရဲ့ မျက်နှာလေးက သိပ်ကို ဖြူစင်တာပဲ၊ မောင်နဲ့တွေ့ဖို့လာတဲ့အချိန်မှာ အသက်မျက်နှာလေးက သိပ်ကို ရှက်ကြောက်ဟန်လေးနဲ့ အဲ့ဒီပုံလေး မောင့်မျက်ဝန်းထဲစွဲနေတယ် ကွယ်"

"အို...မောင်ရယ်"

သူ့ကို ချစ်မိသွားတာ မညာချင်။ တင်းကြပ်သော ဖခင်၏





ညီးကမ်းများကြားတွင် မယ်သူကို အဖေါ်ပြုလျက် သူမတစ်ယောက်တည်း နေခဲ့တာ ဘယ်လောက်ကြာပြီလဲ။

အထီးကျန်ငြီးငွေ့စရာကောင်းနေသော သူမဘဝမှာ သူ့ကိုတွေ့ခြင်းဟာ သဲကန္တာရထဲမှာ အိုအေစစ်လေး တစ်ခုလိုပါပဲ။

"ကျွန်မ..မောင့်ကို မသိဘူး"

"အဟွန်း...မောင်က...သာမန်ပန်းချီဆရာလေး တစ်ယောက်ပါဗျာ"

တကယ်တော့ သူဟာ ဘယ်လိုလူတစ်ယောက်လဲဆိုတာ သူမ မသိချင်ပါ။ သူမနှင့် ရေစက်ပါသော မြင်မြင်ခြင်းချစ်မိသည့် သူတစ်ယောက်ဟုသာ သဘောထား၏။

"မောင်ဘာဖြစ်ဖြစ် ကျွန်မအတွက် အရေးမကြီးဘူး၊ အခုက မောင် ကျွန်မကို ပစ်မသွားဖို့ဘဲ"

ရှည်လျားသော မျက်တောင်ကော့ကြီးများပင့်၍ သူ့ကို ကြည့်ကာ သူမပြောလိုက်၏။

"အမယ်လေးဗျာ...ပြောရက်လိုက်တာ၊ အသက်လို သိမ်မွေ့ချောသိပ်လှတဲ့ မိန်းကလေးတစ်ယောက်ကို မောင်က ဘယ်လို စိတ်နဲ့ ပစ်ပြေးရမှာလဲဟင်၊ အသက်ကသာ...တစ်နေ့ မောင့်ကို ရှာရှည်မတူလို့ ထားခဲ့မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် သူမ မျက်နှာလေးပျက်ယွင်းသွား၏။

"အို…ဘာကြောင့် ဒီစကားပြောတာလဲ မောင်၊ ကျွန်မ ဟာ အဲဒီလို မိန်းမတစ်ယောက်မဟုတ်ဘူး မောင်၊ ချစ်မိပြီဆိုရင် အားလုံးကို စွန့်ဝံ့သူပါ"

"အသက်ရယ်"

အချစ်မှာ သစ္စာတရားသာ အရေးကြီးဆုံးဟု သူမ ခံယူ၏။

ထို့ကြောင့် သူ့အပေါ်ထားသောအချစ်သည် ဘာ အကြောင်းနှင့်မှ ပျက်ပြယ်စရာမလိုဟု ဆုံးဖြတ်ထားသည်။

"အသက်ရယ်…မောင်တို့နှစ်ယောက်ဟာလေ၊ ဘဝ ဘဝက ရေစက်ရှိခဲ့တဲ့ သူတွေမို့ ခုလိုပြန်ဆုံကြရတာပါ"

"တကယ်ပဲလားမောင်"

မျက်ဝန်းချင်းဆုံကာ သူမမေးတော့ မောင်ခေါင်းညိတ်၏။

"သေချာတာပေါ့ဗျာ၊ အသက်ကော မောင့်ကို မြင်စ အချိန်မှာ ဘယ်လိုခံစားရလဲ"

"အဟင်း…ဟိုလေ၊ အရင်ကထဲက သိကျွမ်းဖူးသူ တစ်ယောက်လိုလို"

"အဲဒါ…အဲဒါပဲပေါ့ဗျာ၊ ရေစက်ရှိတဲ့လူတွေဟာ ပြန်ဆုံ





ကြရင် တစ်ယောက်ကို တစ်ယောက်ရင်ထဲက သိနေကြတာပဲ အသက်ရဲ့"

သူမကိုယ်လေးကို တင်းတင်းဖက်နွဲ့လျက် သူဆိုသည်။

သူမကလည်း မျက်ဝန်းလေးမှေးမှိတ်ရင်း မောင်ပြောတာ ဖြစ်နိုင်တာကြောင့် ဘဝရေစက်ပဲဟု ယုံကြည်လိုက်လေ၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

"သမီးတော်ကို မိတ်ဆက်ပေးရဦးမယ်၊ ဟောဒါက ခမည်းတော်တို့လို မင်းမျိုးထဲကပဲ၊ နာမည်က ကိုကိုကြီးတဲ့ကွယ်"

"ရှင်…ဟုတ်ကဲ့ပါ ဖေဖေ"

သည်နေ့ ဦးဘသက်ပြန်ရောက်၏။ ဦးဘသက်နှင့်အတူ အရပ်မြင့်မြင့် ညိုထွားသော လူတစ်ယောက်ပါလာ၏။

ကိုကိုကြီးတဲ့။

အသက်အားဖြင့် သုံးဆယ်ဝန်းကျင်ခန့်ရှိ နှုတ်ခမ်းမွေးစစ နှင့် ထိုလူက သူမကို တောက်ပသော မျက်လုံးများဖြင့် ပြုံးကြည့်သည်။

"မောင်ကိုကိုကြီးလည်း မှတ်ထားပါ၊ ဒါက ဦးရှိးတော်ရဲ့ သမီးလေး မြသက်ဝေတဲ့ကွယ်"

"တွေ့ရတာဝမ်းသာပါတယ် မြသက်ဝေ၊ ဦးရှိးတော်



www.burmeseclassic.com

www.burmeseclassic.com



မှာ မြသက်ဝေလို ချောမောလှပတဲ့ သမီးတစ်ယောက်ရှိတယ်ဆိုတာ ခုမှ သိရတော့တယ်”

သူမကို ရွှန်းရွှန်းစားစားကြည့်လျက် ကိုကိုကြီးဆိုသည်။ စူးရှတောက်ပသော ကိုကိုကြီး၏ အကြည့်များကို သူမမှာ မနှစ်သက်ပေမယ့် ဖခင်ရှေ့မို့ သည်းခံနေလိုက်၏။

“မောင်ကိုကိုကြီးက ဒီမှာနေလိမ့်မယ်၊ သမီးတော်က ဧည့်သည်ကို ဂရုစိုက်ပါ”

“ဟုတ်…ဟုတ်ကဲ့”

သူစိမ်းယောက်ျားတစ်ယောက်ကို မြစိမ်းစံအိမ်ကြီးထဲသို့ ပထမဆုံးအကြိမ် ဖေဖေခေါ်တာကိုပဲ သူမ အံ့သြနေရ၏။

ပို၍ထူးခြားတာက ထိုသူစိမ်းယောက်ျားကို သူမအား ဂရုစိုက်ဖို့ မှာနေခြင်းပင်။

“မောင်ကိုကိုကြီးလည်း ဒီမြစိမ်းစံအိမ်ကြီးမှာ ဧည့်သည်တစ်ယောက်လို မဟုတ်ဘဲ အိမ်ရှင်တစ်ယောက်လို လွတ်လွတ်လပ်လပ်နေပါကွယ်”

“ကျေးဇူးတင်ပါတယ် ဦးရီးတော်”

ကိုကိုကြီးသည် ပါးနပ်သော လူတစ်ယောက်ပါလား။ ဖေဖေ၏အကြိုက်လိုက်နေသူဟု သူမနားလည်လိုက်သည်။





“ဦးရီးတော် တဲ့”

ဒါဟာ သူ့ကိုယ်သူ မင်းမျိုးမင်းနွယ်အဖြစ် သုံးပြလိုက်တာလား၊ ဒါမှမဟုတ် ဖေဖေအကြိုက် ခေါ်သလားမဝေခွဲနိုင်ပေ။

“ကဲ…ကဲ မောင်ကိုကိုကြီးလည်း ခရီးပန်းလာတယ် အနားယူဦး၊ သမီးတော်က အသင့်ပြင်ဆင်ထားတဲ့အခန်းကို ခေါ်သွား လိုက်ပါ”

“ကောင်းပါပြီ ခမည်းတော်”

သူမက ဖေဖေဟု တစ်ချက်ခေါ်လိုက်တိုင်း ဦးဘသက် ချက်ခုံးကြီး တွန့်သွားတတ်၏။ ခမည်းတော်ဟု ခေါ်ရမှာကိုပဲ သူမက မဝံ့ရဲပေ။

“ဦးကိုကိုကြီး ကြွပါရှင်”

“ခွင့်ပြုပါဦး ဦးရီးတော်”

“အေး…နားပေဦးကွယ်”

ကိုကိုကြီးအတွက် အခန်းကို အပေါ်ထပ်မှာပဲ ဦးဘသက်က စီစဉ်ခိုင်းသည်။

သမီးမိန်းမပျိုလေးရှိသော အပေါ်ထပ်မှာ ဒီလိုအခန်းပြင်ခိုင်းတဲ့ ဖခင်ကို သူမ အံ့သြဆန်းကြယ်နေ၏။

အောက်ထပ်မှာ အခန်းလွတ်တွေ အများကြီးမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအခန်းပါပဲ…ဦးကိုကိုကြီး"

သူမနှင့် မျက်နှာချင်းဆိုင်အခန်းကို ပြလိုက်သည်။ ကိုကို ကြီးက အခန်းကို တစ်ချက်ကြည့်ပြီး သူမဘက်လှည့်၏။

"အခန်းထဲထိ လိုက်မပို့တော့ဘူးလား မြသက်ဝေ"

"အို…ဟင့်အင်း၊ ကျွန်မကို ခွင့်ပြုပါဦး"

ဦးကိုကိုကြီးရှေ့မှ သူမ ခပ်သွက်သွက်လေး ထွက် အပြင်…

"ခဏနေပါဦး မြသက်ဝေ"

"အို"

ကိုကိုကြီးက သူမလက်ကို နောက်မှဖျတ်ခနဲ လှမ်း လေ၏။ ရဲတင်းသော ကိုကိုကြီး၏ အပြုအမူကြောင့် သူမမျက် လေးနီသွားသည်။

"ဒါ…ဒါ ဘာလုပ်တာလဲ ဦးကိုကိုကြီး"

တင်းကြပ်စွာ ဆုပ်ကိုင်ထားသော ကိုကိုကြီး၏ လက် များမှ သူမလက်ကို ရုန်းပေမယ့် မလွတ်ပေ။

"မြသက်ဝေကလဲကွယ်…ကိုယ်တို့က ဆွေမျိုးချင်း ပဲ"

"ဟင်…ရှင် ဘာပြောတာလဲ၊ ရှင်နဲ့ကျွန်မ ဘယ်တုန်း





ဆွေမျိုးတော်လို့လဲ"

သူမက လက်လေးကို ဖျတ်ခနဲဆောင့်ရုန်းရင်း ဒေါသလေး ဖြင့် မေးလိုက်၏။ ကိုကိုကြီးက ခပ်မဲ့မဲ့ပြုံးကာ…

"စောစောက…မင်းရဲ့ ခမည်းတော်ပြောတာ မကြားဘူး လား၊ ကိုယ်တို့က မင်းမျိုးမင်းနွယ်ချင်းတွေပဲ ဆိုတာ"

"အို…အဲဒါ ဖေဖေနဲ့ဆိုင်တာ၊ ကျွန်မနဲ့ မဆိုင်ဘူး ဦးကိုကိုကြီး ဖယ်ပါ"

အိမ်မှာလာနေသော ယောကျ်ားတစ်ယောက်၏ အတင့် ရဲစွာ စော်ကားခြင်းကို ခံလိုက်ရခြင်းအတွက် သူမ ဘယ်သူ့ အပြစ် တင်ရမလဲ။

မိဘကို အပြစ်တင်လျှင် သူမပဲ ငရဲကျမည်မဟုတ်လား။

"မောင်"

သူမရင်ထဲမှ လှိုက်လှဲတမ်းတစွာ ခေါ်လိုက်မိ၏။ ယခု ဆိုလျှင် ဖေဖေပြန်ရောက်လာပြီ။ သူမမှာ မောင်နှင့်တွေ့ဖို့အခွင့် အရေးက မလွယ်ပေ။

ညင်သာသိမ်မွေ့သော မောင်နှင့်စာလျှင် ဦးကိုကိုကြီး၏ ရဲတင်းမှုက မုန်းတီးစရာ။

"မယ်သူရယ် ခမည်းတော်က ဘာအဓိပ္ပါယ်နဲ့ ဦးကိုကို



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို အိမ်ခေါ်လာတယ် မသိဘူး''

အခန်းထဲရောက်တာနှင့် သူမ စိတ်ညစ်စွာ ရင်ဖွင့်မိ၏။ မယ်သူကိုယ်တိုင်ကလည်း ဦးကိုကိုကြီးကို မကြိုက်နှစ်သက်ပေ။

''ကျွန်မ…ဖိုးအားမူးဆီက သတင်းကြားခဲ့တယ် သခင်မလေး''

မယ်သူက သူမနား တိုးတိုးကပ်ပြော၏။

''ဟင် ဘာသတင်းလဲ မယ်သူ''

''ဟို…ဟို ဦးကိုကိုကြီးကိုခေါ်လာတာ၊ သခင်မလေးနဲ့ လက်ထပ်ပေးဖို့တဲ့''

''ဘာ…ဘာပြောလိုက်တယ် မယ်သူ၊ ခမည်းတော်က ငါနဲ့ ဦးကိုကိုကြီးကို လက်ထပ်ပေးမယ် ဟုတ်လား''

သူမသည် နေရာမှ ဝုန်းခနဲထကာ အလန့်တကြား မေးလိုက်မိ၏။ မယ်သူက မျက်နှာသေလေးဖြင့် ခေါင်းညိတ်ပြသည်။

''ကျွန်မလည်း ဖိုးအားမူးဆီကသိတာပါ သခင်မလေး။ ဦးကိုကိုကြီးတို့က ချမ်းသာတယ်တဲ့၊ ပြီးတော့ မင်းမျိုးနွယ်ချင်းမို့ သခင်ကြီးက သဘောကျတာတဲ့''

''အို…ဒုက္ခပါပဲ၊ ဖေဖေ ဘာတွေစီစဉ်နေပါလိမ့် မယ်သူ





ရယ်''

ဦးကိုကိုကြီးနှင့် လက်ထပ်ဖို့ဆိုသော အကြောင်းအရာသည် သူမအတွက် ထိတ်လန့်ဖွယ်ရာ ကိစ္စတစ်ခုပင်။

''ဒါပေမယ့် သခင်ကြီးအကြောင်းလည်း သခင်မလေး သိပါတယ်၊ ပြောရင် ပြောတဲ့အတိုင်းလုပ်တယ်ဆိုတာ''

''ဟင်…ဒါဆို မလေးဘာလုပ်ရမလဲ မယ်သူ''

ဖိုးအားမူးဆိုတာ ဖေဖေ၏ လူယုံကြီးမို့ ဦးကိုကိုကြီးနှင့် သူမကို လက်ထပ်ပေးမယ်ဆိုတာ မှန်နိုင်၏။

သည်အတွက်ကြောင့်သာ ဖေဖေက ဦးကိုကိုကြီးကို လွန်စွာ မျက်နှာသာပေးနေတာဖြစ်မည်။

''ဘာလုပ်ရမလဲဆိုတာထက် သခင်မလေး ဘာလုပ်ချင်သလဲဆိုတာသာ ကျွန်မကိုပြောပါ၊ သခင်မလေးခိုင်းတဲ့အတိုင်း ကျွန်မ ဆောင်ရွက်ပါ့မယ်''

သစ္စာရှိလှပါသစွာ မယ်သူပြော၏။ သူမတစ်ချက် ငြိမ်ကာ စဉ်းစားလိုက်ပြီးမှ…

''ခမည်းတော် လက်မဦးခင် မလေး လက်ဦးမှုယူမှ ဖြစ်မယ် မယ်သူ၊ ဒါကြောင့် မောင်နဲ့တွေ့ပြီး စီစဉ်ရမယ်''

''သခင်မလေးရဲ့အကြံ သိပ်ကိုကောင်းပါတယ်၊ ဆရာနဲ့



www.burmeseclassic.com

www.burmeseclassic.com



တွေ့မို့ ကျွန်မ သွားပြောပါ့မယ်"

"အေး...အေး သတိလည်းထားဦး မယ်သူ"

"စိတ်ချပါ သခင်မလေး"

ထိုညနေမှာပင် မယ်သူက မောင့်ကို သွားတွေ့သည်။ သူမတို့ ဆုံဖို့နေရာကို ချိန်းပေးခြင်းပါ။

သည်နေရာမှာ မယ်သူရှိ၍ သူမဘက်မှ တစ်ပန်းသာခြင်းဖြစ်သည်။ မောင်နှင့်သာမဆုံခဲ့ပါကလည်း သူမအနေဖြင့် ဖခင်စီစဉ်သည့်အတိုင်း ဦးကိုကိုကြီးနှင့် လက်ထပ်ရမည်လား မသိပေ။

"ဆရာနဲ့တွေ့ခဲ့ပြီ သခင်မလေး"

မယ်သူပြန်ရောက်လာတာနှင့် သူမကို သတင်းပေး၏။ သူမ မျက်ဝန်းလေးတွေ တောက်သွားလျက်...

"မောင်ကဘာတဲ့လဲ မယ်သူ"

"ဆရာက အရင်ကြို့ရောက်နေပါ့မယ်တဲ့၊ သခင်မလေးသာ ထွက်ဖြစ်အောင် ထွက်ခဲ့ပါတဲ့"

သည်တော့မှ သူမ သက်ပြင်းချနိုင်၏။ မောင်ရှိနေမှတော့ သူမဘာကိုများ ကြောက်ရမည်နည်း။



"ခမည်းတော်တို့ဟာ ရှားပါးတဲ့ မင်းဆွေမင်းမျိုးတွေဆိုတာ သမီးတော်သိတယ်နော်"

"ရှင်...ဟုတ်ကဲ့"

မနက်ခင်း လက်ဖက်ရည်ဝိုင်းပြီးတာနှင့် ဖေဖေက သူမကို စာကြည့်ခန်းထဲခေါ်၍ နှစ်ယောက်တည်း စကားပြောလေ၏။

"အေး...ဒါကြောင့် အရွယ်ရောက်လာတဲ့ ခမည်းတော်ရဲ့ သမီးတော်လေးကိုလည်း ရှားပါးတဲ့ မင်းမျိုးနွယ်နဲ့ပဲ လက်ထပ်စေချင်တယ်၊ ဒါကြောင့် မင်းမျိုးနွယ်ဖြစ်တဲ့ မောင်ကိုကိုကြီးကို ခမည်းတော်ခေါ်လာတာပဲ"

"အို"

ကြည့်စမ်း...ဖိုးအားမူးနှင့်မယ်သူတို့ပြောတာ တကယ်ပဲမှန်နေပြီ။ ဖေဖေ့နှုတ်ဖျားမှ ဒီစကားမျိုးထွက်ပြီဆိုတော့ သူမ လက်သိ



www.burmeseclassic.com

www.burmeseclassic.com



ရန်သာ ရှိတော့၏။

"မကြာခင်အတွင်းမှာပဲ မောင်ကိုကိုကြီးနဲ့ သမီးတော်တို့ကို စေ့စပ်ထိမ်းမြားပေးဖို့ စီစဉ်မယ်"

"ရှင်…မမြန်လွန်ဘူးလား ခမည်းတော်"

"တိတ်စမ်း…ဒါ…ငါစီစဉ်တာ၊ သမီးတော်အနေနဲ့ မောင်ကိုကိုကြီးကို ကောင်းကောင်းဆက်ဆံပါ၊ ကဲ သွားနိုင်ပြီ"

တစ်ချက်လွတ်အမိန့်အောက်မှာ သူမဘဝ ပျောက်ရမည့်အဖြစ်၊ ချက်ချင်းပဲ မောင့်ကို ပြေးတွေ့ချင်လာ၏။

ဟင်း…ဦးကိုကိုကြီးလိုလူကို သူမ ဘယ်တော့မှ လက်မထပ်နိုင်ပါ။

မောင်တစ်ယောက်သာ သူမ၏ ဘဝခရီးဖော်ဖြစ်ရမည်။

"မြသက်ဝေ"

"အမေ့"

လေသာဆောင်မှာ တစ်ယောက်တည်းရပ်နေသော သူမနောက်သို့ ဦးကိုကိုကြီး ဘယ်အချိန်က ရောက်နေမှန်းမသိ။

သူမ အလန့်တကြားလှည့်ကြည့်တော့ နှုတ်ခမ်းမွေးစစဖြင့် ဦးကိုကိုကြီးက သူမကို ပြုံးပြုံးကြီး ငုံ့ကြည့်နေလေ၏။

"ဘာတွေများ တွေးနေလို့ လန့်သွားရတာလဲ မြသက်ဝေရယ်၊ ကိုယ့်မှာဖြင့် မြသက်ဝေကို မတွေ့လို့ လိုက်ရှာရတာ"

"ရှင်…ရှင် ကျွန်မကို ဘာကိစ္စရှာနေတာလဲ ဦးကိုကိုကြီး"

သူမက နီးကပ်နေသော အနေအထားမှ ခြေတစ်လှမ်းနောက်ဆုတ်၍ မေးလိုက်၏။

"အမယ်လေး မေးရက်လိုက်တာဗျာ ကိုယ့်ဇနီးလောင်းကိုယ်ရှာတာပဲ"

"ဟင်"

ဦးကိုကိုကြီး၏ မျက်လုံးတွေက သူမတစ်ကိုယ်လုံးပေါ် ဝဲ့ဝဲရောက်လာသည်။ သူမ မျက်နှာလေး နီမြန်းသွားလျက်…

"ရှင်…ရှင်ဘာတွေလာပြောနေတာလဲ ဦးကိုကိုကြီး"

"ဟား…ဟား မြသက်ဝေက မသိချင်ယောင် အတော်ဆောင်တာကိုး၊ ဦးရီးတော်က ကိုယ်တို့အကြောင်း မြသက်ဝေကို ပြောပြီးပြီ မဟုတ်လား"

"အို…အဲဒါက"

စကားဆက်ဖို့အရေး သူမ ဆွံ့အသွား၏။ ဦးကိုကိုကြီးက ရှေ့သို့ တစ်လှမ်းချင်းတိုးလာသည်။

"ကိုယ့်ဇနီးလောင်းလေးက သိပ်လှတာပဲကိုး"







www.burmeseclassic.com

www.burmeseclassic.com



"ရှင်…ရှင် ရှေ့တိုးမလာနဲ့နော်"

သူမ နောက်ဖက်သို့ ခြေလှမ်းဆုတ်ရင်း ပြောလိုက်၏။ သို့သော် ကိုကိုကြီးက သားကောင်ငယ်လေးကို အပိုင်ဖမ်းကိုက်စားတော့မည့် ခြသေ့ဟန်မျိုးဖြင့်…

"ကိုယ်တို့က မကြာခင် လက်ထပ်ကြရမယ့် သူတွေပဲကွယ်၊ ဘာကြောင့်ကိုယ့်ကို စိမ်းနေတာလဲဟင်"

ထိုကဲ့သို့ မေးနေသော ကိုကိုကြီးကို သူမ စက်ဆုပ်ရွံရှာစွာ ကြည့်လိုက်၏။ အိမ်ပေါ်တက်ပြီး အိမ်ရှင်ကို စော်ကားရဲတာ ဖေဖေကြောင့်ပင်။

သည်အခိုက်…

"သခင်ကြီးက သခင်လေးကို ခေါ်ခိုင်းလိုက်ပါတယ်ရှင်"

"ဟင်…မယ်သူ"

မမျှော်လင့်ဘဲ မယ်သူရောက်လာတာကြောင့် သူမ ဝမ်းသာသွား၏။ ကိုကိုကြီးမှာ မျက်နှာပျက်သွားလျက်…

"ဦးရီးတော်က ဘာကိစ္စတဲ့လဲဟဲ့"

"ကျွန်မ မသိပါဘူး သခင်လေး"

"ဟင်း…ကဲ မြသက်ဝေ့ နောက်မှ ကိုယ်တို့တွေ့ကြတာပေါ့"

မယ်သူကို မကျေနပ်သလို တစ်ချက်ကြည့်ပြီး ကိုကိုကြီး ထွက်သွား၏။

"အမယ်လေး ကံကောင်းလို့ မယ်သူရယ်၊ ဖေဖေလေ ဖေဖေကြောင့် သူဒီလို စော်ကားရဲတာ"

မယ်သူကိုပြောရင်း သူမ ဝမ်းနည်းစွာ ငိုရှိုက်လိုက်၏။

"ကျွန်မ သိပါတယ် သခင်မလေး၊ ဒါကြောင့် အမြန်ရောက်လာတာပေါ့"

"ဟင်…ဒါဆို ခမည်းတော်ခေါ်ခိုင်းတယ်ဆိုတာကော မယ်သူ"

သူမ မျက်လုံးလေးဝိုင်းကာမေးသည်။ မယ်သူ သက်ပြင်းချ၏။

"သခင်ကြီး တောပစ်ထွက်လိမ့်မယ် မမလေး၊ အဲဒါ ဦးကိုကိုကြီး လိုက်ရမှာပဲ"

"ဟင်…တကယ်လား မယ်သူ၊ ဒါဆို မလေး မောင်နဲ့ သွားတွေ့ဖို့"

"အမြန်ဆုံးသာ သွားတွေ့ပါ သခင်မလေး ရေရှည်မှာ လွယ်ပါဘူး၊ ဟော…မြင်းခွာသံတွေကြားတယ် သွားကြပြီ







www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်''

မယသာဆောင်မှ သူမငုံ့ကြည့်လိုက်တော့ တကယ်ပဲ ဖေဖေနှင့်အတူ ဦးကိုကိုကြီးတို့ ထွက်သွားပြီ။ ဖိုးအားမူးလည်း ပါသွား၏။

''ဘုရားသခင်ကပေးတဲ့ကံပဲ မယ်သူ၊ ငါ မောင်နဲ့သွား တွေ့လိုက်ဦးမယ်''

''ဟုတ်ကဲ့''

ယခုတစ်ကြိမ် မောင်နှင့်တွေ့ရမှာလောက် သူမစိတ်ထဲ အင်အားရှိတာလေ။ ဦးကိုကိုကြီးလက်မှ လွတ်မြောက်ဖို့သည် မောင်တစ်ယောက်သာ ကူညီနိုင်၏။

''မောင်''

''အသက်''

အသားပျော့ပျော့ အဖြူရောင် ရှပ်အင်္ကျီလက်ရှည်ကို လက်ဖျားမှာ ကြယ်သီးစေ့တပ်ဝတ်လျက် ကြည်ပြာရောင် ပုဆိုးကွက်နှင့် မောင့်ထံ သူမပြေးသွား၏။

''မောင်...မောင်...ကျွန်မဆီ တကယ်ပဲ လာတယ်နော်''

မောင့်မျက်နှာက သူမအတွက် အေးမြကြည်လင်နေ၏။ မောင်ပြုံးသည်။





''ဒါပေါ့ အသက်ရယ်...မောင့်ဘဝဟာ အသက်ပဲ၊ ဒါကြောင့် အသက်ရှိရာအရပ်ကို မောင်လာမှာပေါ့ကွယ်''

မောင့်ရင်ခွင်မှာ သူမခိုဝင်လိုက်သည်။ ကျယ်ပြန့်သော မောင့်ရင်ခွင်သည် သူမအတွက် နွေးထွေးလုံခြုံလှ၏။

''အသက်...အခု ဘာဖြစ်လာတာလဲဟင်၊ မောင်နဲ့တွေ့ ချင်တယ်ဆိုတဲ့ အသက်ကိစ္စက''

''အရေးကြီးပြီ မောင်၊ ကျွန်မကို ခမည်းတော်က သူသ ဘောတူတဲ့ လူနဲ့ လက်ထပ်ပေးတော့မယ်''

''ဟင်''

သူမစကားကြောင့် မောင့်မျက်နှာပျက်သွား၏။ သူမက မောင့်ကို အားကိုးစွာကြည့်သည်။

''ကျွန်မတို့ ဘာလုပ်ကြမလဲ မောင်''

''ဘာလုပ်ရမှာလဲ အသက်ရယ်၊ မောင်နဲ့အသက် မခွဲဖို့ မောင်တို့ ထွက်ပြေးကြတာပေါ့ အသက်''

''တကယ်လား မောင်၊ မောင်က ကျွန်မကို ခေါ်သွားမှာ ပေါ့''

မယုံရဲသလို သူမမေးတော့ သူ ခေါင်းညိတ်သည်။

''တကယ်ပေါ့ဗျာ၊ အသက်က မောင်နဲ့ခွဲနိုင်လို့လား''



www.burmeseclassic.com

www.burmeseclassic.com



သူမခေါင်းလေးခါယမ်းတော့ မောင်ပြုံး၏။ သူမကိုယ်လေးကို တင်းတင်းထွေးဖက်ကာ…

“မောင်လည်း အသက်ကို မခွဲနိုင်ဘူး၊ ဒါကြောင့် မောင်တို့ထွက်ပြေးဖို့အပြင် ဘာမှမရှိဘူးလေ”

“ဒါဆို…အခုလားဟင်”

“ခုဆိုရင်ကော အသက်က လိုက်မှာလား”

မောင်မေးတော့ သူမတစ်ချက်စဉ်းစားကာ…

“အိမ်ခဏပြန်လို့ ရမလားဟင်၊ အို ပြောသာပြောရတယ် အချိန်မှမရှိဘဲ”

ပတ်ဝန်းကျင်မှာ အမှောင်လွှမ်းနေပြီဖြစ်၏။ မောင်က ဝင်၍ ဆုံးဖြတ်ပေးသည်။

“ဟုတ်တယ် အသက် မောင်လည်း နေရာရှာဦးမယ်၊ ဒါကြောင့် ဒီနေရာကို မနက်ဖြန် အသက်လာခဲ့ပါ မောင်စောင့်နေမယ်လေ”

“ကောင်းတယ် မောင်၊ ဒီအစီအစဉ် မယ်သူကို ပြောဖြစ်ရမယ်၊ သူလည်း ကျွန်မနဲ့အတူ လိုက်မှာပဲ၊ မယ်သူကို ခေါ်ခဲ့မယ်နော် မောင်”

“အသက်သဘောပါဗျာ”





“ဒါဆို…ကျွန်မ ပြန်တော့မယ်”

“အင်း…မနက်ဖြန်ကို မောင့်စောင့်နေမယ်”

“စိတ်ချပါကွယ်”

မောင်နှင့်တွေ့ခဲ့ပြီးမှ သူမ စိတ်လက်ပေါ့ပါးစွာ ပြန်ခဲ့၏။ အိမ်မှာ ဖေဖေတို့ရောက်မနေပါ။



www.burmeseclassic.com

www.burmeseclassic.com

ညဘက် တိတ်ဆိတ်နေ၏။ တစ်အိမ်လုံး နှစ်ခြိုက်စွာ အိပ်ပျော်နေသည့်တိုင် သူမက မအိပ်နိုင်ပါ။

မနက်ဖြန် မောင့်နောက် လိုက်ရမည်မို့ စိတ်တွေလှုပ်ရှားနေ၏။

ထိုစဉ်···

"ကျွီး"

"ဟင် ဘယ်သူလဲ"

တစ်စုံတစ်ယောက်က သူမအခန်းတံခါးဖွင့်၍ ဝင်လာခြင်းမို့ အလန့်တကြားမေးမိ၏။ မှန်အိမ်မီးတွန်းရန်အပြင်···

"ဘာကြောင့် မီးထွန်းမှာလဲ မြသက်ဝေ"

"ဟင်···ရှင်···ရှင်···ကိုကိုကြီး"

ဖခင်နှင့်အတူ တောပစ်သွားသော ကိုကိုကြီးက ပြန်ရောက်လာတာကြောင့် သူမ အံ့သြသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ…ဟဲ…ကိုယ်ပါကွယ့်၊ ဟော့ဒီက မြသက်ဝေလေး ကိုလွမ်းလို့ ကိုယ်တစ်ယောက်တည်း ပြန်လာတာ"

"အို"

အလင်းဖျော့ဖျော့အောက်မှာ ကိုကိုကြီးက နီရဲသော မျက်လုံးများဖြင့် သူမထံကပ်လာသည်။

မယ်သူက သူ့အခန်းမှာ ပြန်အိပ်ပြီမို့ သူမတစ်ယောက် တည်း။ ဒီအခွင့်အရေးမျိုး ကိုကိုကြီး ဘယ်အချိန်က စောင့်နေခ လိမ့်။

"ဒီည…မြသက်ဝေ သိပ်လှတာပါပဲလားဟင်"

"ရှင်…ရှင်…ကျွန်မအခန်းထဲက အခုထွက်သွား ဦးကို ကိုကြီး"

ဒေါသမျက်လုံးများဖြင့် သူမက ဦးကိုကိုကြီးကို စောင် ထုတ်ပစ်လိုက်၏။

"ဟဲ…ဟဲ…မြသက်ဝေလေးက ကိုယ့်အပေါ် သိပ်စိမ်း တာပဲကိုး၊ ကိုယ်တို့က မကြာခင် လက်ထပ်ကြတော့မယ့် သူ ပါကွယ်"

"အို…မသိဘူး ရှင် ထွက်သွားပါ"

သို့သော် ကိုကိုကြီးက သူမနားသို့ ပိုမိုနီးကပ်လာ





သူမနောက်ဆုတ်ရင်း ခုတင်ပေါ် လဲကျသွားခိုက်…

"သက်ဝေ"

"အို…ရှင်"

ကျားကြီးက သမင်မလေးကို ခုန်အုပ်လိုက်သလိုပါပဲ။ ဘယ်လိုပဲ ရုန်းကန်ပေမယ့် အင်အားကြီးသူနှင့်တွေ့တော့ အားနွဲ့သူ က အရှုံးပေးရလေပြီ။

တိတ်ဆိတ်သောည မှောင်မိုက်သော ဝန်းကျင်မှာ နက်ရှိုင်း သော ချောက်ကမ္ဘားထဲသို့ သူမတစ်ယောက် ကျရောက်ခဲ့လေ၏။

"အဟင့်…ဟင့်…ရှင်…ရှင်…ခွေး…ကဲ"

"ဖျန်း"

သူမက အားပြင်းစွာ ရိုက်လိုက်သည့်တိုင် ကိုကြီးလို သူ့အတွက် ပန်းလေးတစ်ပွင့်နှင့် ပေါက်လိုက်သလို။

"ဒီလောက်လည်း ဝမ်းနည်းမနေပါနဲ့ မြသက်ဝေရယ်၊ ကိုယ်နဲ့ သက်ဝေက လက်ထပ်ကြမယ့် သူတွေပါ"

"ရှင်ဟာ…ခွေးပဲ ဦးကိုကိုကြီး၊ ရှင့်ဘက်က ကျွန်မ ကိုယ်ကိုရလို့ အနိုင်ရပြီမထင်ပါနဲ့၊ ကျွန်မ ရှင့်ကို ဘယ်တော့မှ လက်မထပ်ဘူးဆိုတာ တစ်သက်မှတ်ထားလိုက်ပါ၊ ရှင် အခု ကျွန်မ အခန်းထဲကထွက်သွား"



www.burmeseclassic.com

www.burmeseclassic.com



အပေါက်ဝကို လက်ညှိုးညွှန်၍ ကိုကိုကြီးကို သူမနှင်ထုတ်လိုက်၏။ ကိုကိုကြီးက အစာဝသောသူအဖြစ် နေရာမှထလိုက်သည်။

"သက်ဝေ စိတ်ချမ်းသာအောင် ကိုယ်သွားပါ့မယ်၊ ဒါပေမယ့် သက်ဝေသိထားဖို့က ကိုယ် သက်ဝေကို ချစ်တယ်၊ ဒါကြောင့် သက်ဝေနဲ့ ဒီဘဝတွင် မဟုတ်ဘူး ဘဝတိုင်း ဆုံချင်ပါတယ်ကွယ်။ ဒီဘဝမှာလည်း သက်ဝေဟာ ကိုယ့်မယားဖြစ်ရမယ် ကဲ ကိုယ်သွားပြီ"

စကားကို အနိုင်ပိုင်း၍ ထွက်သွားသော ကိုကိုကြီးကျောပြင်အား သူမအံကြိတ်ကာ ကြည့်မိ၏။ ထို့နောက် ပါးပြင်ပေါ်သို့ မျက်ရည်တို့ ပေါက်ပေါက်ကျလာသည်။

မောင်ရယ်...

ကျွန်မဘဝက မောင်နဲ့မထိုက်တန်တော့ပါလား။ ညစ်နွမ်းခဲ့သော သူမ၏ကိုယ်ကို မောင့်ထံ ဘယ်လိုအပ်ရမလဲ။

"ကျွန်မရဲ့ အချစ်က မောင့်အပေါ် သိပ်ကို ဖြူစင်ပါတယ်ကွယ်၊ ဒါကြောင့် မသန့်ရှင်းတဲ့ကိုယ်ကို မောင့်ထံ မအပ်ရက်တော့ပါဘူး"

သူမသည် မျက်ရည်တွေတွေကျရင်း ဆုံးဖြတ်ချက်တစ်ခု





ကို နိုင်မာစွာချလိုက်၏။

ထို့နောက် မောင့်အတွက် စာတစ်စောင် ကောက်ရေးလိုက်သည်။

တကယ်တော့ ဒီစာကို သူမ၏နှလုံးသွေးနှင့် ရေးခဲ့တာပါ။ မောင့်အတွက် သွေးသစ္စာလေ။

*"ချစ်ရတဲ့မောင်ရေ"*

*ဒီစာကို ရင်နာစွာနဲ့ ကျွန်မ ရေးခဲ့ပါတယ်။*

*မောင်နဲ့ချစ်ခဲ့ကြတာဟာ ကျွန်မအတွက် အိပ်မက်သုခတစ်ခုလိုပါပဲကွယ်။*

*မောင့်ကြောင့် ကျွန်မ စိတ်နှလုံး ရွှင်လန်းခဲ့ရတယ်လေ။ မောင်နဲ့ ကျွန်မဆုံခဲ့တာ ခဏတာပေမယ့် ကျွန်မအတွက်တော့ သံသရာတစ်သက်စာ လုံလောက်ပါတယ်။*

*မောင်...*

*ဒီဘဝမှာ မောင်နဲ့မဆုံရပေမယ့် နောင်ဘဝတွေမှာ မောင့်ကို ကျွန်မ စောင့်နေပါ့မယ်။*

*အဲဒီဘဝတွေမှာတော့...ကျွန်မဟာလေ စိတ်ရောကိုယ်ပါ သန့်ရှင်းဖြူစင်တဲ့ မိန်းကလေးအဖြစ် မောင့်ရင်ခွင်ထဲ ဝင်ခဲ့ပါမယ်ကွယ်။*



www.burmeseclassic.com

www.burmeseclassic.com



*ယခုတော့...*

*အချစ်များစွာနဲ့ မောင့်ကို နှုတ်ဆက်ခဲ့ပါတယ်။*

*မောင့်ရဲ့အသက်*

ထိုစာကို မောင့်အတွက် ရေးပြီးတာနှင့် သူမက အသင့်ဆောင်ထားသော အိပ်ဆေးပုလင်းကိုဖွင့်လျက် သောက်ချလိုက်လေတော့၏။

"မောင့်ကို နောင်ဘဝတွေမှာ ကျွန်မ စောင့်နေပါ့မယ်"

နောက်ဆုံးအချိန်မှာ သူမနှုတ်မှ တိုးတိုးရေရွတ်၍ အမှောင်ထဲသို့ တိတ်ဆိတ်စွာ တိုးဝင်သွားလေတော့၏။

မနက်မိုးလင်း၍ မယ်သူတစ်ယောက် အခန်းထဲဝင်လာချိန်...

"အမလေး...သခင်မလေးကို ကယ်ကြပါဦး"

ခုတင်ပေါ်တွင် သက်မဲ့ သူမကိုယ်လေးက အေးစက်တောင့်တင်းနေပြီ။ သူမရေးခဲ့သော စာရွက်လေးအား စားပွဲပေါ်မှာ တစ်ဖျတ်ဖျတ်။

"သမီးတော်...သမီးတော်"

"မြသက်ဝေ...မြသက်ဝေ"

မည်သူတွေ ခေါ်ပါစေ သူမကတော့ မထူးနိုင်တော့ပြီ။





ဦးဘသက်သည် သမီး၏အဖြစ်ကို အံကြိုးကြိတ်ကာ စိုက်ကြည့်၏။

"ငါ့သမီးတော် ဒီလိုဖြစ်ရတာ ဘယ်သူ့ကြောင့်လဲ"

ဦးဘသက်၏အမေးကို မည်သူမျှမဖြေနိုင်ပြီ။ ဦးဘသက်၏ နောက်မှ ကိုကိုကြီးတစ်ယောက် ငြိမ်သက်စွာဖြင့် သူမကို ငေးစိုက်ကြည့်နေသည်။

"မင်း...ကိုယ့်ကို ဒီလိုနည်းနဲ့ အပြစ်ပေးသွားတာလား မြသက်ဝေ"

ကိုကိုကြီး ရင်ထဲမှ တိုးတိတ်စွာ ကြေကွဲစွာ မေးနေမိသည်။

"မရဘူး...မြသက်ဝေ၊ မရဘူး၊ မင်း ဒီလိုထွက်သွားလို့ မရဘူး၊ ဒီဘဝမှာ မင်းထွက်သွားပေမယ့် ကိုယ်ကတော့ နောင်ဘဝတွေမှာ မင်းကိုရှာမှာပဲ"

အရူးတစ်ယောက်လို ကိုကိုကြီးပြောပြီး ငြိမ်သက်နေသော မြသက်ဝေနားမှ လှည့်ထွက်ခဲ့၏။

မယ်သူတစ်ယောက်က သခင်မအပေါ် သစ္စာရှိစွာဖြင့် စာကိုယူလျက် ပန်းချီဆရာထံသို့ ရောက်အောင် ပို့ပေးခဲ့လေသည်။

အသက်ရယ်...

မင်းဘယ်လိုစိတ်ကူးနဲ့ ဒီလိုလုပ်လိုက်တာပါလိမ့်ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



မောင်…မင်းကိုချစ်တာ မင်းရဲ့ခန္ဓာကိုယ်ကိုမှ မဟုတ်ဘဲ၊ မောင့်ရဲ့အချစ်ဟာ မင်းကို ပေးဆပ်ဖို့ပါ။

မြသက်ဝေ၏စာကို ဖတ်ပြီးနောက် မင်းနိုင်တစ်ယောက် ယောက်ျားတန်မဲ့ သည်းထန်စွာ ငို၏။

"လောကကြီးမှာ အသက်မရှိတော့ဘူးဆိုတာ မောင် ဘယ်လိုယုံရမလဲဟင်၊ ဟောဒီလောကမှာ မင်းမရှိမှတော့ မောင် ဘယ်လိုကျန်ရစ်ခဲ့နိုင်မှာလဲ အသက်ရယ်။

မင်းက သေဆုံးခြင်းဆိုတာနဲ့ မောင့်ကို သစ္စာဆိုပြသွားတာပဲ။

စိတ်ချပါ အသက်၊ မောင်ကလည်း မင်းအပေါ် ဘဝ အဆက်ဆက်၊ သံသရာအဆက်ဆက် သစ္စာရှိနေမှာပါ။

ဒီဘဝမှာလည်း မင်းနောက်ကို မောင်လိုက်ခဲ့ပါ့မယ် ကွယ်"

မြသက်ဝေကို သင်္ဂြိုဟ်သောနေ့မှာပဲ ကိုကိုကြီး တစ်ယောက် အရက်တွေမူးအောင်သောက်ပြီး ကားအက်ဆီးဒင့်ဖြစ် ၍ ဆုံးပါးလေသည်။

တစ်နည်းအားဖြင့်တော့ မြသက်ဝေဟာ ကိုကိုကြီးကို တစ်ပါတည်း ခေါ်သွားခြင်းဖြစ်၏။





နောက်တစ်နေ့မှာတော့ ပန်းချီဆရာလေး ကိုမင်းနိုင်သည် စမ်းချောင်းလေးဘေးမှာ တိတ်ဆိတ်စွာ သေဆုံးနေခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com

"အသက်…အသက်"

တစ်စုံတစ်ယောက်သောသူ၏ ခေါ်သံသဲ့သဲ့ကို ကြားရသည်။ သူမ မျက်ဝန်းတွေ ပွင့်လာ၏။

"ဟင်…မောင်"

သူမကို အပေါ်စီးမှ အုပ်မိုးလျက် မောင်က ကြင်နာစွာ ကြည့်နေသည်။

"မောင်ဖြင့် အသက်အတွက် စိုးရိမ်လိုက်ရတာကွယ်"

"ကျွန်မ…ကျွန်မ အိပ်ဆေးတွေသောက်ခဲ့မိတယ်"

သူမသည် အရင်ဘဝက အဖြစ်အပျက်ကို မှတ်မိနေ၏။

"ဒါဆို သခင်မလေးဟာ နောင်ဘဝက အဖြစ်တွေကိုပါ သိနေပြီ ဆရာလေး"

ဝင်ရောက်၍ ပြောလိုက်သူမှာ အဘိုးအိုဖြစ်၏။ သူမက



www.burmeseclassic.com

www.burmeseclassic.com



အဖိုးအိုကို မြင်သွားလျက်...

"ဟင်...ဖိုးအားမှူး၊ အဘက ဖိုးအားမှူး မဟုတ်လား ရှင်"

အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော အဖိုးအိုကို ကြည့်ကာ သူမမေးသည်။ အဘိုးကြီးက ဝမ်းသာဝမ်းနည်းဟန်ဖြင့် ပြုံး၍ ခေါင်းညိတ်၏။

"ကျွန်တော်မျိုးဟာ ဖိုးအားမှူးပါပဲ သခင်မလေး"

"အို...ကြည့်စမ်း၊ ဖိုး...ဖိုးအားမှူးက ဘာကြောင့် ဒီအရွယ် ဖြစ်သွားတာလဲ"

ပစ္စုပ္ပန်ကာလကို သူမမေ့၍ မေးမိခြင်းပါ။ ဒါကို သဘော ပေါက်လိုက်တာက မင်းသက်မောင်။ သို့မဟုတ် ယခင်ဘဝရှ ပန်းချီဆရာလေး ကိုမင်းနိုင်။

"နှစ်တွေအများကြီး ကြာခဲ့ပြီလေ အသက်၊ အသက်နဲ့ မောင်တို့ကသာ ဘဝတွေပြောင်းခဲ့ကြလို့ ဒီနေ့ပြန်ဆုံတာပဲ မဟုတ် လား"

သည်တော့မှ သူမက လက်ရှိဘဝကို သတိရလာလျက် မျက်ရည်လေးဝဲမိရပြီ။

"မောင်...မောင်ရယ်၊ ကံကောင်းလို့ အသက်တို့ ပြန်ဆုံ





ခဲ့ရတာပါလားဟင်"

သူ့ရင်ခွင်ထဲ ဝင်ရောက်လျက် သူမ ဝမ်းနည်းစွာ ငိုရှိုက် ပြောဆိုမိ၏။ သူကိုယ်တိုင်က ကြေကွဲမျက်ရည်ဖြင့် သူမကို အံလေး ကြိတ်၍ တင်းတင်းဖက်ထားလိုက်သည်။

"ဒါပေါ့ အသက်ရယ်၊ မောင်နဲ့အသက်တို့ရဲ့ အချစ်နဲ့ သစ္စာကြောင့်သာ ခုလိုပြန်ဆုံရကြတာပေါ့"

"ဒီဘဝမှာတော့ အသက်နဲ့မောင် ထပ်မခွဲတော့ဘူးနော်"

အရည်လဲ့သော မျက်ဝန်းများဖြင့် သူမက သနားစဖွယ် ပြော၏။ သူအပြုံးဖြင့် ခေါင်းညိတ်သည်။

"သေချာတာပေါ့ အသက်ရယ်၊ ဒီဘဝမှာတော့ မောင်တို့ နှစ်ယောက် ဘာအကြောင်းနဲ့မှ မခွဲရတော့ပါဘူး"

သူတို့အဖြစ်ကို ဝမ်းသာစွာပြုံး၍ ကြည့်နေတာက ဖိုးအား မှူး။ သြော်... သစ္စာနိုင်မြဲသော ချစ်သူနှစ်ဦး၏ မှန်ကန်သည့် အချစ်ကြောင့် ဒီဘဝမှာလည်း ပြန်ဆုံကြရတာမဟုတ်လား။

"ဖိုးအားမှူး"

"သခင်မလေး"

"ကျွန်မဟာ ဒီဘဝမှာတော့ သခင်မလေး မဟုတ်တော့ ပါဘူး ဖိုးအားမှူးရယ်၊ ဒါပေမယ့် ခုလို ဖိုးအားမှူးကို ပြန်ဆုံရတာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သိပ်ဝမ်းသာပါတယ်ရှင်''

''ကျွန်တော်မျိုးကလည်း သခင်မလေးနဲ့ ပြန်ဆုံရတာကို ဝမ်းသာပါတယ်ခင်ဗျာ''

အသက်ကြီးသူဖြစ်ပေမယ့် ယခင်ဘဝက လူယုံတော်ကြီးမို့ ယနေ့တိုင် ဒီဘဝအထိ သူမအပေါ် ရိုသေလေးစားဆဲပါ။

သူမက ရဲတိုက်ကြီးအနှံ့ လိုက်ကြည့်သည်။

''ဒါ…အရင်ဘဝက အသက်နေခဲ့တဲ့အခန်းပဲ မောင်''

ဟောင်းမြေ့အိုမင်းနေပြီဖြစ်သော အခန်းတစ်ခုကို သူမပြသည်။

''အသက်ရဲ့စာကိုဖတ်ပြီးတဲ့နောက် မောင်ဟာလေ နှလုံးသားတစ်ခုလုံး ကြေမွသလို ခံစားခဲ့ရတယ်၊ အသက်ကို မတွေ့ရတဲ့ မောင့်ဘဝဟာ ဘယ်လိုမှ အဓိပ္ပါယ်မရှိ ခံစားရတာများလေ နောက်ဆုံး အသက်နောက် မောင်လိုက်ခဲ့ဖို့ ဆုံးဖြတ်တဲ့အထိပါ ကွယ်''

''မောင်ရယ်''

ထိုစဉ် ရဲတိုက်ကြီးရှေ့သို့ လင်ခရုဆာကားတစ်စီး ထိုးဆိုက်လာသည်။

''ဘယ်သူတွေလဲမသိဘူး အသက်''





''ဟုတ်တယ် မောင်''

နှစ်ယောက်သား ထွက်ကြည့်တော့ ကားပေါ်မှဆင်းလာတာက ဒေါ်ဒေါ်နှင့် ကိုကိုတို့ ဖြစ်နေ၏။

''ဟင်…ကိုကို''

''သိမ့်''

မင်းသက်မောင်နှင့် တွဲ၍ထွက်လာသော သူမကို တွေ့လိုက်တော့ ကိုကို မျက်နှာပျက်သွားသည်။

''အမလေး…သိမ့်ရယ်၊ ဒေါ်ဒေါ်တို့ဖြင့် စိတ်ပူလိုက်တာကွယ်၊ မောင်သက်မောင် ကားနံပါတ်ကို မှတ်မိတဲ့ လူတချို့က သမ်းညွှန်လို့ ဒီလိုက်လာတာ''

ဒေါ်ဒေါ်က မင်းသက်မောင်နှင့် အတူတွဲလာသော သူမကို မကြိုက်သလိုကြည့်ရင်း ပြစ်တင်စကားပြောသည်။

''ဟုတ်တယ်…သိမ့်၊ ကိုကိုရောက်တာနဲ့ သိမ့်ကိုမတွေ့သို့ ဒေါ်ဒေါ်နဲ့ ဒီကို ချက်ချင်းလိုက်လာခဲ့တာပဲ''

ကိုကိုက မင်းသက်မောင်ကို တစ်ချက်ကြည့်ပြီး ပြောသည်။ မင်းသက်မောင်ကလည်း ကိုကို့ကိုကြည့်၏။ ပြီးမှ ဒေါ်ဒေါ်ဘက်လှည့်ကာ…

''ကျွန်တော်လည်း အသက်ကို…အဲလေ သိမ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ခုပဲလိုက်ပို့မလို့ပါ ဒေါ်ဒေါ်"

သူခေါ်လာတာမို့ ဒေါ်ဒေါ်ဘက် အားနာသလိုကြည့်ပြီး ပြောၡ၏။

"အေးကွယ်…သိမ့်လေး မနက်က စာလေးတစ်စောင်ပဲ ရေးပြီး ထွက်သွားတာမို့ ဒေါ်ဒေါ်စိတ်ပူတာပဲ မောင်သက်မောင် ဩော်…ဒါနဲ့ မောင်သက်မောင်ကို မိတ်ဆက်ပေးရဦးမယ်၊ ယောအ က သိမ့်နဲ့ မကြာခင်လက်ထပ်တော့မယ့် သိမ့်ရဲ့ခင်ပွန်းလောင်း ကုမ္ပဏီပိုင်ရှင် မောင်ကိုကိုပဲ"

"ခင်ဗျာ"

"အို…ဒေါ်ဒေါ်"

မထင်မှတ်ဘဲ ဒေါ်ဒေါ်၏ မိတ်ဆက်ပေးမှုကြောင့် မင်းသက်မောင်တစ်ယောက် အကြီးအကျယ် မျက်နှာပျက်သွားရ သည်။

သိမ့်ကိုယ်တိုင်ကလည်း ဒေါ်ဒေါ် ဒီလိုမိတ်ဆက်ပေးမည် မထင်ခဲ့ပါ။ မင်းသက်မောင်က သူမကို လှမ်းကြည့်၏။

"မောင်ကိုကိုရေ သူက မင်းသက်မောင်တဲ့၊ ဂီတသမား တစ်ယောက်ပဲကွယ့်"

"ဩော်"





ကိုကိုကလည်း ချောမောသော မင်းသက်မောင်ကို ကြည့်သည်။ ထို့နောက် လက်ကမ်းပေးကာ…

"တွေ့ရတာဝမ်းသာပါတယ် ကိုမင်းသက်မောင်"

"ဟုတ်ကဲ့…ကျွန်တော်ကလည်း အတွေ့တွေ့ပါပဲ ဦးကိုကို"

ပထမဆုံးအကြိမ် တွေ့ဆုံဖူးသော သူစိမ်းယောကျ်ား နှစ်ယောက်၏ လက်ဆွဲနှုတ်ဆက်မှုကို သူမ ခပ်ငေးငေးကြည့်မိ သည်။ ကြည့်ရင်းမှ ကိုကိုသည် သူမစိတ်ထဲ တစ်စုံတစ်ယောက်နှင့် တူလာသလိုလို။

"အင်း…သံသရာဆိုတာ တကယ်လည်တာပဲကိုး၊ မောင်ရင်တို့နှစ်ယောက်ဟာ ဒီဘဝမှာလည်း သခင်မလေးနဲ့ ပတ် သက်ပြီး လာဆုံကြပြန်တာပါလား"

"ဟင်…ဖိုးအားမှူး"

နောက်ပါးမှအသံကြောင့် သူတို့လှည့်ကြည့်လိုက်တော့ မင်းသက်မောင်နှင့် ကိုကိုတို့ကို ရီဝေစွာစိုက်ကြည့်နေသော အဘိုး အို။

သူမက ဖိုးအားမှူးဟု လွှတ်ခနဲခေါ်လိုက်တာကြောင့် ဒေါ်ဒေါ်ပင် မျက်မှောင်တွန့်လေ၏။

"သူက ဘယ်သူလဲသိမ့်"



www.burmeseclassic.com

www.burmeseclassic.com



"အဘက ဦးကိုကိုကို သိနေတယ်လား"

မင်းသက်မောင်က အဘိုးဘက်လှည့်မေးသလို ကိုကိုက လည်း သိမ့်ကိုကြည့်ပြီး မေးခြင်းပါ။

"သူ့ကို သခင်မလေးလည်း သိပါတယ်၊ အဘလည်း သိပါတယ် ဆရာလေး"

"သူ…သူက ဦးကိုကိုကြီး"

"ဟုတ်ပါတယ်…သခင်မလေး၊ ဒီဘဝမှာတော့ ဦးကိုကို ပေါ့ကွယ်"

"အို"

တိုက်ဆိုင်လွန်းသည့် အဖြစ်ကြောင့် သူမမှာ ခြေလှမ်း ပင် ယိမ်းယိုင်သွားလျက် ပြိုလဲမလိုဖြစ်စဉ်…

"အသက်"

"သိမ့်"

ယောကျ်ားနှစ်ယောက်၏ အသံက တစ်ပြိုင်တည်း စိုးရိမ်စွာ ပေါ်ထွက်လာလေ၏။



"လုံးဝအဓိပ္ပါယ်မရှိဘူး သိမ့်၊ ကိုကိုနဲ့ သိမ့်တို့ဟာ အရင် ဘဝက လူဝင်စားတွေဆိုတာ"

မင်းသက်မောင်တို့နှင့် လမ်းခွဲပြီး အိမ်ပြန်ရောက်သည့် အချိန်မှာ ကိုကိုက ပေါက်ကွဲစွာပြောလေ၏။

ကိုကို့စကားကြောင့် သူမမျက်နှာလေး တင်းခနဲ ဖြစ်သွား သည်။

"ဘယ်လိုပြောလိုက်တာလဲ ကိုကို၊ အရင်ဘဝဆိုတာ ရှိလို့ ဒီဘဝဆိုတာလည်း ရှိနေတာမဟုတ်လား၊ ပြီးတော့ ဒီနေ့ထိ အသက်ရှင်နေသေးတဲ့ ဖိုးအားမှူးကိုယ်တိုင်က ကိုကိုနဲ့သိမ့်ကို သိနေ တာလေ"

"အဟွန်း…ဒါတွေက ဟိုဂီတသမား မင်းသက်မောင်ရဲ့ လက်ချက်တွေပါ သိမ့်ရယ်၊ ဘာတဲ့ သူကလည်း အရင်ဘဝက သိမ့်ရဲ့လူတဲ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ခပ်မဲ့မဲ့ ကိုကို၏အမေးကြောင့် သူမ မခံချင်စိတ်လေး ဖြစ်သွားသည်။ ကိုကိုကြီးဘဝတုန်းကလည်း ဒီလိုပဲ သူလိုချင်တာ၊ ဖြစ်ချင်တာသာ သိခဲ့တဲ့ ကိုကိုပဲ။

"ဟုတ်တယ် ကိုကို၊ ကိုမင်းသက်မောင်ဟာ အရင်ဘဝ က သိမ့်နဲ့မဆုံလိုက်ရတဲ့ သိမ့်ရဲ့ချစ်သူ"

"ဘာ…ဘာပြောတယ် သိမ့်၊ ကိုမင်းသက်မောင်က မင်းရဲ့ချစ်သူ ဟုတ်လား၊ မင်းရူးနေပြီလား သိမ့်"

ကိုကိုက လုံးဝန်းကျစ်လစ်သော သူမပခုံးလေးနှစ်ဖက်ကို လှုပ်ကိုင်ကာ မေးသည်။

သူမ နှုတ်ခမ်းလေးတင်းတင်းစေ့ကာ ကိုကို့ကို ကြည့်၏။ သူမစိတ်ထဲ ဘယ်လိုအင်အားတွေ ဖြစ်ပေါ်လာတယ်မသိ။

"ဟုတ်တယ်ကိုကို၊ ကိုကို့ကြောင့် မဆုံလိုက်ရတဲ့ သိမ့်ရဲ့ ချစ်သူ ကိုမင်းနိုင်ပါ"

"မဟုတ်ဘူး…လုံးဝမဟုတ်ဘူး သိမ့်၊ မင်းဟာ ဒီနေ့ ခေတ်ပညာတတ်တစ်ယောက် ဖြစ်လျက်နဲ့ ဒါမျိုးတွေ ဘာကြောင့် ယုံကြည်နေရတာလဲဟင် သိမ့်"

ကိုကိုသည် မေးရင်း စိတ်ထဲမှာလည်း ကြေကွဲသလို ခံစားလာရ၏။ သူရန်ကုန်သွားနေစဉ်ခဏ သိမ့် ဒီလောက်ပြောင်း





လဲတာ အံ့သြစရာ။

"သိမ့်လည်း မယုံချင်ပါဘူး ကိုကို၊ ဒါပေမယ့် မောင်နဲ့ အိပ်မက်ဟာ သိမ့်အတွက် မကြာခဏ မက်ခဲ့ရတာပါ၊ ရဲတိုက်နဲ့ ဖိုးအားမှူးကိုတွေ့တော့ သိမ့်ရဲ့ဘဝဟောင်းက အတိတ်တွေ အလိုလို ပြန်ရောက်ခဲ့တယ်လေ"

"ဟင်"

"သိမ့်…သိမ့်ကို ခွင့်လွှတ်ပါကိုကို"

သူမသည် ကြေကွဲစွာ တစ်ချက်ရှိုက်ရင်း ပြောလိုက်၏။ ကိုကို ခေါင်းခါယမ်းသည်။

"ကိုကို ဘာမှမပြောချင်ဘူး သိမ့်၊ ကိုကိုတို့ ရန်ကုန်ကို အမြန်ဆုံးပြန်ကြမယ်"

"ဟင့်အင်း…သိမ့် မပြန်ဘူး ကိုကို"

"ဘာ"

ရုတ်တရက် သူမငြင်းဆိုမှုကြောင့် ကိုကို့မျက်နှာ တင်းသွား၏။

"သိမ့်…ဒီမှာ မင်းဘာတွေဖြစ်ခဲ့တယ်ဆိုတာ ကိုကို စိတ်မဝင်စားဘူး၊ ကိုကိုသိတာက ရန်ကုန်ပြန်ပြီး ကိုကိုနဲ့မင်း အမြန် ဆုံးလက်ထပ်ကြဖို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



''အို…ဟင့်အင်း…ဟင့်အင်း ကိုကိုနဲ့သိမ့် လက်မထပ်နိုင်ဘူး''

''ဘာ…ဘာပြောလိုက်တယ် သိမ့်''

သည်တစ်ခါ ကိုကို အတော်တုန်လှုပ်သွားလေ၏။ သူမက မျက်ရည်တွေစီးကျလာသည်။

''အရင်ဘဝတုန်းကလည်း ကိုကိုကြောင့် သိမ့်တို့ချစ်သူနှစ်ဦး ကွဲခဲ့ရပါပြီ၊ ဒီ…ဒီဘဝတော့ မောင်နဲ့သိမ့်တို့ ချစ်သူနှစ်ဦး ကိုကို့ ကြောင့် မကွဲပါရစေနဲ့တော့''

ကိုကိုသည် သူမကို လွန်စွာစိတ်ပျက်သလိုကြည့်ပြီး ခေါင်းခါယမ်း၏။

''ဆိုလိုတာက မင်းနဲ့ မင်းသက်မောင်တို့ ချစ်နေကြပြီလို့ ပြောတာလား သိမ့်''

သူမ ဘာမှမပြောဘဲ ငြိမ်နေ၏။ ကိုကိုက သက်ပြင်းချသည်။

''ဘယ်လိုဖြစ်ရတာလဲ သိမ့်ရယ်၊ တကယ်ဆို သိမ့်ဟာ ဂုဏ်သိက္ခာရှိတဲ့ မိန်းကလေးပါ၊ ဒီလို မိန်းကလေးတစ်ယောက်က ကိုယ့်ခင်ပွန်းလောင်း ကွယ်ရာနောက်မှာ တခြားယောကျ်ားတစ်ဦးနဲ့ ဖောက်ပြားတယ်ဆိုတော့''





''အို…တော်ပါတော့ ကိုကို၊ မောင်ဟာ သိမ့်အတွက် တခြားယောကျ်ားမဟုတ်ဘူး၊ ဒါကြောင့် ကိုကိုပြောသလို သိမ့်ဟာ ဂုဏ်သိက္ခာမဲ့တဲ့ မိန်းကလေး ဖြစ်ချင်ဖြစ်ပါစေတော့''

ကံကောင်း၍ ဒီဘဝမှာ ပြန်ဆုံရတဲ့ မောင်နှင့် ဒီတစ်ခါ လွဲရလျှင် သူမသည် သံသရာတစ်လျှောက်လုံး ကြေကွဲငိုရှိုက်နေရမည်ထင်။

''မင်းရူးနေပြီ သိမ့်၊ မင်းသက်မောင်လည်း ရူးနေပြီ၊ ဒါပေမယ့် မင်းတို့ရူးသလို ကိုကိုမရူးဘူး၊ ဒါကြောင့် ကိုကိုချစ်တဲ့ မင်းကို မင်းသက်မောင်လက်ထဲ မထည့်နိုင်ဘူး''

ပြတ်သားစွာ ကိုကိုပြောတော့ သူမ အံ့လေးကြိတ်ကာ ကြည့်၏။ အရင်ဘဝကလည်း သူမအပေါ် ကိုကို ဒီလိုအနိုင်ယူခဲ့တာပဲလေ။

''ကိုကိုဟာ အရင်ဘဝတုန်းကလည်း သိမ့်တို့ချစ်သူနှစ်ဦးကို ကွဲခဲ့တယ်၊ ဒီဘဝမှာလည်း ခွဲဖို့စဉ်းစားတယ်ပေါ့''

''အရင်ဘဝတွေ၊ ဘာတွေ ကိုကိုမသိဘူး သိမ့်၊ ဒီဘဝမှာတော့ လူကြီးမိဘတွေရှေ့မှာကော သူငယ်ချင်းမိတ်ဆွေတွေ ရှေ့မှာပါ ကိုကိုနဲ့သိမ့်ကို လက်ထပ်ကြမယ့် လူတွေအဖြစ် အားလုံးသိထားပြီးပြီ၊ ဒါကြောင့် ကိုကို့ဂုဏ်သိက္ခာကို အထိခိုက်မခံနိုင်ဘူး သိမ့်''



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့မျက်နှာက တကယ်ပြောနေမှန်း သိသာ၏။ တကယ်တော့ ဒီဘဝမှာ ကိုကိုနှင့်သူမ လက်ထပ်ဖို့ အားလုံးသိမှတ်ထားသည်ပဲ။

"ကောင်းပါလေ့ ကိုကို၊ ဘဝတိုင်းမှာ ကိုကိုတစ်ယောက် စိတ်ချမ်းသာဖို့ပဲ ကြည့်ခဲ့တာကိုး"

"သိမ့်ရယ်...မင်းသက်မောင်ကြောင့် သိမ့် ဒီလိုပြောင်းသွားတာ ကိုကိုရင်နာတယ်၊ အမှန်ဆို ကိုကိုနဲ့သိမ့်ဟာ သိပ်ချစ်ကြတဲ့ ချစ်သူနှစ်ဦးပါကွာ"

ကြင်နာသော မျက်လုံးများဖြင့် သူမကိုကြည့်ပြီး ကိုကို ရင်နာစွာပြောသည်။

အရင်တုန်းက ကိုကို့ကို ချစ်သလိုထင်ခဲ့တာ သူမအမှားပါ။ တကယ်တော့ သူမနှလုံးသားက အချစ်စစ်သည် ဘဝ ဘဝက မောင့်အတွက်သာ ဖြစ်လေ၏။

"ကိုကိုဟာ...ကျွန်မရဲ့ အချစ်စစ် မဟုတ်ဘူး"

"ဘာ...ဘာပြောလိုက်တယ် သိမ့်"

နီမြန်းသောမျက်နှာဖြင့် ကိုကိုမေးသည်။

"ဘဝရေစက်ဆိုတာကို ယုံပါ ကိုကို၊ ဒီဘဝမှာ ကိုကိုနဲ့ သိမ့်တို့ ရေစက်မပါပါဘူး"





"ဘာကြောင့် မပါရမှာလဲ သိမ့်၊ ကိုယ့်အတွက်တော့ သိမ့်နဲ့သာ ရေစက်ပါတယ်၊ သိမ့်ကိုပဲ လက်ထပ်မယ်"

သည်တော့ သူမ ခေါင်းအသာခါယမ်း၏။ ထို့နောက် ကိုကို့ကို ကရုဏာသက်စွာ ကြည့်သည်။

မောင်နှင့်တွေ့ပြီးချိန်မှစကာ သူမ၏နှလုံးသားမှာ ကိုကိုသည် ထူးဆန်းစွာ ပျောက်ဆုံးခဲ့ပြီ။

"တော်ပေါ်ဘုရားမှာတုန်းက ယောဂီကြီးတစ်ဦးကို မှတ်မိတယ်မဟုတ်လား ကိုကို၊ ကိုကိုနဲ့သိမ့် လက်မထပ်ဖြစ်နိုင်ဘူးဆိုတာလေ၊ အဲဒီလိုဖြစ်ရတာလည်း သိမ့်ကြောင့်ဆိုတာလေ"

"ကိုယ် အဲဒါတွေကို မယုံဘူး"

"လောကမှာ ယုံသင့်တဲ့အရာတွေကိုလည်း ယုံရမယ် ကိုကို၊ တကယ်လို့ ကိုကိုနဲ့ သိမ့် လက်ထပ်ဖြစ်ခဲ့ရင်လည်း သိမ့်တို့ အိမ်ထောင်ရေးဟာ ဘယ်လိုနည်းနဲ့မှ မသာယာနိုင်ပါဘူး ကိုကိုရယ်"

"တော်တော့ သိမ့်၊ အဓိပ္ပါယ်မရှိတာတွေ မပြောနဲ့"

ကိုကိုက အရူးတစ်ယောက်လိုအော်လေ၏။ လောကမှာ အသေချာဆုံးကိစ္စတစ်ခုဟာ ဘာကြောင့်များ လွဲချော်ရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com

"မောင်ကိုကိုနဲ့ သိမ့်တို့ရဲ့ လက်ထပ်ဖို့ပေးထားတဲ့ ကတိကို သိမ့်ဘက်က စပြီးဖျက်ပါရစေ ဟုတ်လား"

ညှိခန်းမှာ လူစုံရှိနေပါသည်။ ဦးဦး၊ ဒေါ်ဒေါ်နှင့်အတူ ကိုကိုသည် အံကြိတ်ကာ ထိုင်နေ၏။ လူကြီးတွေရှေ့မှာပဲ မျက်ရည်များကျရင်း...

"ကိုကိုနဲ့သိမ့်တို့ လက်ထပ်ဖို့ကို သိမ့်ဘက်မှ စပြီးဖျက်သိမ်းပါရစေ"

ဟု ပြောလိုက်ခြင်းဖြစ်သည်။ ဦးဦးနှင့် ဒေါ်ဒေါ် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဒေါ်ဒေါ်မှ သူမကို ပြန်မေးလာခြင်းဖြစ်၏။

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ဒေါ်ဒေါ်ကိုယ်တိုင်လည်း အဘဖိုးအားမူးကတစ်ဆင့် သိမ့်တို့ရဲ့ ဘ၀ဟောင်းက အဖြစ်အပျက်



www.burmeseclassic.com

www.burmeseclassic.com



ကို ကြားခဲ့ပြီးပါပြီ၊ ဒီဘဝမှာတော့ ကိုကိုကြောင့် မောင်နဲ့ သိမ့်တို့နှစ်ယောက် ထပ်ပြီး မဝေးပါရစေနဲ့တော့ရှင်''

စကားအဆုံး သူမက ဝမ်းနည်းစွာ ငိုရှိုက်လိုက်မိ၏။ ဦးဦးနှင့်ဒေါ်ဒေါ် သက်ပြင်းချသည်။ ကိုကိုက မျက်နှာပျက်လျက် ခေါင်းခါ၏။

''ဒါဟာ…လုံးဝအဓိပ္ပါယ်မရှိဘူး ဒေါ်ဒေါ်၊ ကျွန်တော်တို့ဟာ ဒီနေ့ခေတ် လူသားတွေပါ၊ ဒါကြောင့် ဒီနေ့ရဲ့ အဖြစ်အပျက်တို့ပဲ စဉ်းစားဆုံးဖြတ်သင့်ပါတယ်၊ သိမ့်ကို ကျွန်တော် ဘယ်နည်းနဲ့မှ လက်လွှတ်မခံနိုင်ပါဘူး ဦးနဲ့ဒေါ်ဒေါ်''

ကိုကို၏စကားကြောင့် သူမ ခေါင်းလေး မတ်ခနဲဖြစ်သွားသည်။ ဦးဦးနှင့် ဒေါ်ဒေါ်မှာ ကိုယ်စီ မျက်နှာမကောင်းဖြစ်လျက်…

''ဦးဦးတို့ အနေနဲ့ကလည်း ပြောရရင် အစကတည်းက မောင်ကိုကိုနဲ့သာ သိမ့်ကို သဘောတူခဲ့တာပါ၊ သိမ့်ကိုယ်တိုင်ကလည်း မောင်ကိုကိုကို ရွေးချယ်ခဲ့တာပဲလေ၊ ဒါကြောင့် ဦးဦးတို့ ပြောချင်တာကတော့ မင်းသက်မောင် အပါအဝင် ဒီကအဖြစ်အပျက်တွေကို မေ့လိုက်ပြီး သိမ့်က မောင်ကိုကိုနဲ့ ပြန်လိုက်သွားစေချင်တယ်ကွယ်''

''ရှင်''





မထင်မှတ်သော ဦးဦး၏စကားကြောင့် သိမ့်၏ မျက်ရည်တို့ တိတ်သွားရသည်။ ကိုကိုက အောင်နိုင်သူတစ်ယောက်လို ပြုံး၏။

''ကဲ…ကြားတယ်မဟုတ်လား သိမ့်၊ ဦးဦးက ကိုကိုနဲ့ပဲ သိမ့်ကို ပြန်လိုက်စေချင်တယ်တဲ့''

ကိုကိုပြောပြီးချိန်မှာပဲ-

''ဟုတ်ပါတယ် သိမ့်၊ ဒေါ်ဒေါ်အနေနဲ့လည်း မောင်ကိုကိုနဲ့ လက်ထပ်ဖို့ ပေးထားတဲ့ သိမ့်ရဲ့ကတိကို မပျက်စေချင်ဘူး၊ သိမ့်ကို ကတိတစ်လုံး တန်ဖိုးထားတဲ့ မိန်းကလေးမျိုး ဖြစ်စေချင်တယ်''

''အို''

ဒေါ်ဒေါ်ကလည်း ကိုကိုနှင့် တိုက်တွန်းလေပြီ။ သိမ့်အဖို့ ဘုရာမဲ့သူတစ်ယောက်လို မောင်နှင့်ဝေးရမည့်အရေး တွေးကာ ဝမ်းနည်းစွာ ရှိုက်ငိုလိုက်မိ၏။

''အဟင့်…ဟင့် မောင်ရယ် ဒီဘဝမှာလည်း ကျွန်မတို့ ထပ်ဝေးရပါပြီကွယ်''

သူမစိတ်ထဲမှ တစ်ယောက်တည်း ကြေကွဲစွာ ရေရွတ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်လည်း ဝမ်းနည်းမနေပါနဲ့ သိမ့်ရယ်၊ တကယ်တော့ ဒီကအဖြစ်အပျက်တွေဟာ သိမ့်အတွက် အိပ်မက်တစ်ခုပါ။ ကိုကိုလေ သိမ့်ကို တစ်သက်လုံး စိတ်ချမ်းသာအောင် ထားပါ့မယ်ကွယ်"

ငိုရှိုက်နေသော သူမပခုံးလေးကို နှစ်သိမ့်ကာ ကိုကို နှစ်သိမ့်၏။

"သိမ့်...သိမ့် ကိုကို့ကို အရှုံးပေးလိုက်ပါပြီ"

ကိုကို့ရင်ခွင်ထဲ တိုးဝင်ငိုရှိုက်ရင်း သူမပြောလိုက်၏။ သည်ဘဝမှာ မောင့်ထက် သူမအနေဖြင့် သစ္စာရှိသော၊ ကတိတည်သောမိန်းကလေးတစ်ယောက်အဖြစ် တည်ရှိရမည်မဟုတ်လား။

"သိမ့် အရှုံးပေးတယ်မပြောပါနဲ့ကွယ်၊ ကိုကိုလေ သိမ့်အပေါ် ဘယ်တုန်းကမှ အနိုင်မယူခဲ့သူပါဗျာ"

"ဘာကြောင့် အနိုင်မယူရမှာလဲ ဦးကိုကို၊ ခင်ဗျားဟာ ဘဝတိုင်းမှာ ကျွန်တော်နဲ့သိမ့်ကို အနိုင်ယူခဲ့သူပဲ"

"ဟင်...မောင်"

"မင်းသက်မောင်"

မမျှော်လင့်ဘဲ ရောက်လာတာက မင်းသက်မောင် အားလုံး အံ့အားသင့်စွာ ကြည့်နေစဉ် မင်းသက်မောင်က...



"အရှင်ဘုရား...ကြွပါ"

ဟု နောက်သို့လှည့်၍ လျှောက်တင်တာမို့ သူမတို့ကြည့်လိုက်တော့ ဖိုးအားမူးနှင့် အတူဝင်လာတာက သက်တော်ရှည်ဘုန်းကြီးတစ်ပါး ဖြစ်လေ၏။

အသက်အားဖြင့် ကိုးဆယ်ဝန်းကျင်ရှိ အဝါရောင်သင်္ကန်းဖြင့် ကြည်ညိုဖွယ် ဘုန်းကြီးမှာ ကျန်းမာရေးကောင်းမွန်ကာ အသားအရေ စိုပြေတုန်းပင်။

ထိုဘုန်းကြီးကို တွေ့ရခိုက်...

"အို...ခ...ခမည်းတော်ဘုရား"

"ဦးရီးတော်"

သိမ့်က အံ့သြကြေကွဲစွာ ခေါ်လိုက်သလို ကိုကို၏နှုတ်များမှလည်း ဦးရီးတော်ဟု ဆန်းကြယ်စွာ ခေါ်လိုက်မိသည်။

"အရှင်ဘုရား...ကြွပါ"

ဦးဦးနှင့် ဒေါ်ဒေါ်တို့ကလည်း လက်အုပ်ချီလျက် ဆရာတော်ကို ပင့်ဖိတ်သည်။

ဆရာတော်က ခေါင်းတညိတ်ညိတ်ဖြင့် ခေါင်းရင်းမှာ ဝင်ထိုင်၏။

"အင်း...နောက်ဆုံးမှာတော့ ဘဝဟောင်းက သံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဘဝသစ်မှာ ပြန်ဆုံကြရတာပါပဲလားကွယ်''

ဆရာတော်၏ အမိန့်စကားကို ညွှန်ခန်းထဲရှိ လူအားလုံး ကြမ်းပြင်မှာ ဒူးတုပ်ထိုင်လျက် ငြိမ်သက်စွာ နားထောင်နေကြသည်။

''ဆရာတော်ကတော့ ယောဒိုဒကာမလေးရဲ့ ဘဝဟောင်းက ခမည်းတော်ပဲ''

ဖိုးအားမှူးက ဆရာတော်နှင့် ညွှန်ခန်းရှိလူများကို မိတ်ဆက် ပေးလိုက်၏။

''ဟင်''

''အို''

အံ့သြစရာကောင်းစွာ ရုပ်ချင်းတူနေသော ဆရာတော်နှင့် သိမ့်တို့ကို ဦးဦး၊ ဒေါ်ဒေါ် အပါအဝင် အားလုံးတစ်လှည့်စီ ကြည့်၏။

ကြည့်စမ်း...တကယ်ပဲ ဘဝဟောင်းက ဖခင်နှင့် ဘဝသစ်က သမီးတို့ ရုပ်ချင်းလာတူနေပါလား။

''အဟင့်...ဟင့် ခမည်းတော်၊ ခမည်းတော်ဘုရားရယ် သမီးတော်ကြောင့် ဟိုဘဝမှာ စိတ်ဆင်းရဲခဲ့ရမှာပဲနော်''

မျက်ရည်များ တွေတွေစီးကျရင်း သိမ့်ပြောသည်။ ဆရာတော်က တည်ငြိမ်စွာပင် သိမ့်ကိုကြည့်၏။





''ဘုန်းကြီးစိတ်ဆင်းရဲခဲ့ရတာဟာ ဘုန်းကြီးကြောင့် ဒကာ မလေး အသက်ဆုံးပါးခဲ့ရတယ်ဆိုတဲ့ နောင်တကြောင့် ဒီလိုတရားဘောင်ထဲကို အပြီးတိုင် ဝင်ရောက်ခဲ့တာပဲ ဒကာမ လေး''

''ဟုတ်ပါတယ် သခင်မလေး၊ သခင်ကြီးဟာ သခင်မ လေးဆုံးပြီးချိန်မှာ အင်မတန် နောင်တရကြေကွဲပြီး တရားဘောင်ထဲ ဝင်ရောက်သွားခဲ့တာ ယနေ့ချိန်ထိ သက်တော်ရှည်စွာ နေလျှားခဲ့ တာပါပဲ''

ဆရာတော်နှင့်အတူ ဖိုးအားမှူးလည်း ဝင်ရောက်ရှင်းပြ လေ၏။

''မငိုပါနဲ့တော့ ဒကာမလေး၊ ဘဝပေါင်းများစွာမှာ ဒကာ မလေး ငိုခဲ့တာတွေ များလှပါပြီ၊ ဘုန်းကြီးမပျံလွန်တော်မူခင်မှာ ဒကာမလေးကို ဘဝသစ်မှာ ပြန်လည်ဆုံရတဲ့အတွက် ကျေနပ်သွား ပါပြီလေ''

''သမီးတော်လည်း ဘုန်းဘုရားကို ဖူးတွေ့ခွင့်ရတာ ဝမ်းသာလှပါတယ်ဘုရား''

လက်အုပ်မိုးလျက် သူမရှိုက်ကာ ပြောသည်။ အားလုံး ကို သားအဖနှစ်ဦးအတွက် ဝမ်းသာဝမ်းနည်း ဖြစ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကိုကိုကြီး"

"ဘုရား"

ကိုကို့ထံသို့ ကြည့်၍ ဆရာတော်ခေါ်လိုက်ခြင်းပါ။ ယခု တော့ ကိုကိုသည်လည်း ဆရာတော်ကို ဖူးမြင်ခိုက်မှာ ရင်ထဲလှိုက်လှဲ ကြေကွဲဝမ်းနည်း ခံစားလာရသည်။

သေချာတာကတော့ ဒီဘဝမှာ ပထမဆုံးသာ ဖူးမိသည့် ဆရာတော်ဟာ ကိုကို့စိတ်ထဲ ကျွမ်းဝင်ရင်းနှီးပြီးသား ပုဂ္ဂိုလ် တစ်ယောက် ဖြစ်နေခြင်းပင်။

"ဘဝဆိုတာဟာ သမုဒယကြောင့် ဖြစ်နေရတာတွေပါ ဒကာလေး ဒါကြောင့် သမုဒယနှောင်အိမ်ဖြစ်တဲ့ လူ့ဘဝမှာ တစ်ယောက်နဲ့တစ်ယောက် ဆုံတွေ့ခွင့်ရတာဟာလည်း ဘဝရေစက် ကြောင့်ပါ၊ ဒကာလေးနဲ့ ဒကာမလေးတို့ဟာ ဘဝရေစက်မပါခဲ့သေး တော့ အရင်ဘဝမှာလည်း မဆုံစည်းခဲ့ရပါဘူး၊ ကြေကွဲခြင်းတွေနဲ့ အဆုံးသတ်ခဲ့ကြရတယ် မဟုတ်လားကွယ်"

ဆရာတော် မိန့်ကြားသမျှ ကိုကိုအပါအဝင် အားလုံး ငြိမ်သက်စွာ နားထောင်နေကြ၏။

"ဒါကြောင့် ဒီဘဝမှာလည်း ကြေကွဲခြင်းတွေ မဖြစ်စေ တော့ဘဲ ဘဝရေစက်ရှိတဲ့ ယောဒီက ဒကာလေး မင်းသက်မောင်





နဲ့ ဒကာမလေးတို့ကို အေးချမ်းစွာ ဆုံစည်းခွင့်ပေးလိုက်ပါတော့ လို့ ဘုန်းကြီး မေတ္တာရပ်ခံပါတယ် ဒကာလေး"

ဆရာတော်၏ မိန့်ကြားမှုအဆုံး ကိုကိုတစ်ယောက် မျက်ရည်တို့ ရစ်ဝဲလျက် ရင်ထဲလှိုက်လှဲစွာ ခံစားရလေ၏။ သည်နေ ရာမှာ မိန်းမသားတစ်ယောက်ဆို ကိုကို ငိုမိမှာပါပဲ။ ဒါပေမယ့် ကိုကိုဟာ ယောကျ်ားလေ။

အတန်ကြာမှ ဆရာတော်ကို တည်ငြိမ်သောမျက်နှာဖြင့် မော်ဖူးလာ၏။

"တပည့်တော် နားလည်ပါပြီဘုရား၊ အရှင်ဘုရားကို ဖူးရတဲ့အခိုက်မှာ တပည့်တော်စိတ်ထဲ အလိုလို တစ်စုံတစ်ရာကို သိနားလည်နေခဲ့ပါတယ်ဘုရား၊ ဒီဘဝမှာ တပည့်တော်ဟာ ကိုယ့် ကြောင့် ဘယ်သူ့မှ မထိခိုက်စေရဖို့ ကောင်းမှုကိုသာ အမြဲလုပ်နိုင် ဖို့ ရည်စူးခဲ့ပြီးသားပါ ဘုရား၊ အရှင်ဘုရားရဲ့ ဆုံးမမှုကို တပည့် တော် ခံယူပါတယ်ဘုရား၊ ဒါကြောင့် ကိုမင်းသက်မောင်နဲ့ သိမ့် တို့ကို တပည့်တော် နားလည်ပေးလိုက်ပါပြီဘုရား"

"အို"

"ဟာ"

ကိုကို၏စကားအဆုံး အားလုံးဝမ်းသာသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အတူးသဖြင့် ကာယကံရှင်ဖြစ်တဲ့ မင်းသက်မောင်နှင့် သိမ့်တို့ ဖြစ်၏။

တစ်ယောက်နှင့်တစ်ယောက် ဝမ်းသာစွာကြည့်ဖြစ်သည်။

"ဒကာလေး မင်းသက်မောင်နဲ့ ဒကာမလေးတို့လည်း ဒီဘဝမှာ အတူလက်တွဲရင်း လောကီလောကုတ္တရာ နှစ်ဖြာအတွက် ကောင်းကျိုးချမ်းသာဖြစ်အောင် ကြိုးစားကြဖို့ ဘုန်းကြီးမိန့်မှာချင်တယ်"

"အရှင်ဘုရားစကားကို တပည့်တော်တို့ ကောင်းစွာနာယူမှတ်သားပါ့မယ် ဘုရား"

"သာဓု...သာဓု...သာဓု"

ထို့နောက် ဘုန်းကြီးက ပြန်ကြွသွားလေ၏။ ဖိုးအားမှူးလည်း လိုက်ပါသွားသည်။ ကျန်ခဲ့သူများက လက်အုပ်ချီလျက်။



"ကိုမင်းသက်မောင်"

"ပြောပါ...ဦးကိုကို"

ယခုတော့ ယောကျ်ားသားနှစ်ဦး၏ ရင်ထဲမှာ ကြည်လင်မှုတွေသာရှိသည်။

"ကျွန်တော်တို့နှစ်ယောက်ကြားမှာ အထင်လွဲမှုတွေ၊ မကျေနပ်မှုတွေ၊ အငြိုးအာဃာတတွေ ရှိခဲ့တယ်ဆိုရင် ကျွန်တော်ကပဲ စတင်ချေဖျက်ပြီး တောင်းပန်ပါရစေဗျာ"

ကိုကိုက မင်းသက်မောင်လက်ကို ဆွဲယူ၍ လှိုက်လှဲစွာ တောင်းပန်လေ၏။ ထိုအခါ မင်းသက်မောင်သည်လည်း ကိုကို့အပေါ် အားနာတောင်းပန်စွာ ကြည့်လျက်...

"မဟုတ်တာ ဦးကိုကိုရယ်၊ ကျွန်တော်ကသာ ဦးကိုကို



www.burmeseclassic.com

www.burmeseclassic.com



ကို တောင်းပန်ရမှာပါခင်ဗျာ၊ ကျွန်တော့်အနေနဲ့ ဦးကိုကိုအပေါ် မှားခဲ့တာတွေရှိရင် အထူးခွင့်လွှတ်ပေးစေချင်ပါတယ်''

''ဒါ တောင်းပန်စရာမဟုတ်ပါဘူးဗျာ၊ ပြောရရင် ကိုမင်းသက်မောင်အနေနဲ့ ကျွန်တော့်အပေါ် ဘယ်တော့မှ မကျူးလွန်ခဲ့ပါဘူး၊ ဒါကြောင့် ကိုမင်းသက်မောင်ကို ကျွန်တော့်ဘက်က ခွင့်မလွှတ် စရာမရှိပါဘူးဗျာ''

နောင်တတရားတွေ ရနေပြီဖြစ်သော ကိုကိုသည် အထူးနူးညံ့သိမ်မွေ့လျက် အပြုံးဖြင့် မင်းသက်မောင်ကို ပြော၏။

ထို့အတူ...

မင်းသက်မောင်သည်လည်း ပြည့်ဝသောစိတ်ဓာတ်၊ သိမ်မွေ့နူးညံ့မှုတို့ဖြင့် ကိုကိုအား ကြည့်သည်။

''ဒီဘဝမှာ ကျွန်တော်တို့သုံးယောက်ဟာ အကောင်းဆုံးမိတ်ဆွေတွေအဖြစ် နေသွားကြပါစို့ ကိုကို''

''အဟွန်း...ဒါပေါ့ဗျာ၊ ကိုမင်းသက်မောင်နဲ့ သိမ့်တို့ဟာ နောင်ဘဝက ကျွန်တော့်ညီနဲ့ညီမတွေလည်း ဖြစ်နိုင်တာပဲလေ၊ ဒါကြောင့် ဒီဘဝမှာလည်း ကိုမင်းသက်မောင်နဲ့ သိမ့်ဟာ ဒီဘဝမှာလည်း ကျွန်တော့်ညီလေးနဲ့ ညီမလေးပါပဲဗျာ''

ထိုစဉ် သူတို့နားသို့ သိမ့် ရောက်လာ၏။ ကိုကိုနှင့်





မင်းသက်မောင်တို့ ပြိုင်တူလှည့်ကြည့်သည်။

''ကိုကို''

''သိမ့်''

သိမ့်က တောင်းပန်သောမျက်ဝန်းလေးများဖြင့် ကိုကို့ကို ကြည့်သည်။

''သိမ့်ကို ခွင့်လွှတ်ပါ ကိုကို''

''အဟွန်း...ဒါပြောစရာ မလိုတော့ပါဘူးဗျာ၊ သိမ့်က ကိုယ့်ညီမလေးပဲ၊ ခွင့်မလွှတ်နိုင်စရာ မရှိပါဘူး''

''အို...ကိုကိုရယ်''

ကိုကို၏ ခွင့်လွှတ်နားလည်ပေးမှုကြောင့် သိမ့်ရင်ထဲ ဝမ်းသာရလေသည်။

''ကိုမင်းသက်မောင်''

''ဗျာ...ကိုကို''

''ဟောဒီက ကျွန်တော့်ညီမလေးကို ကိုမင်းသက်မောင် လက်ထဲ စိတ်ချယုံကြည်စွာ အပ်ထားခဲ့ပြီဗျာ''

သိမ့်၏လက်လေးကို ဆွဲယူလျက် မင်းသက်မောင်လက်ထဲသို့ ကိုကိုကိုယ်တိုင် ထည့်ပေးလေသည်။

''စိတ်ချပါ ကိုကို၊ ကျွန်တော်တစ်သက် အသက်ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာအောင် ထားပါ့မယ်လို့ ကတိပေးပါတယ်ဗျာ”

“ဒီစကားကြားရတာ ကိုယ် ဝမ်းသာတယ်ဗျာ၊ ကဲ သိမ့်ညီမလေး”

“ရှင်…ကိုကို”

“ရန်ကုန်ပြန်ရောက်ရင် ဟောဒီက ညီလေး မင်းသက်မောင်နဲ့အတူ ကိုကို့ဆီ ညီမလေးတို့ အတူလာခဲ့နော်၊ မင်းတို့အတွက် ကိုကို အကောင်းဆုံး လက်ဖွဲ့ပေးချင်တယ်ကွယ်”

“ကိုကိုရယ်…စိတ်ချပါရှင်၊ သိမ့်တစ်သက် ကိုကို့ကို အမြဲကျေးဇူးတင်နေပါ့မယ်ရှင်”

“အဟွန်း…ဟွန်း မလိုပါဘူးဗျာ၊ ကဲ ကိုကို သွားပြီ”

ကားပေါ်သို့ ကိုကိုတက်လိုက်၏။ မင်းသက်မောင်နှင့် သိမ့်တို့က လက်ကွဲလျှက် ရပ်နေကြသည်။

“ကဲ…ညီလေးနဲ့ညီမလေးရေ မင်းတို့နှစ်ယောက် အေးချမ်းစွာနေရစ်ပေတော့”

“ကိုကိုလည်း လမ်းခရီးမှာ ဖြောင့်ဖြူးပါစေ”

ကိုကို့ကားလေး အဝေးရောက်သွားသည်အထိ မင်းသက်မောင်နှင့် သိမ့်တို့က လက်ပြကျန်ရစ်လေ၏။

“အသက်”





“မောင်”

ကိုကိုကား မြင်ကွင်းမှပျောက်သွားတော့ မင်းသက်မောင်သည် နူးညံ့စွာခေါ်လျက် သူမကိုယ်လေးကို အသာထွေးပွေ့ယူလိုက်၏။

“နောက်ဆုံးတော့ မောင်တို့နှစ်ယောက် ခုလိုပေါင်းဆုံကြရတာဟာ မောင်တို့ရဲ့ ဘဝဘဝကခိုင်မြဲတဲ့ အချစ်နဲ့သစ္စာကြောင့်ပဲဗျာ”

“ဟုတ်တယ်နော် မောင်၊ ဒီဘဝမှာသာ မောင်နဲ့ထပ်ခွဲရရင် အသက်လေ ထပ်သေရမှာပါပဲရှင်”

“ရှူး…တော်ပြီ အသက်ရယ်၊ ဒီစကားတွေ မပြောပါနဲ့တော့၊ မောင်တို့ရဲ့ မှန်ကန်တဲ့အချစ်၊ မှန်ကန်တဲ့သစ္စာကြောင့် ပြန်ဆုံကြပြီပဲ၊ ဒီဘဝမှာ မောင်နဲ့အသက် ပျော်ပျော်ရွှင်ရွှင် နေထိုင်သွားကြဖို့ပဲ ရှိတော့တယ်ဗျ”

ဖြူနုသော သူမ၏နဖူးလေးကို အသာနမ်းရှိုက်ရင်း သူပြောသည်။

“မောင်နဲ့ဆုံရပြီးနောက် အသက်ဘဝမှာ သောကဆိုတာ ရှိတော့ပါဘူးကွယ်”

“သြော်…အသက်ရယ်၊ မောင်လည်း အသက်လိုပါပဲ အချစ်ရယ်”



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရယ်"

ယခုတော့လည်း အေးမြသော စမ်းရေစီးသံသည်ဝင် သူတို့အတွက် သာယာသော တေးဂီတသံတစ်ခုနှယ် ပန်းပေါင်းခိုံ တို့၏ရနံ့က အချစ်တို့ဖြင့် ထုံသင်းမွှေးပျံ့နေလေတော့၏။

နှလုံးစိတ်ဝမ်းငြိမ်းချမ်းပါစေ . . .

ဆုအဥ္စလီ

BURMESE CLASSIC .com



www.burmeseclassic.com